# ပါရမီ

ပါရဂူ



# ပါရမီ

## ပါရဂူ

ဖြန့်ချိရေး
မျိုးဆက်သစ်စာပေ
အမှတ်(၁၈၂/၂၀၂)၊ အခန်းအမှတ် (၃၂) (ပထမထပ်)
(၃၄)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၇၃၆၉

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ် -၃၂၀၀၃ ၇၀၁၁၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -၃၂၀၃၀၉၀၆၀၉

မျက်နှာဖုံးပန်းချီ
ကျော်ဖြူစံ

ပုံနှိပ်ခြင်း
ပထမအကြိမ်

အုပ်ရေ
၁၀၀၀

အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးမျိုးမြင့် (၀၆၀၈၉)
ပွင့်သစ်ပုံနှိပ်တိုက်

ထုတ်ဝေသူ
ဦးဝင်းကျော်ထွန်း

ဖလင် - AZ ဖလင်
စာအုပ်ချုပ် - ဝင်းပပ
တန်ဖိုး - ၁၀၀၀ ကျပ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၂၉၄.၃

ပါရမီ

ပါရမီ/ပါရမီ ။ – ရန်ကုန် ၊
မုံရွေးစာပေ ၊ ၂၀၀၉ ။ ဦးဝင်းကျော်ထွန်း (ထုတ်ဝေသူ)
၁၂၀ – စာ ၊ ၁၀.၅ × ၁၆.၆ စင်တီ ။
(၁) ပါရမီ

## မာတိကာ


| | |
|---|---|
| | စာ |
| ၁။ဒါနပါရမီ | ၇ |
| ၂။သီလပါရမီ | ၃၈ |
| ၃။နိက္ခမပါရမီ | ၅၁ |
| ၄။ပညာပါရမီ | ၅၆ |
| ၅။ဝီရိယပါရမီ | ၆၈ |
| ၆။ခန္တီ ပါရမီ | ၇၀ |
| ၇။သစ္စာပါရမီ | ၈၅ |
| ၈။အဓိဋ္ဌာန်ပါရမီ | ၁၀၀ |
| ၉။မေတ္တာပါရမီ | ၁၀၈ |
| ၁၀။ဥပေက္ခာပါရမီ | ၁၁၆ |

# ပါရမီ

ပါရမီသည် ဘုရားအလောင်း ဗောဓိသတ္တကျင့်စဉ်၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ပါရမီ မဖြည့်ဘဲနှင့် ဘုရားအလောင်း ဗောဓိသတ္တသည် ဗုဒ္ဓအဖြစ်မရရှိနိုင်ပေ။ ပါရမီဖြည့်ပြီးသည့်နောက်မှသာ ဘုရားအလောင်းသည် သမ္မာသမ္ဗုဒ္ဓအဖြစ် ရရှိတော်မူခြင်းဖြစ်သည်။[၁] ပါဠိကျမ်းဂန်များ၏ အဆိုအမိန့်အရ ဘုရားအလောင်းသည် ပါရမီဖြည့်ကျင့်ရန်အတွက် ဘဝများစွာ ကုန်ဆုံး ကျော်လွန်ခဲ့ရသည်။ ယင်းဘဝများစွာ၌ ပါရမီလမ်းမပေါ် လျှောက်သွားပြီးလျှင် ဗုဒ္ဓအဖြစ် ရရှိနိုင်မည့် ဂုဏ်ထူးဝိသေသများ လက်ဝယ်ရရှိအောင် ပြုလုပ်ရသည်။

ပါဠိကျမ်းဂန်များ၌ ပါရမီကို ဗုဒ္ဓအဖြစ်သို့ ရောက်ရှိစေသော တရားဓမ္မဖြစ်သည်ဟူ၍လည်း ဖွင့်ဆိုပြောပြထားသည်။[၂]အကြောင်းမူကား ပါရမီသည်သာလျှင် ဗုဒ္ဓ၏နောက်ခံဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ပါရမီကို ဗုဒ္ဓဗိမာန်၏ အခြေခံအုတ်မြစ်ဟူ၍လည်း ပြောဆိုနိုင်သည်။ ပါရမီတည်းဟူသော မြဲမြံ ခိုင်ခံ့သည့် အခြေခံအုတ်မြစ်ပေါ်၌ ရပ်ပြီးမှသာလျှင် ဘုရားအလောင်းသည် သမ္မာသမ္ဗုဒ္ဓဗိမာန်ပေါ် တက်ရခြင်းဖြစ်သည်။

ပါရမီသည်ဗုဒ္ဓအဆင့်အထိ ရောက်အောင်သွားရသော လှေကားဖြစ်သည်။ ဘုရားအလောင်းသည် ပါရမီလှေကားက တက်မှသာလျှင် အမြင့်ဆုံးအထွတ်သို့ ရောက်ရှိနိုင်သည်။

ဗောဓိသတ္တခေါ် ဘုရားအလောင်းတို့သည် ကပ်ကမ္ဘာပေါင်းများစွာ ပါရမီဖြည့်ခဲ့ပြီးသည့် နောက်မှသာ ဗုဒ္ဓအဖြစ် ပွင့်တော်မူလာခြင်းဖြစ်သည်။ [၃]ဇာတ်နိပါတ် ဝတ္ထုများသည် အပြီးသတ်ဘဝတွင် ဂေါတမဗုဒ္ဓဖြစ်လာသော ဘုရားအလောင်း၏ အတိတ်ဘဝများစွာက ပါရမီဖြည့်ခဲ့သော အကြောင်းအရာများဖြစ်ကြသည်။[၄]

ပညာရှင်ပေါင်းများစွာတို့သည် ပါရမီဟူသော ဝေါဟာရစကားလုံး၏ အနက်အဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ဆိုကြသည်။ 'ပရမ'၏ အနက်အဓိပ္ပာယ်မှာ ယောကျ်ားမြတ် (ဗောဓိသတ္တ) ဖြစ်ပြီး 'ပါရမီ'၏ အဓိပ္ပာယ်မှာ ယောကျ်ားမြတ် (ဗောဓိသတ္တ)၏ ဂုဏ်အရည်အချင်း ဖြစ်သည်။ ယင်းအနက်အဓိပ္ပာယ်အရ ဘုရားအလောင်း ဗောဓိသတ္တကို နိဗ္ဗာန်အနီးသို့ ခေါ်ဆောင်သွားတတ်သောကြောင့်

လည်းကောင်း၊ ကိလေသာတရားများကို ဖျက်ဆီးပစ်တတ်သောကြောင့် လည်းကောင်း၊ စိတ်နှလုံးထဲဖွင့် မြင့်မြတ်သော ဂုဏ်ထူးဝိသေသများ ပေါ်ပေါက်လာစေရန်အတွက် အကူအညီအထောက်အပံ့ ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ယင်းကဲ့သို့သော အကြောင်းများကြောင့် ဘုရားအလောင်း၏ ဂုဏ်အရည်အချင်းကို 'ပါရမီ'ဟူ၍ ခေါ်ဆိုရခြင်းဖြစ်သည်။ ပညာရှင်တစ်ယောက်ကမူ ပါရမီ၏ အနက်အဓိပ္ပာယ်ကို 'ပြည့်စုံခြင်း' ဟူ၍ ဖွင့်ပြထားသည်။ တီဒဗလျူရိုက်စ်ဒေးဗစ်နှင့် ဒဗလျူစတက်တို့ကား ပါရမီကို 'ပြည့်ဝခြင်း' '(Completeness)' ဟူ၍လည်းကောင်း၊ 'ပြည့်စုံခြင်း' (Perfection) ဟူ၍လည်းကောင်း၊ 'အမြင့်ဆုံးအဆင့်'( Highest Stage) ဟူ၍လည်းကောင်း ဘာသာပြန်ဆိုထားကြသည်။

ပါဠိကျမ်းဂန်များထဲက သုတ္တနိပါတ်၊ ဇာတက၊ နေတ္တိပကရဏကျမ်းများ၌ ပါရမီ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထားကြသည်။ ယင်းကဲ့သို့ပင် စရိယာပိဋက အဋ္ဌကထာ၌လည်း ပါရမီအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဖော်ပြထားသည်။ ဇာတ်နိပါတ်တော်လာ ဝတ္ထုအားလုံးသည် ပါရမီ၏ ဒဿနအပေါ်၌သာ အခြေခံကြသည်။ မဟာသံဃိကဂိုဏ်း၏ သီဝရီများ၌လည်း ပါရမီကို ဗုဒ္ဓအဖြစ်သို့ ရောက်ရာရောက်ကြောင်း အကျင့်တရားများ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟူ၍ ဖော်ပြထားသည်။ အမှန်စင်စစ် ပါရမီ ကျင့်စဉ်သည် ဗောဓိသတ္တခေါ် ဘုရားအလောင်းအား နိဗ္ဗာန်သို့ ခေါ်ဆောင် သွားသော ကျင့်စဉ်ဖြစ်သည်။

ဗောဓိသတ္တခေါ် ဘုရားအလောင်းတို့၏ အမူအကျင့်၊ အလုပ် သို့မဟုတ် ဒါနစသော ကျင့်စဉ်များကို ပါရမီဟု ခေါ်သည်။

ပါဠိကျမ်းဂန်များ၌ ပါရမီအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဖော်ပြထားသည်။[၅] ပါရမီသည် ဘုရားအလောင်းကျင့်စဉ်များထဲက အရေးပါ အရာရောက်သောအင်္ဂါအစိတ်အပိုင်းများဖြစ်ကြသည်။[၆] ပါဠိကျမ်းဂန်များ၌ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဟူ၍ (၁၀) ပါးပြားသော ပါရမီတို့ကို ဖွင့်ဆိုပြထားသည်။[၇]

ပါရမီ (၁၀)ပါးထဲတွင် သမာဓိမပါပေ။ သမာဓိသည် မဂ္ဂင်ရှစ်ပါးထဲက နောက်ဆုံးအဆင့်ဖြစ်သည်။ ပါရမီ (၁၀)ပါးထဲတွင် သီလသည် ဒုတိယနေရာ

၌ရှိနေပြီး ပညာသည် စတုတ္ထနေရာ၌ ရှိနေသည်။ ယင်းတရားသုံးပါးသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေသည်။ တစ်ခုအပေါ်တစ်ခု အခြေခံနေသည်။ တစ်ခုအပေါ်တစ်ခု မှီငြမ်းပြုနေသည်။ သီလမရှိဘဲ သမာဓိမဖြစ်နိုင်ပေ။ သမာဓိမရှိဘဲ ပညာမရှိနိုင်ပေ။ ထိုနည်းအတူ ပညာမရှိဘဲနှင့်လည်း သမာဓိ မဖြစ်နိုင်ပေ။ သမာဓိမရှိဘဲနှင့်လည်း သီလမရှိနိုင်ပေ။ ပညာမရှိဘဲနှင့် သီလကို မထိန်းနိုင်ပေ။ သီလမရှိဘဲနှင့်လည်း ပညာဖြစ်ပေါ်မလာနိုင်ပေ။

ထေရဝါဒ ဗုဒ္ဓဘာသာ၌ သီလကို အထူးအလေးအနက်ထားသည်။ ဗုဒ္ဓဘာသာကျင့်စဉ်အားလုံးသည် သီလအုတ်မြစ်ပေါ်၌ အခြေခံသည်ဟူ၍ ထင်မှတ်ယူဆကြသည်။ သံယုတ္တနိကာယ်၌ပါရှိသော 'သီလေ ပတိဋ္ဌာယ နရော သပ္ပညော”ဟူသော အဆိုအမိန့်သည် ယင်းအယူအဆကို ခိုင်မာအောင် ပြုလုပ်ထားသည်။ “သီလတရားတော်၌ ရပ်တည်ပြီးလျှင် ပညာနှင့်ပြည့်စုံသူသည် ဤလောကသံသရာ အရှုပ်အထွေးကို ပြေရှင်းသွားအောင် ပြုလုပ်နိုင်သည်”[၈] ယင်းသို့အားဖြင့် သီလနှင့် ပညာသည် တန်းတူရည်တူပင် အရေးပါ အရာရောက်သော တရားနှစ်ပါးဖြစ်သည်။

ပညာ၊ ဝီရိယ၊ ဥပေက္ခာတို့သည် ဗောဓိပက္ခိယတရား(၃၇)ပါး ထဲတွင်လည်း အကျုံးဝင်သော တရားများဖြစ်သည်။ ပညာသည် ဣန္ဒြေ (၅)ပါးထဲတွင် ပဉ္စမအဆင့်၌လည်းကောင်း၊ ဗိုလ်(ဗလ) ၅ပါးထဲတွင်လည်း ယင်းအဆင့်၌လည်းကောင်း ပါဝင်နေသည်။ ဝီရိယသည် ဣဒ္ဓိပါဒ်(ဣဒ္ဓိပါဒ) (၄)ပါးထဲတွင် ဒုတိယအဆင့်၌လည်းကောင်း၊ ဣန္ဒြေ (၅) ပါးထဲတွင်လည်း ဒုတိယအဆင့်၌လည်းကောင်း ဗောဇ္ဈင် (၇) ပါးထဲတွင် နောက်ဆုံး အဆင့်၌လည်းကောင်း ပါဝင်နေသည်။ ယင်းသို့အားဖြင့် ပညာ၊ ဝီရိယ၊ ဥပေက္ခာ တရားတို့သည် ဗောဓိပက္ခိယတရားများ အဖြစ်ဖြင့်လည်း အရေးပါအရာရောက်သော တရားများဖြစ်သည်။

နောက်ဆုံးပါရမီတရား (၂)ပါးဖြစ်သော မေတ္တာနှင့် ဥပေက္ခာသည် ဗြဟ္မဝိဟာရတရား၏ အရေးပါ အရာရောက်သော အင်္ဂါအစိတ်အပိုင်းလည်း ဖြစ်သည်။ နိကာယ်ကျမ်းများ၌ ဗြဟ္မဝိဟာရတရား (၄)ပါးအကြောင်းကို အကျယ်တဝင့် ဖွင့်ပြထားသည်။[၉] ဓမ္မသင်္ဂဏီကျမ်း၌ အကျယ်တဝင့် ရှင်းလင်းဖော်ပြပြီး ယင်းတရား (၄)ပါးကို မည်သို့မည်ပုံ ကျင့်ကြံအားထုတ်ရမည်။ မည်သို့မည်ပုံ ကြီးပွားတိုးတက်အောင် ပြုလုပ်ရမည်ဆိုသည်ကို ရှင်မဟာ

ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်၌ ရေးသားဖော်ပြထားသည်။ ယင်း ဗြဟ္မဝိဟာရတရား ၄ပါးသည် ကမ္မဋ္ဌာန်း (၄၀)ထဲတွင်လည်း ပါဝင်သည်။

နိကာယ်ကျမ်းများအရ ဗုဒ္ဓပွင့်တော်မမူခင်ကပင် ဗြဟ္မဝိဟာရတရားများ ရှိခဲ့သည်ဆိုသည့်အကြောင်း သိရှိရသည်။ မဇ္ဈိမနိကာယ်နှင့် ဒီဃနိကာယ်၌ မဃဒေဝမင်းနှင့် သုဒဿနမင်းတို့သည် ဗြဟ္မဝိဟာရ တရားများကို ကျင့်ကြံ အားထုတ်ပြီး ကွယ်လွန်သွားသောအခါ ဗြဟ္မာပြည်ရောက်သွားကြောင်း ရေးသား ဖော်ပြထားသည်။[၁၀] ယင်းမင်းနှစ်ပါးကား ဂေါတမဗုဒ္ဓပွင့်တော်မမူခင်က ဗောဓိသတ္တာ ဘုရားအလောင်းများ ဖြစ်ကြသည်။

ပါရမီတရား ၁၀ပါးရှိသည့်အနက် တစ်ပါးစီကိုလည်း ထပ်ပြီး ၃မျိုး ခွဲခြားထားသည်။ ပါရမီ တစ်ပါးစီကို ထပ်ပြီး ၃ပါး၊ ၃ပါးခွဲခြား လိုက်သောအခါ ပါရမီ ၁၀ပါးအပြား ၃၀ရှိသွားသည်။ ပါရမီ အမျိုးအစား ၃၀မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ ဒါနပါရမီ | ၁၆။ ခန္တီပါရမီ |
| ၂။ ဒါနဥပပါရမီ | ၁၇။ ခန္တီဥပပါရမီ |
| ၃။ ဒါနပရမတ္ထပါရမီ | ၁၈။ ခန္တီပရမတ္ထပါရမီ |
| ၄။ သီလပါရမီ | ၁၉။ သစ္စာပါရမီ |
| ၅။ သီလဥပပါရမီ | ၂၀။ သစ္စာဥပပါရမီ |
| ၆။ သီလပရမတ္ထပါရမီ | ၂၁။ သစ္စာပရမတ္ထပါရမီ |
| ၇။ နိက္ခမပါရမီ | ၂၂။ အဓိဋ္ဌာနပါရမီ |
| ၈။ နိက္ခမဥပပါရမီ | ၂၃။ အဓိဋ္ဌာနဥပပါရမီ |
| ၉။ နိက္ခမပရမတ္ထပါရမီ | ၂၄။ အဓိဋ္ဌာနပရမတ္ထပါရမီ |
| ၁၀။ ပညာပါရမီ | ၂၅။ မေတ္တာပါရမီ |
| ၁၁။ ပညာဥပပါရမီ | ၂၆။ မေတ္တာဥပပါရမီ |
| ၁၂။ ပညာပရမတ္ထပါရမီ | ၂၇။ မေတ္တာပရမတ္ထပါရမီ |
| ၁၃။ ဝီရိယပါရမီ | ၂၈။ ဥပေက္ခာပါရမီ |
| ၁၄။ ဝီရိယဥပပါရမီ | ၂၉။ ဥပေက္ခာဥပပါရမီ[၁၁] |
| ၁၅။ ဝီရိယပရမတ္ထပါရမီ | ၃၀။ ဥပေက္ခာပရမတ္ထပါရမီ |

ပါရမီ ဖြည့်ကျင့်သောအခါ ဘုရားအလောင်းသည် မိမိကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများကိုပင် အလှူဒါနပြုသည်။ ယင်းအလှူဒါနကို ဒါနပါရမီဟု ခေါ်သည်။ အပြင်အပ ဗဟိဒ္ဓအရာဝတ္ထုများ လှူဒါန်းခြင်းကို ဒါနဥပပါရမီဟု ခေါ်သည်။[၁၂] ဘုရားအလောင်းသည် မိမိအသက်ကို စွန့်လျက် ဒါန၏ အမြင့်ဆုံးအဆင့်ရောက်လာသောအခါ ယင်းအလှူဒါနကို ဒါနပရမတ္ထ ပါရမီဟု ခေါ်ဝေါ်သမုတ်သည်။[၁၃] ယင်းသို့အားဖြင့် ကျန်သော ပါရမီများကိုလည်း ၃မျိုးစီ၊ ၃မျိုးစီ ထပ်မံခွဲခြမ်းစိတ်ဖြာပါက ပါရမီ အရေအတွက်သည် ၃၀ ဖြစ်လာသည်။

ပါရမီ ၁၀ပါးကို ဖြည့်ကျင့်ရာ၌ ဘုရားအလောင်းသည် မိမိအတွက် ပြုလုပ်ခြင်းမဟုတ်ပေ။ ပါရမီ ၁၀ ပါး၌ ဘုရားအလောင်း၏ ကိုယ်ကျိုးအတွက် မည်သည့်အရာမျှ မရှိပေ။ ထို့ကြောင့် ပါရမီ ၁၀ ပါး၏ အဓိကလက္ခဏာသည် 'ပရနုဂ္ဂဟလက္ခဏော' ဟုဆိုထားသည့်အတိုင်း သူတစ်ပါးတို့အား ပေးကမ်းချီးမြှင့်ခြင်း ဖြစ်သည်။[၁၄] ပါရမီ ၁၀ ပါးသည် သူတစ်ပါးတို့အား ကျေးဇူးပြုခြင်း၊ ပရဟိတ စိတ်ဓာတ်ဖြင့် လွှမ်းခြုံထားသည်။[၁၅] အဝိကမ္ပနခေါ်သော တုန်လှုပ်မှုမရှိခြင်း အရသာလည်း ပြည့်ဝနေသည်။[၁၆] ပါရမီ ၁၀ပါး၏ ဂုဏ်အရည်အချင်းသည် သူတစ်ပါးတို့အား အကျိုးပြုခြင်းမျှသာ ဖြစ်သည်။[၁၇]

၁။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ၊
ပူရေတွာ ပါရမီသဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။

-မဟာမင်္ဂလဂါထာ

၂။ ဒသခေါသာရိပုတ္တ ဗုဒ္ဓကာရကာ ဓမ္မာ ကတမေဒသ၊
ဒါနခေါသာရိပုတ္တ ဗုဒ္ဓကာရိကာ ဓမ္မာ (ပ)
ဥပေက္ခာ ဗုဒ္ဓကာရကာ ဓမ္မာ၊ ဣမေခေါသာရိပုတ္တ
ဒသ ဗုဒ္ဓကာရကာ ဓမ္မာတိ

-စရိယာပိဋကအဋ္ဌကထာ

၃။ ဣတော ကပ္ပသတ သဟာသာဓိကာနံ မတ္ထကေ
ဂေါတမောနာမ ဗုဒ္ဓေါဘဝိဿတိ

-နိဒါနကထာ(ဇာတကအဋ္ဌကထာ)

၄။ ဇာတက

၅။ ပရမတ္ထဒီပနီ

၆။ ဇာတက၊ ဗုဒ္ဓဝံသ၊ စရိယာ ပိဋ္ဋက အဋ္ဌကထာ

၇။ ဒါနံ သီလံစ နေက္ခမ္မံ၊ ပညာဝိရိယံစ ကိံဒိသံ၊
ခန္တိသစ္စ အဓိဋ္ဌာနံ၊ မေတ္တု ပေက္ခာစ ကိံဒိသာ

ဇာတကအဋ္ဌကထာ

၈။ သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊
စိတ္တံ ပညဥ္စ ဘာဝယေ၊ အာတာပီ နိပကော ဘိက္ခု
သောဣမံ ဝိဇဋယေ ဇဋံ

-သံယုတ္တနိကာယ်

၉။ ဒီဃနိကာယ်၊ အင်္ဂုတ္တရနိကာယ်

၁၀။ မဇ္ဈိမနိကာယ်

၁၁။ တတ္ထဒါန ပါရမိယံ တဝအင်္ဂပရိစ္စာဂေါ ဥပပါရမီနာမ (ပရမတ္ထ ဝိလာသနီ)

၁၂။ ဗဟိရဘဏ္ဍ ပရိစ္စာဂေါ ဥပပါရမီနာမ (ပရမတ္ထ ဝိလာသနီ)

၁၃။ ဇီဝိတ ပရိစ္စာဂေါ ဒါန ပရမတ္ထ ပါရမီနာမာတိ (ပရမတ္ထ ဝိလာသနီ)

၁၄။ဧတ္ထ အဝိသေသေန တာဝ သဗ္ဗာပိပါရမိယော ပရာနုဂ္ဂဟ လက္ခဏော(စရိယာ ပိဋ္ဋကအဋ္ဌကထာ)

၁၅။ ပရေသံ ဥပကာရဏရသာ (စရိယာပိဋ္ဋက အဋ္ဌကထာ)

၁၆။ အဝိကမ္ပနရသာ (စရိယာပိဋ္ဋက အဋ္ဌကထာ)

၁၇။ဟိတေသိက ပစ္စုပ္ပဋ္ဌာနာ (စရိယာပိဋ္ဋက အဋ္ဌကထာ)

# ဒါနပါရမီ

ဘုရားအလောင်းသည် သမ္မာသမ္ဗုဒ္ဓဖြစ်လာအောင် ကျင့်ကြံအားထုတ်မည်ဟူ၍ ဆုံးဖြတ်ပြီးသည့် နောက်၌ သမ္မာသမ္ဗုဒ္ဓအဖြစ် ရရှိရာ ရရှိကြောင်းတရားအကျင့်များကို ကျင့်ကြံအားထုတ်ရန် ကြံစည်တွေးတောတော်မူသည်။ ထိုအခါ အရပ်(၁၀)မျက်နှာ၌ ရှိနေသော ဩကာသလောကကို ကြည့်ရှုတော်မူပြီးလျှင် သမ္မာသမ္ဗုဒ္ဓ အဖြစ်ရရှိရာရရှိကြောင်း ဒါနပါရမီကို ဦးစွာဖြည့်ဆည်းတော်မူသည်။[၁]

'ဒါန' ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်မှာ ပေးလှူခြင်းဖြစ်သည်။ ရက်ရောခြင်း၊ လောဘကင်းခြင်း၊ ကုသိုလ်ကောင်းမှုစသော စကားလုံးများလည်း 'ဒါန'၏ အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းသောစကားလုံးများ ဖြစ်ကြသည်။ 'စာဂ'လည်း ဒါနနှင့် အနက်အဓိပ္ပာယ်တူ စကားလုံးဖြစ်သည်။'စာဂ'[၂] သို့မဟုတ် 'ပရိစ္စာဂ'[၃] ၌လည်း ဒါန၏အဓိပ္ပာယ် ကိန်းအောင်းနေသည်။ 'ဒါန' ၌ ပစ္စည်းဝတ္ထုများကို စွန့်လွှတ်ရသည်။ အနက်အဓိပ္ပာယ်တူဖြစ်၍ 'စာဂ'၌လည်း အလားတူပင် ပစ္စည်းဝတ္ထုများကို စွန့်လွှတ်ရသည်။ အနက်အဓိပ္ပာယ်တူဖြစ်၍ 'စာဂ' သည် ဒါန၌ အတွင်းငုတ်နေသည်။

အင်္ဂုတ္တရနိကာယ်၌ ဒါန ၂ မျိုး ပြောပြထားသည်။ 'အာမိသဒါန' နှင့် 'ဓမ္မဒါန' တို့ဖြစ်သည်။[၄] ထိုနည်းအတိုင်းပင် 'စာဂ'[၅]နှင့် 'ပရိစ္စာဂ'[၆] တို့ကိုလည်း နှစ်မျိုးနှစ်စားစီ ခွဲခြားပြထားသည်။ ယင်းအမျိုးအစားထဲတွင် 'ဓမ္မဒါန'၊'ဓမ္မစာဂ' သို့မဟုတ် 'ဓမ္မပရိစ္စာဂ' ကို အဓိကဖြစ်သည်ဟူ၍ ထင်မှတ်ယူဆထားကြသည်။ အလှူဒါနပေးလှူပုံ ပေးလှူနည်းအတိုင်း သို့မဟုတ် အလှူဒါနလက်ခံသော ပုဂ္ဂိုလ်၏ အမျိုးအစားအတိုင်း အကျိုးတရား ရရှိသည်။[၇]

ဒီဃနိကာယ်၌ ဒါနအမျိုး အစား ၄-ပါးပြထားသည်။[၈]

၁။ သက္ကစ္စဒါန်- ရိုရိုသေသေ လေးလေးစားစားပေးလှူသောဒါန၊

၂။ သဟတ္ထာ(သဟတ္ထိက) ဒါန်-မိမိကိုယ်တိုင် လက်ဖြင့် ပေးလှူသော ဒါန၊

၃။ စိတ္တီကတဒါန်-စိတ်ပါလက်ပါ ပေးလှူသောဒါန၊

၄။ အနုပဝိဒ္ဓဒါနံ–မခွဲခြမ်းဘဲ ပေးလှူသောဒါန၊

အင်္ဂုတ္တရနိကာယ်၌လည်း ဒါန ၈–မျိုးပြထားသည်။[၉]

၁။ အာသဇ္ဇဒါနံ–မိမိထံသို့ ရောက်လာသောကြောင့် ပေးလှူသောဒါန၊

၂။ ဘယာဒါနံ–ကြောက်သောကြောင့် ပေးကမ်းသော အလှူဒါန၊

၃။ အဒါသိ မေ တိ ဒါနံ–ငါ့အား ပေးဖူး၏ဟု နှလုံးသွင်း၍ ပြန်ပေးလှူသော ဒါန၊

၄။ ဒဿတိမေ တိ ဒါနံ–ငါ့အား(နောင်တွင်) ပေးပေလိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူသော ဒါန၊

၅။ သာဟု ဒါနန္တိ ဒါနံ–ပေးလှူခြင်းသည် ကောင်း၏ဟု နှလုံးသွင်း၍ ပေးလှူသော ဒါန၊

၆။ အဟံ ပစာမိ ဣမေန ပစန္တိ နာရဟာမိ ပစန္တော အပစန္တာနံ ဒါနံ အဒါတုန္တိ ဒါနံ–(ကျွန်ုပ်ချက်ပြုတ်၏။ ဤသူတို့ကား မချက်ပြုတ်ကြ။ ချက်ပြုတ်သော ငါတို့သည် မချက်ပြုတ်သော သူတို့အား အလှူမပေးဘဲ နေရန်မသင့်ဟု နှလုံးသွင်း၍ ပေးလှူသော အလှူဒါန)

၇။ ဣမံ မေဒါနံ ဒဒတော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတီတိ ဒါနံ–(အလှူဒါန ပေးလှူလျှင် ကျော်စောကိတ္တိအသံကို ကြားရသောကြောင့် ပေးလှူရသော ဒါန)

၈။ စိတ္တာလင်္ကာရ စိတ္တ ပရိက္ခာရတ္ထံ ဒါနံဒေဟိ–(စိတ်အဆင်တန်ဆာ သန့်ရှင်းစင်ကြယ်ရေးအတွက် ပေးလှူသော ဒါန)

ထိုနည်းအတိုင်းပင် လှူဖွယ် ပစ္စည်းဝတ္ထုနှင့် ပတ်သက်၍လည်း ၈–မျိုးပြထားသည်။[၁၀]

အင်္ဂုတ္တရနိကာယ် တစ်နေရာ၌ ဒါန၏ အဆင့် ၅–မျိုးကို ညွှန်ပြထားသည်။[၁၁]

၁။ သဒ္ဓါယဒါနံ–(သဒ္ဓါတရားဖြင့် ပေးလှူခြင်း)

၂။ သက္ကစ္စဒါနံ–(အလေးဂရုပြု၍ ပေးလှူခြင်း)

၃။ ကာလေနဒါနံ–(အချိန်ကာလ အားလျော်စွာ ပေးလှူခြင်း)

၄။ အနုဂ္ဂဟိတစိတ္တော ဒါနံ–( အလှူဒါန ပြုခြင်းအားဖြင့် ငါကိုယ်တိုင် ချီးမြှောက်ထောက်ပံ့အပ်သူဖြစ်၏။

ယင်းစိတ်ထားဖြင့် ပေးကမ်းလှူဒါန်းခြင်း)

၅။ အတ္တာနံစ ပရံစ အနုပဟစ္စ ဒါနံ-(မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ မည်သူကိုမျှ မထိခိုက်စေဘဲ ပေးလှူခြင်း)

အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော လယ်ယာ မြေကောင်း၌ မျိုးစေ့အကောင်း စိုက်ပျိုးလျှင် သီးနှံကောင်းစွာ ဖြစ်ထွန်း၏။[၃၂] ထိုနည်း အတိုင်းပင် အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား အလှူဒါန ပေးကမ်းလှူဒါန်းလျှင် ကြီးမားသော အကျိုးရရှိ၏။[၃၃] ပုညကြိယာ ဝတ္ထု ၃-မျိုး စာရင်း၌'ဒါန' ကို ပထမနေရာ ပေးထားပြီး 'သီလ'နှင့် 'ဘာဝနာ' ကို ဒုတိယနေရာနှင့် တတိယနေရာ ပေးထားသည်။[၃၄]

ပါဠိပိဋကတ်စာပေ၌ ဥစ္စာခနေအကြောင်း ပြဆိုထားသော နေရာများ၌ ရွှေ၊ ငွေ စသော မည်သည့်ပစ္စည်းဝတ္ထုကိုမှ ဥစ္စာခနေဟူ၍ ပြောပြမထားပေ။ 'သဒ္ဓါ'၊ 'သီလ' စသော ဂုဏ် အရည်အချင်းများကို ဥစ္စာခနေ (၇)-မျိုးအဖြစ် ပြောပြထား သည်။ ယင်းစာရင်း၌ 'စာဂ' သို့မဟုတ် 'ဒါန'သည် ဆဋ္ဌမနေရာ၌ ရှိသည်။ [၃၅] အင်္ဂုတ္တရ နိကာယ်၌ နောက်ထပ် ဒါန (၈)-မျိုးအကြောင်း ဖော်ပြ ထားသည်ကို တွေ့ရသည်။

၁။ သုစိဒါနံ (စင်ကြယ်သော လှူဖွယ်ဝတ္ထုကို ပေးလှူသော ဒါန)

၂။ ပဏီတဒါနံ (မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူသော အလှူဒါန)

၃။ ကာလေနဒါနံ (အချိန်ကာလအားလျော်စွာ ပေးလှူသော အလှူဒါန)

၄။ ကပ္ပိယ ဒါနံ(အပ်စပ်သော လှူဖွယ်ဝတ္ထုကို ပေးလှူသော အလှူဒါန)

၅။ ဝိဗေယျဒါနံ (အလှူခံပုဂ္ဂိုလ်၊လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ်စိစစ်ပြီး ပေးလှူအပ်သော အလှူဒါန)

၆။ အဘိဏှဒါနံ( များသောအားဖြင့် အဆက်မပြတ် လှူအပ်သော အလှူဒါန)

၇။ ဒဒံ စိတ္တံ ပသာဒေဟိ(ကြည်လင်သောစိတ်ဖြင့် ပေးလှူအပ်သော အလှူဒါန)

၈။ ဒတွာ အတ္တမနော ဟောတိ( ပေးလှူပြီးနောက် ဝမ်းမြောက်မှု ဖြစ်ရသော အလှူဒါန)

ဘုရားအလောင်းသည် မိမိ၏ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းကိုဖြစ်စေ၊ သို့မဟုတ် အသက်ကိုဖြစ်စေ သူတစ်ပါးအကျိုးအတွက် စွန့်လွှတ်သောအခါ

သူ့ရှေ့မှောက်၌ မည်သည့်ပစ္စည်းဝတ္ထုကိုမျှ ထည့်မတွက်တော့ပေ။ ပစ္စည်းများ၏ တည်မြဲခြင်းမရှိသော အနိစ္စသဘောတရားကို ကောင်းစွာ သိမြင်တော်မူသည် ပျက်စီးခြင်းသည် ဖြစ်ပေါ်လာသော အရာဝတ္ထုဟူသမျှ၏ သဘောသဘာဝ ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းသည် ကမ္ဘာလောက၌ ရှိရှိသမျှသော အရာ ဝတ္ထုအားလုံးနှင့်ပတ်သက်၍ တပ်မက်တွယ်တာခြင်းမရှိဘဲ နေထိုင်ခြင်း၊ သွားလာ ခြင်း ပြုလုပ်နေသည်။

ပိဋကတ်ကျမ်းစာများ၌ ဤသို့ဆိုထားသည်။ အကယ်၍ ဥစ္စာဓနကို စားသုံးခြင်းမပြုလျှင်လည်းကောင်း၊ ပေးကမ်းလှူဒါန်းခြင်း မပြုလျှင်လည်းကောင်း ခိုးသားဓားပြကဖြစ်စေ၊ ဘုရင်ကဖြစ်စေ ယူဆောင်သွားလျှင်လည်း ယင်းဥစ္စာဓန သည် မီးဘေးသင့်ပြီး ပျက်စီး ဆုံးပါးသွားတတ်သည်။[၁၆]

သံယုတ္တနိကာယ်၌လည်း 'ဒါနံစ ယုဒ္ဓံစ သမာနမာဟ' ဟုဆိုထားသည်။ [၁၇] 'ဒါန' နှင့်'စစ်' သည်တသဘောတည်းဖြစ်သည်။ စစ်ပွဲ၌ရန်သူအပေါ်တွင် အနိုင် ရအောင် လုပ်ရသကဲ့သို့ လည်းကောင်း ထိုနည်းအတိုင်းပင် မိမိအတွင်းသန္တာန်ထဲက လောဘနှင့်တူသော ရန်သူအပေါ်တွင် အနိုင်ရရှိအောင် လုပ်ရသည်။

စာဂဘောသို့မဟုတ်စွန့်လွှတ်မှုသဘောဖြစ်ပေါ်စေရန်အတွက် လောဘကို ပယ်သတ်ရသည်။ အလှူဒါနပေးလှူသောအခါရရှိသည့် ရွှင်လန်းချမ်းမြေ့မှုမျိုးကို အလှူဒါနလက်ခံသည့်အခါ၌မရရှိပေ။ ထိုက်တန်သူတစ်ဦးတစ်ယောက်အားအလှူ ဒါနပေးကမ်းခြင်းသည် အမှန်တကယ်ပင် ရွှင်လန်းချမ်းမြေ့မှုကိုဖြစ်ပေါ် စေတတ် သည်။[၁၈]

အလှူဒါနပေးလှူရေးနှင့် ပတ်သက်၍လည်း အမျိုးမျိုးအဖုံဖုံ ညွှန်ပြထား သည်ကို တွေ့ရသည်။[၁၉] သုတ္တန်ပိဋကတ်နေရာအတော်များများ၌ အလှူဒါန၏ ထူးခြားသော အကျိုးတရားများကို ပြဆိုထားသည်။[၂၀] ထိုနည်းအတိုင်းပင် 'ဝိမာနဝတ္ထု'နှင့် 'ပေတဝတ္ထု' တို့၌လည်း နေရာပေါင်းများစွာတွင်'ဒါန' သို့မဟုတ် 'စာဂ'[၂၁] အကျိုးထူးတရားများ အကြောင်းကို ဖွင့်ပြထားသည်။

'ဒါနပါရမီ' ၏အသွင်လက္ခဏာသည် ပရိစ္စာဂ ဖြစ်သည်ဟု ပြောပြပြီးပြီ (ပရိစ္စာဂ လက္ခဏာ ဒါနပါရမီ)[၂၂] အလှူဒါနပြုရာ၌ ပစ္စည်းဝတ္ထုအပေါ် တွယ်တာကပ်ငြိသော လောဘသည် ပျက်စီးပျောက်ကွယ်သွားသည်။ ယင်း၏ ပစ္စုပ္ပဋ္ဌာန်သည် တွယ်တာကပ်ငြိမှု ကင်းမဲ့ခြင်းဖြစ်သည်။[၂၃] ယင်း၏ ပဒဋ္ဌာန်သည်

စွန့်လွှတ်ထိုက်သော ပစ္စည်းဝတ္ထု ဖြစ်သည်။ (ပရိစ္စဇိတဗ္ဗ ဝတ္ထု ပဒဋ္ဌာန)[၂၄] ဘုရားအလောင်း၏ အလှူဒါနသည် ကရုဏာတည်းဟူသော နည်းပရိယာယ် ကျွမ်းကျင်မှုဖြင့် ပြုလုပ်ဖန်တီးထားသော အရာဖြစ်သည်။ ခန္တီနှင့် ပရိစ္စာဂ စသော အသွင်လက္ခဏာဖြင့် ပြည့်စုံသော ဘုရားအလောင်း၏ စိတ်အစဉ်၌ ဒါန စသည်ဖြင့် ဖြစ်ထွန်းပေါ်လာသော စေတနာသည် ဘုရားအလောင်း၏ဒါနပါရမီ ဖြစ်သည်။ လုံ့လဉဿဟသည် ပါရမီများ၏ ၄–မျိုး၄–စားအပြားရှိသော ပစ္စည်း သို့မဟုတ် အကြောင်းတရားဖြစ်သည်။ယင်းအကြောင်းတရားများကို ဗုဒ္ဓ ဖြစ်တော်မူစေသည့် 'ဌာန' ဟူ၍လည်းခေါ်ဆိုကြသည်။ ယင်း၄–မျိုး ၄–စား ပြား သောအကြောင်း သို့မဟုတ် ပစ္စည်းကို ဤသို့ခွဲခြမ်းစိတ်ဖြာ၍ရသည်။

၁။ဉဿဟော(ဗောဓိဉာဏ် ရရှိရေးအတွက် ထူးခြားသော လုံ့လဝီရိယ)

၂။ဉမ္မင်္ဂေါ (ဗောဓိဉာဏ်ရရှိကြောင်းဖြစ်သော နည်းလမ်း ကျွမ်းကျင်မှုပညာ)

၃။အဝဋ္ဌာန (အဓိဋ္ဌာန် ခိုင်မာသော ဆုံးဖြတ်ချက်)

၄။ဟိတစရိယာ(မေတ္တာတရားပွားများခြင်းနှင့် ကရုဏာ တရားပွားများခြင်း)[၂၅]

ဘုရားအလောင်းသည် အစဉ်အတိုင်း အပရိစ္စာဂမှ ပရိစ္စာဂသို့ လှမ်းတက်သွားခြင်း သို့မဟုတ် ဒါနပါရမီ၏ အကြောင်းတရား များကို လည်းကောင်း ယင်းအကြောင်းတရားများ၏ အစနှင့်အဆုံး သို့မဟုတ် အကျိုးတရားကို လည်းကောင်း ဆင်ခြင်စဉ်းစားတော်မူသည်။

အလှူဒါနအဖြစ် ပေးလှူအပ်သော ပစ္စည်းဝတ္ထုများနှင့် ပတ်သက်၍ စဉ်းစား ဆင်ခြင်သော အချိန်၌ ဘုရားအလောင်းသည် အလှူခံများနှစ်သက်သော၊ အလှူခံများ တောင်းဆိုသော ပစ္စည်းဝတ္ထုများကို ပေးလှူရသည်။ မိမိတွင်ရှိသော အရာဝတ္ထု အားလုံးကို လယ်၊ ယာ၊ မြေ၊ မိမိပစ္စည်းဝတ္ထု၊ ရွှေ၊ ငွေ၊ ကျွဲ၊ နွား၊ ကျေးကျွန်စသော အရာဝတ္ထုအားလုံးကို ပေးကမ်းစွန့်ကြဲရသည်။[၂၆] မိမိကိုယ်တိုင် နှစ်ခြိုက်မြတ်နိုးသော မိမိ၏ကိုယ်ခန္ဓာအစိတ်အပိုင်းကိုဖြစ်စေ၊ မိမိအသက်ကိုဖြစ်စေ အကယ်၍ အလှူခံပုဂ္ဂိုလ်ကနှစ်ခြိုက်လိုလားသည်ဖြစ်ပါက နောက်ဆံတင်းမနေဘဲ ပေးကမ်း လှူဒါန်းရသည်။ မိမိ၏အသက်ကိုပင်ဖြစ်စေအလှူခံအားပေးလှူရသည်။ အလှူခံသည် ငါ၏ဒါနပါရမီကိုဖြည့်ပေးရန်အတွက်ရောက်ရှိလာခြင်းဖြစ်သည်ဟူ၍ သဘော

ထားရမည်။[၂၇]

ကောင်းမှုအတွက် အထောက်အပံ့ဖြစ်စေသော ပစ္စည်းဥစ္စာအားလုံး ထဲတွင် အထွတ်ဆုံးအမြတ်ဆုံးဖြစ်သော ဒုလ္လဘဖြစ်သော'ဗုဒ္ဓဘူမိ' တည်းဟူသော ဥစ္စာ ပစ္စည်းကို ရရှိရန်အတွက် အလှူခံအား ကလျာဏမိတ္တ မိတ်ကောင်းဆွေမွန် အဖြစ် သဘောထားပြီးလျှင် ယင်းပုဂ္ဂိုလ်တောင်းခံလာပါက မိမိအသက်ကိုပင် ဖြစ်စေ ရက်ရက်ရောရောပေးလှူရမည်။ နောက်ဆံတင်းသောစိတ်မျိုးဖြစ်ပေါ်မလာ စေရပေ။

မိမိချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်တစ်ဦးဦးကို တောင်းခံလာပါကလည်း ငါ၏ချစ်ခင်မြတ်နိုးသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တောင်းခံလာခြင်း ဖြစ်သည် ဟူ၍ သဘောထားပြီးလျှင်မိမိ၏ စိတ်နှလုံးကို ရွှင်ပြုံးနေအောင် ပြုလုပ်ရမည်။[၂၈]

ကြာမြင့်စွာ အချိန်ကာလကစ၍ မိမိအသုံးပြုလာသော ပစ္စည်းဝတ္ထု ဖြစ်သောကြောင့် ဒါတဗ္ဗဝတ္ထု လှူဖွယ်ပစ္စည်းနှင့် ပတ်သက်ပြီး လောဘစိတ်ဖြစ် ပေါ်လာတတ်သည်။ ထို့ကြောင့် ဘုရားအလောင်းသည် ဤသို့ ရှုမြင် သုံးသပ် ရသည်။ အိုသူတော်ကောင်းသူမြတ်လောင်း၊ ဗောဓိဉာဏ် ရရှိရန်အတွက် သင်အမိဋ္ဌာန်ပြုသော အချိန်၌ သတ္တဝါအားလုံး၏ အကျိုးအတွက် ကိုယ်ခန္ဓာကို စွန့်လွှတ်ခြင်း မပြုဘူးလော၊ အာယုဗ္ဗေဒဆေးသစ်ပင်၏ အမြစ်၊ အခေါက်၊ အစေး၊ ပင်စည်၊ အရွက်၊ အကိုင်း၊ အပွင့်၊ အသီးများကို ဆေးအတွက် အသုံးပြုသကဲ့သို့ ထိုနည်းအတိုင်း လူ့လောကအားလုံး၏ အကျိုးစီးပွားအတွက် မိမိ၏ ကိုယ်ခန္ဓာကို မြှုပ်နှံသောအခါ၌ နှမ်းတစ်စေ့မျှလောက်ပင် စိတ်ကူး မမှားစေသင့်ပေ။

ဗဟိဒ္ဓလောကနှင့် အဇ္ဈတ္တလောကနှစ်ခုလုံး၌ မည်ကဲ့သို့သော ခြားနား ချက်မျိုးမှ မရှိသင့်ပေ။[၂၉] မဟာဘုတ်တရား ၄–ပါးသည် အမှန်တကယ်ပင် အစိတ်စိတ် အမြွာမြွာ ဖြစ်သွားရမည့် အရာဝတ္ထုဖြစ်၏။ ဤကိုယ်ခန္ဓာသည် ငါ၏ကိုယ်ခန္ဓာဖြစ်၏။ ဤကိုယ်ခန္ဓာသည် ငါဖြစ်၏။ ဤအတ္တသည်ငါ၏ အတ္တာဖြစ်၏။ ယင်းကဲ့သို့ ထင်မှတ်ယူဆခြင်းသည် ပျက်စီးပျောက်ကွယ်သွားမည့် အရာဝတ္ထုများနှင့် ပတ်သက်ပြီး အမှတ်မှားခြင်းမျှသာဖြစ်၏။

ထို့ကြောင့် မိမိကိုယ်ခန္ဓာ၏ အတွင်းအပြင် ၂–ခုလုံးက အရာဝတ္ထုများ ဖြစ်ကြသော လက်၊ ခြေ၊ မျက်လုံး စသည်တို့နှင့် ပတ်သက် လာလျှင်လည်း ယင်းပစ္စည်းဝတ္ထုများကို ပေးလှူသည့်အခါ၌ နောက်ဆံတင်းမနေဘဲ စိတ်ခိုင်ခိုင် ထားသင့်၏။[၃၀] သမ္မာသမ္ဗောဓိဉာဏ်အတွက် ပေးကမ်းလှူဒါန်းမှု ဖြစ်ပေါ်လာ

သည့်အခါ ဘုရားအလောင်းသည် မိမိ၏ကိုယ်ခန္ဓာ နှင့်ပတ်သက်၍ဖြစ်စေ၊ မိမိ၏အသက်နှင့် ပတ်သက်၍ ဖြစ်စေ တွယ်တာကပ်ငြိ ခြင်းမဖြစ်သင့်ပေ။

ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် အပြည့်အဝ စင်ကြယ်သန့်ရှင်းသော အသက်မွေးမှုဖြင့် အသက်မွေးသော ပုဂ္ဂိုလ်ဖြစ်ရမည်။ တရားမှုပြုလုပ်ရာ၌ တည်တံ့ခိုင်မြဲမှုရှိရမည်။ နည်းလမ်းဥပါယ် ကျွမ်းကျင်လိမ္မာစွာဖြင့် လှူဖွယ်ပစ္စည်းကို စွန့်လွှတ်ပေးကမ်းပါက အဘယဒါန၊ သို့မဟုတ် ဓမ္မဒါနဖြင့် သတ္တဝါအားလုံးအား ချီးမြှောက်ထောက်ပံ့ ရာ၌ စွမ်းဆောင်နိုင်သူဖြစ်သွားလိမ့်မည်။[20]

ယင်းသို့ အားဖြင့် ဘုရားအလောင်းသည် ဒါနပါရမီ ဖြည့်ကျင့်ရာ၌ မိမိ၏ရှိသမျှ အရာဝတ္ထုအားလုံးကို ပေးကမ်းစွန့်ကြဲပစ်သည်။ 'ဒသဘူမိက' သုတ်၏အဆိုအရ ဘုရားအလောင်းသည် သူတစ်ပါးတို့၏ အသက်ရှင်နေမှုကို ထိခိုက်နစ်နာစေမည့် မည်သည့်ပစ္စည်းဝတ္ထုကိုမှ ပေးကမ်း လှူဒါန်းခြင်း မပြုလုပ် ရပေ။ အဆိပ်၊ လက်နက်၊ သေရည်သေရက်၊ ပိုက်ကွန်များကို အလှူဒါနအဖြစ်ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ရပေ။ အမဲလိုက်၍ ရနိုင်သော မြေနေရာကိုလည်းပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ရပေ။ တစ်စုံတစ်ယောက်အား မိမိကိုယ်မိမိ သတ်သေဖို့ ရန်အတွက်ဖြစ်သော ပစ္စည်းကိရိယာတစ်ခုခုကို ဖြစ်စေ၊ သို့မဟုတ် မသင့်လျော် မလျောက်ပတ်သော လက်ဆောင်တစ်ခုခု ကိုဖြစ်စေ ပေးကမ်း လှူဒါန်းခြင်းမပြုလုပ်ရပေ။

ဘုရားအလောင်း ပေးကမ်းလှူဒါန်းသော ဒါန၏ အခြေခံသည် ကရုဏာဖြစ်သည်။ ကရုဏာတရား၏ စေ့ဆော်မှုကြောင့် ဘုရားအလောင်းသည် မိမိတွင်ရှိသမျှအရာဝတ္ထုများကို ပေးကမ်းလှူဒါန်းခြင်းဖြစ်သည်။ ယင်းအလှူဒါန၏ ရည်မှန်းချက်မှာ နိဗ္ဗာန် သို့မဟုတ် ဗောဓိဉာဏ်ဖြစ်သည်။ စရိယာ ပိဋကတ်အဋ္ဌကထာ၏ဖွင့်ဆိုချက်အရ ပြတ်ပြတ်သားသားသိရသည်မှာ ဘုရားအလောင်း၏ ဘဝဖြစ်စဉ်သည် မဟာကရုဏာ တရားအပြည့် ဖြစ်နေ သည်။ ကမ္ဘာလောကရှိ မည်သည့်သတ္တဝါမျှ ယင်းမဟာကရုဏာတရား၏ အပြင်ဘက် ရောက်ရှိမနေနိုင်ပေ။

ဒါနပါရမီ၏ ရည်ရွယ်ချက်သည် ပေးကမ်းစွန့်လွှတ်မှုအားဖြင့် လည်းကောင်း၊ တရားဒေသနာ ညွှန်ကြားဟောပြ ခြင်းအားဖြင့် လည်းကောင်း၊ အဘယဒါန သို့မဟုတ် ထိတ်လန့်စိုးရွံ့မှုကင်းမဲ့ခြင်းကိုပေးလျက် လူအပေါင်းတို့၏ ဘဝကို ရွှင်လန်းခြမ်းမြေ့အောင် ပြုလုပ်ခြင်း သို့မဟုတ် သက်ရှိသတ္တဝါ

တို့အား နည်းမျိုးစုံဖြင့် ချီးမြှောက်ထောက်ပံ့ ခြင်းဖြစ်သည်။ ဘုရားအလောင်း ဗောဓိသတ္တပေးလှူသော လှူဖွယ်ဝတ္ထုများအဖြစ်ဖြင့် အလှူဒါန ၃–မျိုး ၃–စားခွဲပြ ထားသည်။ ယင်း ၃–မျိုးမှာ အာမိသဒါန(ပစ္စည်းဝတ္ထုအလှူ)၊ အဘယဒါန၊ ဓမ္မဒါန တို့ဖြစ်ကြသည်။ ဘုရားအလောင်း ပေးလှူသော ဗဟိဒ္ဓဒါန ပစ္စည်းဝတ္ထုသည် ၁၀–မျိုး ၁၀–ပါးရှိပါသည်။ ယင်းတို့ကား ထမင်း၊ ရေ၊ အိမ်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ မွှေးရနံ့၊ အိပ်ရာ၊ ဆီမီး တို့ဖြစ်ကြသည်။

ဘုရားအလောင်း ပေးလှူသော ပစ္စည်းဝတ္ထုနှင့် ပတ်သက်ပြီး အခြား နေရာများ၌လည်း အမျိုးအစား အမျိုးမျိုး ခွဲခြားပြထားသည်။ ပတ္တမြား၊ ရွှေ၊ ငွေ၊ ပုလဲ၊ သန္တာ၊ အရာမ် စသည်တို့ဖြစ်ကြသည်။ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ ကျွဲ၊ နွား စသည်တို့လည်းပါဝင်သည်။

ဗဟိဒ္ဓပစ္စည်းဝတ္ထုများကို ဘုရားအလောင်း ပေးကမ်းလှူဒါန်းသောအခါ အလှူခံသူ တောင်းခံသော ပစ္စည်းဝတ္ထုကိုသာ ပေးကမ်းလှူဒါန်းသည်။ အလှူဒါန ပေးကမ်းလှူဒါန်းသောအခါ မည်သူသည် မည်သည့်အရာဝတ္ထု လိုအပ်သည်ဟူ၍ သိရှိနားလည်အောင် ပြုလုပ်ပြီးလျှင် အလှူခံပုဂ္ဂိုလ် တောင်းခံချိန်၌ မိမိကိုယ်တိုင် စွန့်လွှတ်ပေးကမ်း လိုသည့် စိတ်ထားအပြည့်အဝဖြင့် အလှူဒါနပေးကမ်း လှူဒါန်း ကြသည်။ ဘုရားအလောင်းတို့သည် လှူဖွယ်ဝတ္ထုနှင့်ပတ်သက်ပြီး ကျေးဇူး တုန့်ပြန်မှု မျှော်လင့်ချက် မထားကြပေ။

ဘုရားအလောင်းတို့သည် ဂိလာနပုဂ္ဂိုလ်အား တည့်သော အစား အသောက်များကို ပေးကမ်းလှူဒါန်းကြသည်။ အလှူခံပုဂ္ဂိုလ်သည် လူဝတ် ကြောင်ဖြစ်စေ၊ ရဟန်းသမဏဖြစ်စေ၊ မိခင်ဖြစ်စေ၊ ဖခင်ဖြစ်စေ၊ ဆွေမျိုး မိတ်သင်္ဂဟဖြစ်စေ၊ မှူးမတ်သားမယားဖြစ်စေ၊ ကျေးကျွန်ဖြစ်စေ၊ အစေခံ ဖြစ်စေ မည်သူ့ကိုမဆို သူတို့လိုအပ်သည့်အားလျော်စွာ ပေးကမ်း လှူဒါန်း ကြသည်၊ အရေအတွက် တွက်ချက်ပြီး မလှူကြပေ။ သင့်လျော် လျောက်ပတ်သော အတိုင် အတာ ဖြင့်သာ ပေးကမ်းလှူဒါန်းကြသည်။ လာဘ်လာဘကို မျှော်ကိုး၍လည်း ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ ကျေးဇူးတုန့်ပြန်မှုကို မျှော်လင့်၍ လည်းကောင်း၊ ကျေးဇူးဖြစ်ထွန်းလာမည့်အရေးကို တွေးခေါ်၍လည်းကောင်း ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ မြင့်မြတ်ကောင်းမွန်သော ဆက်သွယ်မှု အတွက်သာ ပေးကမ်းလှူဒါန်းခြင်း ပြုလုပ်ကြသည်။

ဘုရားအလောင်းတို့သည် အလှူခံပုဂ္ဂိုလ်အား မနှစ်မြို့သော စိတ်ထားဖြင့်လည်းကောင်း၊ သို့မဟုတ် ထိန်းချုပ်မှု မရှိသော အလှူခံပုဂ္ဂိုလ်အား ဒေါသစိတ်ထား၍လည်းကောင်း၊ လှူဖွယ်ဝတ္ထုများကို ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ ရွှင်လန်းသော စိတ်ထားဖြင့် ချီးမြှောက်ထောက်ပံ့လိုသော စိတ်ထားဖြင့် တရိုတသေ ပေးကမ်းလှူဒါန်းခြင်း အမှုမျိုးကိုသာ ပြုလုပ်ကြသည်။ အုတ်အော်သောင်းတင်းဖြစ်စေလိုသည့်အတွက် ပေးကမ်းလှူဒါန်းခြင်းကို မပြုလုပ်ကြဘဲ ကမ္မဖလနှင့်ပတ်သက်၍ သဒ္ဓါစိတ်ဖြင့် ပေးကမ်းလှူဒါန်းခြင်း အမှုကိုသာ ပြုလုပ်ကြသည်။

သူတစ်ပါးတို့အား လှည့်စားဖြားယောင်းလိုသော စိတ်ထားဖြင့်လည်းကောင်း တစ်ဦးနှင့်တစ်ဦး သွေးခွဲလိုသော ဆန္ဒဖြင့်လည်းကောင်း မည်သည့်အခါမှ ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ စင်ကြယ်သော စိတ်ထားဖြင့်သာ ပေးကမ်းလှူဒါန်းကြသည်။ မျက်မှောက်ကြုတ်၍လည်းကောင်း၊ ရင့်သီးသော စကားကို အသုံးပြုခြင်းအားဖြင့် လည်းကောင်း မည်သည့်အခါမှ ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ နားခံသာသော စကားနှင့်ချိုသာသောစကားကို ပြော၍လည်းကောင်း၊ အကျဉ်းချုပ် ပြောသောစကားကို အသုံးပြု၍လည်းကောင်း ပေးကမ်းလှူဒါန်းခြင်းအမှုကို ပြုလုပ်ကြသည်။ လှူဖွယ်ပစ္စည်းဝတ္ထု၏ အတိုင်းအတာ များပြားသောကြောင့် လည်းကောင်း ၊ကြာမြင့်စွာ အသုံးပြု လာခဲ့သောကြောင့် လည်းကောင်း၊လှူဖွယ်ပစ္စည်းဝတ္ထုနှင့်ပတ်သက်ပြီး လောဘစိတ်ဖြစ်ပေါ် လာတတ်သည်။ ဘုရားအလောင်းတို့သည် အလှူခံ ပုဂ္ဂိုလ်ကိုရှာပြီးလျှင် လှူဖွယ်ဝတ္ထုများကို ခပ်မြန်မြန် ပေးကမ်းလှူဒါန်းကြသည်။ လှူဖွယ်ဝတ္ထု နည်းပါးနေသောအခါ၌ မိမိကိုယ်တိုင်အဆင်းရဲခံပြီး တွန့်ဆုတ်ခြင်း အလျဉ်းမရှိဘဲ လှူဖွယ်ပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ်အား ပေးကမ်း လှူဒါန်းခြင်းအမှုကို ပြုလုပ်ကြသည်။

ဘုရားအလောင်းတို့သည် မိမိတို့၏ သားမယား၊ကျေးကျွန်၊ အလုပ်သမားများအား မေးမြန်းစုံစမ်းခြင်းမပြုဘဲ ယင်းတို့စိတ်မချမ်းမသာ ဖြစ်နေလျှင် မည်သည့်လှူဖွယ်ပစ္စည်း ဝတ္ထုကိုမှ ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ပေ။ ယင်းတို့အား ချိုချိုသာသာ အကြောင်းကြားပြီးလျှင် ယင်းတို့၏သဘောတူညီမှု အပြည့်အဝရရှိမှသာလျှင် အလှူဒါန ပေးကမ်းလှူဒါန်းကြသည်။ မည်သူ့ကိုမျှရက်စက် ကြမ်းတမ်းသော အပြုအမူများကို ပြုလုပ်စေရန်အတွက် အလှူဒါန ပေးကမ်း လှူဒါန်းခြင်းအမှုကို မပြုလုပ်ကြပေ။ တိုင်းသူပြည်သား များ၏ အကျိုးမဲ့ သို့မဟုတ်

စိတ်ဆင်းရဲခြင်းဖြစ်ဖို့ အလားအလာရှိသော အခြေအနေမျိုး၌ ဘုရား အလောင်းတို့သည် မိမိ၏တိုင်းပြည်ကို မည်သူ့ကိုမျှ အလှူဒါနအဖြစ် ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ကြပေ။ သို့ရာတွင် စိတ်ထား ခိုင်မြဲစွာ လူအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက် နိုင်မည့် တရားနှင့်ယှဉ်သော ပုဂ္ဂိုလ်အားမူ မိမိ၏တိုင်းပြည်ကို ဖြစ်စေ တွန့်ဆုတ်ခြင်း အလျှင်းမရှိဘဲ ပေးကမ်း လှူဒါန်းကြ သည်။

အဇ္ဈတ္တိကအလှူနှင့် ပတ်သက်၍လည်း ၂-မျိုး ၂-စားခွဲခြား၍ရသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အိ အမိုးမလုံသောကြောင့် မိုးဒဏ်လေဒဏ် အအေးဒဏ်မှ ရှောင်တခင် ကာကွယ်ရ တစ်ခြားနည်းလမ်း မတွေ့မြင်ရသောအခါ မိမိကိုယ်တိုင် ထိုနေရာ၌ လဲလျောင်းပြီ မိမိ၏ကိုယ်ဖြင့် အကာအကွယ် ပြုလုပ်ပေးသည်။ ထိုနည်း အတိုင်းပင် ဘုရား အလောင်း တို့သည် သမ္မာသမ္ဗောဓိဉာဏ် ရရှိရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်း ဝတ္ထုမဟုတ်သော စိတ်ပိုင်းဆိုင်ရာဖြင့် သတ္တဝါတို့၏ အကျိုးရရှိမှု၊ ချမ်းမြေ့ ရွှင်လန်းမှုကို တောင့်တပြီးလျှင် မိမိတို့၏ဒါနပါရမီ ဖြည့်ဆည်းရန် ရည်ရွယ်ချက်ဖြင့် မိမိတို့ကိုယ်ကို သူတစ်ပါးအား အပ်နှင်း ကြသည်။

လက်၊ ခြေ၊မျက်လုံးစသော အင်္ဂါအစိတ်အပိုင်းများကို ပေးလှူသော အလှူ ဒါနသည် ဒုတိယအမျိုးအစားအဇ္ဈတ္တိက ဒါနဖြစ်သည်။ ဘုရား အလောင်းတို့သည် သူတို့၏ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းကို အလှူခံပုဂ္ဂိုလ် အလှူခံလာခဲ့သော် တုန်လှုပ်ခြင်းမရှိဘဲ တွန့်ဆုတ်ခြင်းမရှိဘဲ ပေးကမ်း လှူဒါန်းကြသည်။ ဗဟိဒ္ဓနှ အဇ္ဈတ္တိက ပစ္စည်းဝတ္ထု-၂မျိုးလုံးကို သမ္မာသမ္ဗောဓိဉာဏ် ရရှိရေးအတွက် ပေးကမ်း လှူဒါန်းခြင်း ပြုလုပ်ကြသည်သာ ဖြစ်သည်။

သက်ရှိသတ္တဝါများသည် မင်း၊ သူခိုး၊ မီး၊ ရေ၊ ရန်သူ၊ ကျား၊ ဆင် ဘီလူး ၊သဘက်စသည် တို့ကို ထိတ်လန့်ကြောက်ရွံ့ကြသည်။ ဘုရားအလောင်း တို့သည် ယင်းတို့၏ ထိတ်လန့်ကြောက်ရွံ့မှုကို ကာကွယ်၍ အဘယ အလှူဒါ ပေးကမ်းလှူဒါန်းကြသည်။

စင်ကြယ်သော စိတ်သဘောထားရှိသည့် တရားနာသူအတွက် ဖောက်ပြန် မရှိသော တရားဒေသနာ ဟောကြားခြင်းသည် ဓမ္မဒါနဖြစ်သည်။ ဤလောက နှင့်တမလွန်လောက အကျိုးအတွက် တိကျမှန်ကန်သော အဆုံးအမ ဥပဒေ ပေးခြင်းသည် ဓမ္မဒါနဖြစ်သည်။ ဘုရားအလောင်းတို့၏ ဓမ္မဒါနသည် မက

ပါရမီ

မြောက်ရသေးသူများ ကူးမြောက်သွားရန်အတွက် ၊ကူးမြောက်ပြီးသူများ၏ ရှင့်ကျက်မှုအတွက်ဖြစ်သည်။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ကာမဂုဏ် အာရုံတရားတို့၏ ဆိုးကျိုး၊ သာဝကဗောဓိ၊ အဓိမုတ္တစိတ္တ၊ သီလ သံဝရဣန္ဒြေတို့ကို ထိန်းချုပ်မှု၊ခဲ့ဘွယ်ဘောဇဉ်၌ အတိုင်းအတာ သိရှိနားလည်မှု၊ နိုးနိုးကြားကြားနေမှု၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ၊ဒါနပါရမီ၏ သဘောသဘာဝ၊ ရသ ၊လက္ခဏာ အစရှိသော ထူးခြားချက်များနှင့် ပတ်သက်၍ ညွှန်ကြား ဟောပြခြင်းသည် ဓမ္မဒါန ဖြစ်သည်။ ဓမ္မဒါနသည် အမြင့်ဆုံး ၊အမြတ်ဆုံး ဒါနဖြစ်သည်။

အာမိသဒါန၏ အဓိပ္ပာယ်မှာ အာယု(အသက်)၊ ဝဏ္ဏ(အဆင်း)၊ သုခ(ချမ်းမြေ့မှု)၊ဗလ(ခွန်အား)၊ ဗုဒ္ဓိ(အသိဉာဏ်)စသည်တို့နှင့် ပြည့်စုံ စေရန်အတွက် ခဲဘွယ်ဘောဇဉ်ပေးလှူခြင်း၊ ကိုယ်ကာယ ပင်ပန်းဆင်းရဲမှုနှင့် မွတ်သိပ်မှုကို ပြေပျောက်ရန်အတွက် သောက်စရာကို ပေးလှူခြင်း၊ အရှက်ကို ဖုံးကွယ်ရန်အတွက် အဆင်တန်ဆာအတွက် အဝတ်များကို ပေးလှူခြင်း ဖြစ်သည်။

မည်ကဲ့သို့သော ဂုဏ်ထူးဝိသေသကို ရရှိရန်အတွက် မည်ကဲ့သို့သော လှူဘွယ်ဝတ္ထုကို ပေးလှူရမည်ဆိုခြင်းနှင့် ပတ်သက်၍ အကျဉ်းချုပ်ဖေယားသည် 'ပရမတ္ထ ဒီပနီ'အရ အောက်ပါအတိုင်း ဖြစ်သည်။

| <u>ရရှိသောဂုဏ်ထူးဝိသေသ</u> | <u>ပေးလှူသောပစ္စည်းဝတ္ထု</u> |
|---|---|
| သီလရနံ့ | ရနံ့ |
| ဗုဒ္ဓဂုဏ်တော်၏ တင့်တယ်ခြင်း | ပန်းနှင့်နံ့သာ |
| ဗောဓိမဏ္ဍိုင်နေရာ | နေရာ |
| ဘုရားရှင်၏ အိပ်ရာ | နေရာ |
| လွန်ကဲသော အရှိန်အဝါ | အဆင်း |
| ဗြဟ္မသရ | အသံ |
| ဗုဒ္ဓ၏ နူးညံ့သိမ်မွေ့မှု | ဖဿ |
| အမြိုက် | ဆေး |

ထိုမှတစ်ပါး တရားမင်းအဆင့် ရရှိရေးအတွက် တိုင်းပြည် အလှူဒါန၊ အသိဉာဏ်ပညာ စသည်ရရှိရန် အတွက် အရာမ်၊ ဥယျာဉ်၊ တောအုပ်အလှူဒါန၊

စကြာတံဆိပ် ခပ်နှိပ်ထားသော ခြေတော်ဖြင့် ဗောဓိမဏ္ဍိုင်၌ စင်္ကြံကြွရန်အတွက် ခြေတော်အလှူဒါနစသော ဣန္ဒြေများကို အလှူဒါနပေးကမ်းလှူဒါန်းခြင်းများ ကိုလည်း ပြဆိုထားသည်။ ဘုရားအလောင်းတို့သည် ယင်းကဲ့သို့သော အလှူဒါနအားလုံးကို တစ်စုံတစ်ခုသော အကြောင်းကြောင့်လည်းကောင်း၊ ထိတ်လန့်ကြောက်ရွံ့သောကြောင့်လည်းကောင်း၊ ရှက်ရွံ့သောကြောင့် လည်းကောင်း၊ ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ဘဲ မိမိကိုယ်တိုင် လက်ဖြင့် ပေးကမ်းလှူဒါန်းခြင်းအမှု ပြုလုပ်ကြသည်။ အချိန်ကာလနှင့် ကိုက်ညီသော အလှူဒါနများကိုလည်း ပေးလှူကြသည်။ ပေါင်းစု၍လည်း ပေးကမ်းလှူဒါန်း ကြသည်။ ကာလသုံးပါး၌ ကြည်ရွှင်သော စိတ်နှလုံးဖြင့် ပေးကမ်း လှူဒါန်း ကြသည်။

နိကာယ်ငါးရပ် ပိဋကတ်၌ ရှိသော ဝတ္ထုစာပေသည် ကျယ်ပြန့် ကြီးမားသော ဘဏ္ဍာတိုက်ကြီးဖြစ်သည်။ ယင်းဘဏ္ဍာတိုက်ထဲ၌ ကြက်သီး မွေးညှင်းထစေသော မိမိကိုယ်ကို စွန့်လွှတ်သည့် မိန်းမ ယောကျ်ားနှင့် ကျေးငှက် တိရစ္ဆာန်တို့၏ ဇာတ်ကြောင်း၊ ဝတ္ထုကြောင်းများသည် ကြီးမားသော အခန်းကဏ္ဍက ပါဝင်နေသည်။ ယင်းဇာတ်ကြောင်း ဝတ္ထုကြောင်းများ၌ တိရစ္ဆာန်များကို ဒါနပါရမီ၏ သင်္ကေတအဖြစ် တင်ပြထားသည်ကိုတွေ့ရသည်။ ဇာတ်တော်များကို လေ့လာခြင်းအားဖြင့် ဇာတ်ကြောင်း ဝတ္ထုကြောင်း ပုံစံဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာ တော်သည် လိုက်နာကျင့်ကြံသူများ၏ အပေါ်တွင်ပျောက်ပျက် မသွားသော ဩဇာလွှမ်းမိုးစေသည် ဆိုသည့် အကြောင်းကို သိရှိရသည်။

ဇာတ်တော်များအားလုံး၏ အခြေခံသည် ပါရမီ ၁၀–ပါးဖြစ်သည်။ များသောအားဖြင့် ဇာတ်တော်တိုင်း ဇာတ်တော်တိုင်းသည် ပါရမီတစ်ခုခုပေါ်တွင် အခြေခံပြီး ဘုရားအလောင်း၏ ဘဝနှင့် ပတ်သက်ဆက်နွှယ်နေသည်။ ဇာတ်တော်အများစု၌ ဘုရားအလောင်းသည် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်နေသည်။ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သော ဘုရားအလောင်းသည် လူသားစစ်စစ် ဖြစ်ရသည်ဟူ၍ မဆိုလိုပေ။ ဘုရားအလောင်းကို ကျေးငှက် တိရစ္ဆာန်အဖြစ်ဖြင့် လည်းပုံဖော်ထားသည်။

ဇာတ်တော်များ၌ပါဝင်သော ယင်းဇာတ်ဆောင်များ၏ နှုတ်မှ အဆုံးအ

ဥပဒေသ တစ်ခုမဟုတ်တစ်ခု၊ အထူးအားဖြင့် အသိဉာဏ်ပညာရှိရေး၊ လိမ္မာရေးခြားရှိရေးများကို ညွှန်ကြားပြောပြထားသည်။

အိန္ဒိယနိုင်ငံသည် အလွန်တရာ စိတ်ပါဝင်စားဖွယ် ကောင်းသော ကမ္ဘာကျော်ပုံဝတ္ထုများ၏ မြစ်ဖျားခံရာ ဒေသဖြစ်သည် ဆိုသည်မှာ ထင်ရှားကျော်ကြားနေသည်။ အတိုင်းအဆမရှိ ကြီးမားကျယ်ပြန့်သော ယင်းပုံဝတ္ထုစာပေကို လေ့လာကြည့်လျှင် ယင်းပုံဝတ္ထုစာပေသည် ကမ္ဘာလောက တစ်ခုလုံး၏ ဘာသာရေးစာပေ သို့မဟုတ် ပုံဝတ္ထုစာပေ ပေါ်တွင် မည်မျှလေးလေး နက်နက် ဩဇာသက်ရောက်မှု ရှိနေပြီး ယူဇနာ ထောင်ပေါင်းများစွာဝေးသော ဒေသများ သို့အထိ ရောက်ရှိသွားပြီးလျှင် မည်ကဲ့သို့သော အသွင် မျိုး ဆောင် နေသည် ဆိုသည်ကိုတွေ့မြင်သိရှိ ရပေလိမ့်မည်။[၃၂]

ယင်းပုံဝတ္ထု သို့မဟုတ် ဇာတ်တော်များ၌ ပါဝင်သော ဇာတ်ဆောင်များသည် မည်ကဲ့သို့သော လှူဖွယ်ဝတ္ထုများကိုမျှ မပေးလှူသည်ဟူ၍ မရှိပေ။ ဇာတ်တော်များ၌ ပါရှိသော ဇာတ်ဆောင်များသည် ဒါနပါရမီ ဖြည့်ဆည်းရန်အတွက် ဥစ္စာဓနနှင့် လက်၊ ခြေ၊ မျက်လုံး၊ နှာခေါင်း၊ နားရွက် စသော ကိုယ်လက်အင်္ဂါများကိုလည်းကောင်း၊ မိမိ၏ အသက်နှင့် သားမယားကိုလည်းကောင်း၊ မည်သည့်အရာဝတ္ထုမျိုးကိုမဆို အလှူဒါနအဖြစ် ပေးကမ်းလှူဒါန်းကြသည်။

ယင်းဇာတကစာပေသည် အိန္ဒိယနိုင်ငံနှင့် အခြားဗုဒ္ဓဘာသာနိုင်ငံများ၏ စာရေးဆရာများနှင့် အနုပညာရှင်များ၏ စာပေလက်ရာများနှင့် အနုပညာလက်ရာများဖြစ်လာကြသည်။ ယင်းဇာတ်တော်များနှင့် ပတ်သက်ပြီး အခြေခံမရှိသော ဝေဖန်ရေးအမြင်ဖြင့် မကြည့်ဘဲ အလှူဒါနပြုသော ဇာတ်လမ်း သို့မဟုတ် ဒါနကထာ၏အရင်းအမြစ် အနှစ်သာရကိုဆုပ်ကိုင်လျက် လေ့လာသုံးသပ် ကြည့်မည်ဆိုလျှင် အလွန်တရာ စိတ်ဝင်စားဖွယ် ဖြစ်လာလိမ့်မည်။[၃၃]

စရိယာ ပိဋကတ်၌ ပါရမီတရားနှင့်ပတ်သက်၍ အားလုံးပေါင်းစုပြီး ကဏ္ဍသုံးကဏ္ဍဖြင့် စရိယာ(အတ္ထုပ္ပတ္တိ)သုံးဆယ့်ငါးခု ဖော်ပြထားသည်။ သို့ရာတွင် ယင်းစရိယာများ၌ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ နှင့် ပတ်သက်သော စရိယာ မရှိပေ။ အစပိုင်းစရိယာ ဆယ်ခုသည် ဒါနပါရမီ နှင့် လည်းကောင်း ၊စရိယာ ဆယ်ခုသည် သီလပါရမီ နှင့် လည်းကောင်း၊ စရိယာ ခြောက်ခုသည် သစ္စာပါရမီနှင့်လည်းကောင်း၊ စရိယာနှစ်ခုသည် မေတ္တာ ပါရမီ နှင့်လည်းကောင်း၊

ပါ

စရိယာတစ်ခုသည် ဥပက္ခာပါရမီနှင့်လည်းကောင်း ပတ်သက် သည်။ ကျန်ပါရမီ သုံးပါးနှင့် ပတ်သက်၍မည်သည့် စရိယာကိုမျှ မတွေ့ရပေ။

အကယ်၍ မဟာယာန ဗုဒ္ဓကျမ်းစာများ၌ကဲ့သို့ ထေရဝါဒ ဗုဒ္ဓကျမ်းများ၌လည်း အစပိုင်းတွင် ပါရမီခြောက်ပါး မျှသာရှိမည်ဆိုလျှင် စရိယာပိဋကတ်၌ ပါရမီ ၇–ပါးနှင့် ပတ်သက်သော စရိယာမရှိဘဲ ပါရမီ ခြောက်ပါးနှင့် ပတ်သက်သော စရိယာများသာရှိနေပေလိမ့်မည်။ စရိယာပိဋကတ် ပါသောစရိယာ သို့မဟုတ် ဇာတ်လမ်းများထဲက တစ်ခု (မဟာဂေါဝိန္ဒ စရိယာ) တစ်ပါး ကျန်ဇာတ်လမ်းများသည် ဇာတက အဋ္ဌကထာ၌ ရှိကြသည်။ မဟာ ဂေါဝိန္ဒစရိယာနှင့် တူသောအခြားဇာတ်လမ်းများသည် မဟာဂေါဝိန္ဒ သုတ္တ၌လည်း ရှိသည်။[25] စရိယာတိုင်း၏ ဖွင့်ဆိုချက်သည် ဇာတကဇာတ်လမ်း၌ ဖွင့်ဆိုသည့် အတိုင်း ဖြစ်သည်။ သို့ရာတွင် စရိယာတို့၏ ပုံစံမှာ ဂါထာဖြင့် ဖွင့်ဆိုထားသော ပုံစံဖြစ်သည်။ထိုနည်းအတိုင်းပင် ဇာတက၏မူရင်း ဝတ္ထုကြောင်းများလည်း စကားပြေဖြင့် မဟုတ်ဘဲ ဂါထာဖြင့်သာ ဖွင့်ဆိုထားသည်။ ယင်းဇာတ်လမ်းနှစ်ခု၌ ပါဝင်သော အမည်နာမများလည်း တူညီမှုရှိကြသည်။ ဒါနပါရမီနှင့် ပတ်သက် သော စရိယာများနှင့်လည်း ဇာတကဝတ္ထုကြောင်းများသည် အောက်ပါ အတိုင်းဖြစ်ကြသည်။

(၁) အကိတ္တိစရိယာ – အကိတ္တိဇာတက(၄၈၀)
(၂) သင်္ခစရိယာ – သင်္ခပါလဇာတက(၅၂၄)
(၃) ကုရုဓမ္မစရိယာ – ကုရုဓမ္မဇာတက(၂၇၆)
(၄) မဟာသုဒဿနစရိယာ – မဟာသုဒဿနဇာတက(၉၅)
(၅) မဟာဂေါဝိန္ဒစရိယာ – မဟာဂေါဝိန္ဒသုတ္တ
(၆) နိမိရာဇစရိယာ – နိမိဇာတက(၅၁၄)
(၇) စန္ဒကုမာရစရိယာ – ခဏ္ဍဟာလဇာတက (၅၄၂)
(၈) သိဝိရာဇစရိယာ– သိဝိဇာတက(၄၉၉)
(၉) ဝေဿန္တရစရိယာ – ဝေဿန္တရဇာတက(၅၄၇)
(၁၀) သသပဏ္ဍိတစရိယာ – သသဇာတက(၃၁၆)

ဘုရားအလောင်း အကိတ္တိသည် မရေမတွက်နိုင်သော စည်းစိမ်ဥစ္စာက

နှန့်လွတ်ပြီးလျှင် တောဝနာသို့ ထွက်ခွာသွားပြီး ရသေ့ရဟန်း ပြုလိုက်သည်။ သူနှင့်အတူ သူ၏နှမနှင့် အခြားလူများလည်း ရသေ့ရဟန်းပြု၍နေ ကြသည်။ လာဘ်သပ္ပကာပေါများသည်ဖြစ်၍ စိတ်ပျက်ငြီးငွေ့လာသောကြောင့် ဘုရားအလောင်းသည် တစ်ကိုယ်တည်း ဒမိလတိုင်းပြည် ထွက်ခွာသွားသည်။ ထိုတိုင်းပြည်၌လည်း လာဘ်လာဘနှင့် ပတ်သက်ပြီး စိတ်ပျက်ငြီးငွေ့လာသော အခါ ကာရဒီပကာရကျွန်းသို့ သွားနေသည်။

ဘုရားအလောင်း၏ အကျင့်တရားကြောင့် စိုးရိမ်ထိတ်လန့်သွားပြီးလျှင် သိကြားမင်းသည် သုံးရက်တိုင်တိုင် ဘုရားအလောင်းထံမှ ကာရသစ်ပင်က သစ်ရွက်များကို ပြုတ်ထားသော သစ်ရွက်ပြုတ်များကို အလှူခံသည်။ နောက်ဆုံး၌ အကျင့်တရား၏အကြောင်းကို သိလာသောကြောင့် နတ်တို့သနင်း သိကြားမင်းသည် ဘုရားအလောင်း အားဆုတောင်းရန် ပြောပြသည်။ ဘုရား အလောင်းကလည်း ထူးခြားသောဆုကိုတောင်းသည်။ ဇာတကဝတ္ထု၏ အဆိုအရ ဇာတ်လမ်းအပြည့်အစုံမှာ ဤသို့ဖြစ်သည်။

ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော် မူသည်။ ထိုအချိန်၌ အလှူရှင်တစ်ယောက် ပင့်ဖိတ်သောကြောင့် ဗုဒ္ဓသည် ရဟန်းသံဃာနှင့်အတူတကွ ရက်သတ္တတစ်ပတ်တိတိ အလှူဒါန လက်ခံတော် မူသည်။ ယင်းဒါန ပေးလှူပွဲ၏ နောက်ဆုံးနေ့၌ အရိယာ သံဃာတော်များအား လိုအပ်သော ပစ္စည်းဝတ္ထုအားလုံး ပေးလှူသည်။ မြတ်စွာဘုရားသည် ယင်းဒါနရှင်၏ အလှူဒါနပြုပုံနှင့် ပတ်သက်ပြီး "အလှူဒါနပြုသည့် အစဉ်အလာ သည် ရှေးရှေး ပညာရှင်များ၏ အစဉ်အလာ ဖြစ်သည်။ လူဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ နှစ်ဦးလုံးပင် အလှူဒါနပေးကမ်း လှူဒါန်းသင့်၏" ဟု ချီးကျူး စကား မိန့်တော်မူသည်။ ဒါနရှင် ဥပသကာ၏ လျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားသည် အတိတ်ကာလက ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကို ဆောင် တော်မူသည်။[၃၅]

ရှေးအတိတ်ကာလက ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီး ထီးနန်းစိုးစံနေသည်။ ထိုအချိန်၌ ဘုရားအလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ဗြာဟ္မဏသူဌေးကြီး၏ အမျိုးအနွယ်၌ မွေးဖွားလာသည်။ အကိတ္တိဟုအမည်မှည့်ထားသည်။ အကိတ္တိ သွားတတ်လာတတ်သည့် အရွယ်

ရောက်လာသောအခါ ညီမလေးတစ်ယောက် မွေးဖွားလာပြန်သည်။ ကလေးမလေး၏ အမည်ကို ရသဝတီဟု မှည့်ထားသည်။ ၁၆ နှစ်အရွယ် ရောက်လာသောအခါ ဘုရားအလောင်းသည် တက္ကသိုလ်သို့ သွား၍ ပညာသင်ကြားပြီး ပြန်လာသည်။ ထိုအချိန်၌ သူ၏မိဘနှစ်ပါး ကွယ်လွန် သွားသည်။ မိဘနှစ်ပါး၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ပြီးနောက် သူ့မိဘ၏ ဥစ္စာဓနတို့ကို တွေ့ရသောအခါ မည်သူမဆို မည်မျှ ပေါများကြွယ်ဝသော ဥစ္စာဓနကို ဖြစ်စေ စွန့်ပစ်သွားရမည်ဟု၍ သိမြင်သဘောပေါက်လာ သောကြောင့် သံဝေဂစိတ် ဖြစ်ပေါ်လာသည်။

ဥစ္စာဓနမှုသာ ကျန်ခဲ့ပြီး ဥစ္စာဓနကို စုဆောင်းသူများ မရှိတော့ပေ။ "ဥစ္စာဓန စုဆောင်းသူများသည် မိမိတို့ စုဆောင်းသော ဥစ္စာဓနကို ထားခဲ့ပြီး ကွယ်လွန် သွားကြပြီဖြစ်ရာ ငါ့အနေနှင့် နှမဖြစ်သူအား ပေးအပ်လျက် ရသေ့ရဟန်းပြုရန် အကြံပြုလိုက်သည်။ သို့ရာတွင် နှမဖြစ်သူကလည်း အကိတ္တိနှင့်အတူ ရသေ့ရဟန်း ပြုရန်အဆင်သင့် ဖြစ်လေသည်။

ဘုရင့်ခွင့်ပြုချက်ကို ရယူပြီးလျှင် ဘုရားအလောင်းသည် ရက်သတ္တ တစ်ပတ်တိတိ အလှူဒါန ပေးကမ်းလှူဒါန်းသည်။ သို့ရာတွင် သူပိုင်ဥစ္စာဓန များသည် ကုန်မသွားပေ။ "ငါ၏အာယုသင်္ခါရ အသက်အရွယ် ကုန်ဆုံး ချိန် ရောက်လာပြီ။ ဤ ဥစ္စာဓနများကို အလိုရှိသူများ ယူကြပါစေ"ဟု ကြေညာ ပြီးလျှင် အိမ်တံခါးကို ဖွင့်ထားလိုက်သည်။ ယင်းသို့အားဖြင့် ရတနာ အပြည့်ရှိနေသော အိမ်ဂေဟာကို စွန့်လွှတ်ပြီးလျှင် တငိုငိုတရယ်ရယ် ဖြစ်နေကြသော ဆွေမျိုး သားချင်း များကို ခွဲခွာလျက် သူ၏နှမကိုခေါ်ပြီး ဗာရာဏသီနှင့် နှစ်ယူဇနာ သုံးယူဇနာ ဝေးသော နှလုံးမွေ့လျော်ဖွယ်ကောင်းသည့် နေရာတစ်နေရာသို့သွားသည်။ ထိုနေရာ၌ သစ်ခက် သစ်ရွက်တဲကျောင်း ဆောက်လုပ်ပြီးလျှင် နှမနှင့်အတူ ရသေ့ရဟန်းပြုလိုက်လေသည်။ ဘုရားအလောင်း ရသေ့ရဟန်းပြုပြီးသည့်နောက် ရွာ၊ နိဂုံး၊ နေပြည်တော်၌နေကြသော အရေအတွက်များစွာသော လူတို့သည်လည်း ရသေ့ရဟန်းပြုကြသည်။ ယင်းရသေ့ရဟန်းများသည် လာဘ်သပ္ပကာ ပေါများ လာသည်။

ဘုရားအလောင်းသည် ထိုနေရာ၌ နေရသည်မှာလည်း ငြီးငွေ့လာပြီးလျှင် နှမကိုပင် အသိမပေးတော့ဘဲ တစ်ယောက်တည်း ဒမိလတိုင်းပြည်သို့ ထွက်ခွာသွားသည်။ ဒမိလတိုင်းပြည်၌ ကာဝေရိပဋ္ဋန အနီးရှိ ဥယျာဉ်တွင် နေ

တရားဘာဝနာ စီးဖြန်းအားထုတ်သည်။ ထိုနေရာ၌လည်း ကြည်ညိုသူများ၊ ပေးကမ်းလှူဒါန်းသူများ ပေါများလာပြန်သည်ဖြစ်၍ ထိုနေရာမှလည်း ခွာနှ်ခွာပြီးလျှင် ကောင်းကင်ခရီးဖြင့် နာဂဒီပကျွန်းအနီးရှိ ကကာရဒီပကျွန်းတွင် သက်ဆင်းလိုက်သည်။ ဘုရားအလောင်းသည် ထိုနေရာ၌ ကာရသစ်ပင်အနီးတွင် သစ်ခက်တဲကျောင်း ဆောက်လုပ်လျက် နေထိုင်သည်။ ထိုနေရာ၌ ဘုရားအလောင်းနေသည်ကို မည်သူမျှမသိကြပေ။ သူ၏နှမသည် ဘုရားအလောင်းကိုရှာရင်း ဒမိလတိုင်းပြည်သို့ ရောက်ရှိလာသည်။ နှမ ဖြစ်သူသည် ထိုနေရာ၌ ဘုရားအလောင်းကို မတွေ့ရသောကြောင့် ဘုရားအလောင်း နေခဲ့သော ဉယျာဉ် နေရာတွင် နေထိုင်သည်။

ဘုရားအလောင်းသည် ခြိုးခြံသူဖြစ်၍ မည်သည့်နေရာကိုမှ မသွားပေ။ ထိုသစ်ပင်၌ အသီးသီးချိန်တွင် အသီးကိုစားသည်။ ကျန်သည့်အချိန်၌ သစ်ရွက်များကိုသာ ရေစိမ်ပြီးစားသည်။ ဘုရားအလောင်း၏ ထက်သန် အားကောင်း သော အကျင့်တရားကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ယိမ်းထိုး လှုပ်ရှားသွားသည်။ လူ့ပြည်ကို ကြည့်လိုက်သောအခါ သိကြားမင်းသည် ဘုရားအလောင်းကိုတွေ့မြင်ရသည်ဖြစ်၍ မိမိ၏ သိကြားမင်း အဆင့်ကိုများ ရရှိဖို့ ကြိုးစားနေသလားဟူ၍ စိုးရိမ်မကင်း ဖြစ်သွားသည်။ အကယ်၍ သိကြားမင်းအဆင့်ကို ရရှိဖို့လိုလားနေသူဖြစ်လျှင် ရေစိမ်ထားသော သစ်ရွက်များကို ငါ့အား ပေးလိမ့်မည်။ သို့မဟုတ်လျှင်ကား ပေးမည်မဟုတ်ပေ။ ယင်းသို့ အကြံပြုပြီးလျှင် သိကြားမင်းသည် ဗြာဟ္မဏအသွင် ဆောင်လျက် ဘုရားအလောင်း အား လေ့လာစူးစမ်းရန် ထွက်ခွာလာသည်။

ဘုရားအလောင်းသည် ကာရသစ်ရွက်များကို ပြုတ်လျက် သစ်ရွက်ပြုတ်များကို ရေစိမ်ပြီး အေးလာသောအခါ စားရန်အတွက် သစ်ခက်တဲကျောင်း တံခါးဝ၌ ထိုင်လိုက်သည်။ ထိုအချိန်၌ ဘုရားအလောင်း၏ ရှေ့တွင် ဒေဝရာဇာ သိကြားမင်းသည် ဖုန်းတောင်းယာစကာအသွင်ဖြင့် လာပြီး ရပ်လိုက်သည်။ ဖုန်းတောင်းယာစကာကို တွေ့မြင်ရသောအခါ ဘုရားအလောင်းသည် ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် "ယနေ့အလှူဒါန ပြုရတော့မည်ဖြစ်၍ ငါ၏အလိုဆန္ဒ ပြည့်ဝတော့မည်။ ငါ၏ဤအလှူဒါနသည် သဗ္ဗညုတဉာဏ် ရရှိရန်အတွက် အကြောင်းဖြစ်လိမ့်မည်"ဟု စဉ်းစားဆင်ခြင်ပြီးလျှင် မိမိအတွက် တစ်ရွက်မှ ချန်

မထားဘဲ သစ်ရွက်ပြုတ်အားလုံးကို ဖုန်းတောင်းယာစကာ၏ ခွက်ထဲထည့်လိုက်သည်။

သိကြားမင်းသည် သုံးရက်တိတိ ဘုရားအလောင်းထံသွားသည်။ ဘုရားအလောင်းကလည်း သုံးရက်တိတိ အလှူဒါနပြုသည်။ ယင်းသို့ အလှူဒါနပြုရသောကြောင့် ဘုရားအလောင်းသည် အတိုင်းမသိ ပီတိ သောမနဿ ဖြစ်သွားပြီးလျှင် သုံးရက်လုံးလုံး အစာမစားဘဲ နေသည်။ သိကြားမင်းသည် အကျိုးအကြောင်း သိရှိနားလည်သွား၍ ယင်းအလှူ ဒါနအကြောင်းကို မေးမြန်းစုံစမ်းကြည့်သောအခါ ဘုရားအလောင်းက "ငါသည် စည်းစိမ်ချမ်းသာကို အလိုမရှိ သဗ္ဗညုတဉာဏ် ရရှိရန်အတွက်သာ တရားအကျင့် ကျင့်ကြံ အားထုတ်ခြင်း ဖြစ်၏" ဟု ပြောလိုက်သည်။

သိကြားမင်းက ဝမ်းသာအားရဖြစ်သွားပြီးလျှင် လိုသော ဆုတောင်းရန် ပြောလိုက်သည်။ ဘုရားအလောင်းက ဆုတောင်းရင်း "ငါ့တွင် လောဘ မရှိပါစေနှင့်။ ဒေါသမရှိပါစေနှင့်။ ငါသည် လူမိုက်တို့နှင့် မဆက်ဆံ မပေါင်းသင်းရပါစေနှင့်။ ပညာရှိတို့နှင့် သာ ပေါင်းသင်းဆက်ဆံရပါစေ"ဟု ဆုတောင်းပြီးလျှင် နောက်ဆုံး၌ သိကြားမင်းအား "နောက်တစ်ကြိမ် သင်ငါ့ထံ မလာနှင့်တော့၊ သင့်ထံမှ တစ်စုံတစ်ခု ယူစရာမရှိ"ဟု ပြောလိုက်သည်။ [၂၆]

အထက်ပါစာရင်းဇယားအရ ယခုဇာတ်ကြောင်းသည် စရိယာပိဋကတွင် အကိတ္တိစရိယာအမည်ဖြင့် ပါရှိသည်။ ဇာတကမာလ၌ 'ဇာတက အဂဆတ' အမည်ဖြင့် ပါရှိသည်။[၂၇] နိမိဇာတက [၂၈] ၌ပါသော ရသေ့ဆယ့်တစ်ပါးတို့၏ စာရင်း၌လည်း ယခုဇာတ်ကြောင်းပါသည်။ ဇာတ်တော်၏ အဆုံး၌ ဗုဒ္ဓသည် အနုရုဒ္ဓအား သိကြားမင်း အဖြစ်လည်းကောင်း၊ မိမိကိုယ်တိုင်အား အတိတ်ကာလ ဘုရားအလောင်း အဖြစ်လည်းကောင်း ညွှန်ကြား ဟောပြတော်မူသည်။

'သခ်' ဇာတ်ကြောင်းသည် ပါဠိစာပေ၌ နေရာအတော်များများတွင် ဖော်ပြပါရှိသည်။ 'အသမ္ဗဒါန ဇာတက'[၂၉]၌ ဘုရားအလောင်းသည် သခ်အမည်ဖြင့် ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦးအဖြစ် မွေးဖွားလာသည်။ 'သခ်ဇာတက' တက္ကသိုလ်ရှိ ပြဟ္မဏမျိုးနွယ်၌ မွေးဖွားသည်။ သို့ရာတွင် ယခုဇာတ်ကြောင်းသည် ဇာတကများ၌ မတွေ့ရဘဲ 'ဓမ္မပဒအဋ္ဌကထာ' နှင့် 'ခုဒ္ဒကပါဠ အဋ္ဌကထာ' ၌ ပါရှိသည်။'သခ်ပါလဇာတက' ၌ ဘုရားအလောင်း သည် ဒုယျောဓန အမည်ဖြင့်

ရာဇဂြိုဟ်ပြည်ရှိ မင်းအိမ်၌ မွေးဖွားသည်။ ယင်းဇာတ်ကြောင်းအားလုံးသည် တစ်ခုနှင့်တစ်ခု မတူကြပေ။ 'သခ်ဇာတက' သို့မဟုတ် စရိယာပိဋကတ်၏ ဒါနပါရမီကို ဖော်ပြသော 'သခ်ဗြဟ္မဏ စရိယာ' သည် တစ်ခုနှင့်တစ်ခု မတူကြပေ။ သို့ရာတွင် ယင်းဇာတ်ကြောင်းနှစ်ခု၌ တူညီမှု အချို့ရှိသည်။ စရိယာပိဋကတ် အဋ္ဌကထာနှင့် ဇာတက အဋ္ဌကထာ၏ အဆိုအရ ဘုရားအလောင်း သခ်၏ ဇာတ်ကြောင်းမှာ ဤသို့ဖြစ်သည်။

ရှေးအတိတ်ကာလက ဗာရာဏသီ၏ အမည်သည် မောခိနီ(သခ်ဇာတ-၄၄၂) ဖြစ်သည်။ ယင်းတိုင်းပြည်၌ ဘုရားအလောင်းသည် သခ်အမည်ရှိ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသည့် ဗြဟ္မဏဖြစ်သည်။ သခ်သည် မြို့တံခါး၄-ခု တို့၌လည်းကောင်း၊ မြို့၏ အလယ်နှင့်ရှေ့၌လည်းကောင်း အလှူမဏ္ဍပ်များကို ဆောက်လုပ်ထားသည်။ မဏ္ဍပ်များ၌ နေ့စဉ်နေ့တိုင်း ငွေဒင်္ဂါး ၆-သိန်းဖိုး အလှူဒါန ပေးကမ်းလှူဒါန်းသည်။ အလှူဒါန ပေးကမ်းလှူဒါန်း ရန်အတွက် ဥစ္စာစေ ထပ်မံရှာဖွေလိုသည့်ရည်ရွယ်ချက်ဖြင့် သခ်သည် တပည့်တစ်ယောက်ကို ခေါ်ပြီး ပင်လယ်ဆိပ်ကမ်းရှိသော ပတနဂါမသို့ သွားသည်။ ထိုအချိန်၌ ဂန္ဓမာဒနတောင်တွင် သီတင်းသုံးသော ပစ္စေကဗုဒ္ဓ တစ်ပါးသည် ပင်လယ်ခရီး သွားသူများ၏ ဘေးဒုက္ခကို တွေ့မြင်သိရှိ ရသည့်အတွက် ဘုရားအလောင်းထံ သွားလျက် ဘုရားအလောင်း ပေးလှူသော ထီးနှင့် ဖိနပ်ကို ခံယူတော်မူသည်။ ယင်းအလှူဒါနကြောင့် ဘုရားအလောင်း၏ ပင်လယ်ခရီး၌ ဘေးမသီ ရန်မခ ဖြစ်သွားသည်။

ပင်လယ်ခရီးသွားနေစဉ် ၇-ရက်မြောက်နေ့၌ ဘုရားအလောင်း၏ လှေကွဲသွားသည်။ ဘုရားအလောင်းသည် သူ၏တပည့်နှင့်အတူ ၇-ရက်တိတိ ပင်လယ်သမုဒ္ဒရာထဲတွင် လက်ပစ်ကူးနေရသည်။ ပင်လယ် ဆားငံရည်ဖြင့် ပလုပ်ကျင်းရှုသာ ကျင်းနိုင်သည်။ ထိုအချိန်၌လည်း ဘုရားအလောင်းသည် ဥပုသ်သီတင်းစောင့်သုံးခြင်းကို ရပ်မပစ်ပေ။ ပင်လယ်သမုဒ္ဒရာ၌ ဒုက္ခ တွေ့ကြုံနေရသူများကို ကယ်ဆယ်သော မဏိမေခလာ နတ်သမီးသည် ဘုရား အလောင်းကို ကယ်ဆယ်လိုက်သည်။ ဘုရားအလောင်းအား ကြည်ညို လေးစားသောကြောင့် မဏိမေခလာ နတ်သမီးသည် ရတနာအပြည့်ရှိသော လှေကို ဖန်ဆင်းပြီးလျှင် ဘုရားအလောင်းကို လှေပေါ်တွင်တင်ပြီး မောခိနီမြို့သို့ ပို့လိုက်သည်။

မြတ်စွာဘုရားသည် ယင်းဇာတ်လမ်း ဇာတ်ကြောင်းကို သာဝတ္ထိပြည်၌ ဥပသကာတစ်ဦးနှင့် ပတ်သက်ပြီး ဟောကြားတော်မူခြင်းဖြစ်သည်။ ယင်းဥပသကာသည် ဗုဒ္ဓအမှူးရှိသော ရဟန်းသံဃာများအား ၇-ရက်တိုင် အလှူဒါန ပေးကမ်းလှူဒါန်းသည်။ နောက်ဆုံးနေ့၌ အလွန် အဖိုးထိုက်တန်သော ဖိနပ်များကို လှူဒါန်းသည်။ ယင်းအလှူဒါနနှင့် ပတ်သက်ပြီး သခံ ဇာတ်ကြောင်းကို ဟောပြတော်မူသည်။ ယင်းဇာတ်ကြောင်း၌လည်း ဘုရားအလောင်းက ပစ္စေကဗုဒ္ဓအား ဖိနပ်နှင့်ထီးလှူလျက် ယင်းအလှူဒါန၏ အကျိုးကြောင့် ပင်လယ်သမုဒ္ဒရာထဲတွင် ဘေးမသီရန်မခ ဖြစ်သွားကြောင်းပါရှိသည်။

ရှေးအတိတ်ကာလက ဘုရားအလောင်းသည် ကုရုတိုင်းပြည်၌ ဣန္ဒပတ္ထအမည်ရှိသောမြို့၌ ကုရုဘုရင်၏ အဂ္ဂမဟေသီ မိဖုရားကြီး ဝမ်းတိုက်မှ မွေးဖွားလာသည်။ တက္ကသိုလ်၌ ပညာသင်ကြားပြီး ပြန်လာသောအခါ ကုရုဘုရင်၏ အရိုက်အရာခံ ဣန္ဒပတ္ထဘုရင် ဖြစ်လာသည်။ အမည်မှာ ဓနဥ္စယ ဖြစ်သည်။ ဓနဥ္စယသည် မြို့တံခါး ၄-ခုတို့၌လည်းကောင်း ၊ မြို့လယ်နှင့် နန်းတော်တံခါး၀၌ လည်းကောင်း၊ အလှူမဏ္ဍပ် ၆-ခု ဆောက်လုပ်စေပြီးလျှင် အလှူဒါန ပေးကမ်းလှူဒါန်းသည်။

ဓနဥ္စယသည် 'ကုရုဓမ္မ' ခေါ် ငါးပါးသီလကို ကျင့်သုံးဆောက်တည် သည်။ သူ၏ နန်းတော် တစ်ခုလုံးလည်း သူလိုပင် ငါးပါးသီလ စောင့် ထိန်းကြသည်။ တိုင်းပြည်သည် ဆန်ရေစပါး ပေါများကြွယ်ဝသည်။ ပြည်သူပြည်သားများ ရွှင်လန်းချမ်းမြေ့ကြသည်။ ထိုအချိန်၌ ကလိင်္ဂတိုင်းတွင် မိုးခေါင်ရေရှားဖြစ်သောကြောင့် အငတ်ဘေးကြီး ဆိုက်ရောက်လာသည်။မှူးမတ်များ၏ အကြံဉာဏ်ကို ရယူပြီးလျှင် ဘုရင်သည် အဥ္ဇနဝသ အမည်ရှိသော ဆင်တော်ကို ဆောင်ကြဉ်းလာရန်အတွက် ဗြာဟ္မဏ တစ်ယောက်ကို ဘုရားအလောင်းထံ စေလွှတ်လိုက်သည်။ ထိုဆင်တော်သည် မိုးရွာသွန်း စေနိုင်သည်ဟူ၍ သတင်းပျံ့နှံ့ ကျော်ကြားနေသည့် အတွက်ကြောင့် ဖြစ်သည်။

ဘုရားအလောင်းသည် ဝမ်းမြောက်ဝမ်းသာ ဆင်တော်ကို ပေး လိုက်သည်။ သို့ရာတွင် မိုးကရွာမလာ။ ထို့နောက် ကလိင်္ဂဘုရင်သည် ကုရုတိုင်းပြည်၏ 'ကု ရုဓမ္မ'ကို သင်ကြားနာယူပြီး ကျင့်သုံးဆောက်တည်သွားရန် ဆုံးဖြတ်ချက် ချလိုက်သည်။ အကြောင်းမှုကား 'ကုရုဓမ္မ' ကို လိုက်နာ ကျင့်သုံးသောကြောင့်

ကုရုတိုင်းပြည် ချမ်းသာဝပြော သည်ဟု သိရှိရသည့်အတွက် ဖြစ်သည်။

ကလိင်္ဂဘုရင်၏ တမန်တော်သည် ဘုရားအလောင်းထံသွားပြီးလျှင် ကလိင်္ဂဘုရင်၏ ရည်ရွယ်ချက်ကို ပြောပြသည်။ ဘုရင်မင်းကြီးကစ၍ ပြည့်တန်ဆာထိ 'ကုရုဓမ္မ' ကို တင်းကျပ်စွာ လိုက်နာဆောင်ထိန်းကြသော်လည်း အားလုံးပင် 'ကုရုဓမ္မ' နှင့်ပတ်သက်၍ သံသယဖြစ်ကြသည်။ တမန်တော်၏ တောင်းပန်ချက်ကြောင့် ဘုရားအလောင်းသည် တမန်တော်အား 'ကုရုဓမ္မ' ညွှန်ကြားပြောပြပြီးလျှင် "ငါ၏ မယ်တော်သည် ဓမ္မနှင့် ပတ်သက်၍ ပိုပြီး အားထားရသူဖြစ်၏" ဟု ပြောပြီး တမန်တော်ကို သူ၏ မယ်တော်ထံ ပို့လိုက်သည်။ သို့ရာတွင် မယ်တော်ကလည်း တမန်တော်ကို သားတော်ထံ ပြန်ပို့လိုက်သည်။ တမန်တော်သည် ပြည်သူပြည်သား အားလုံးထံမှ 'ကုရုဓမ္မ'ကို အမှန်အတိုင်း သိရှိနားလည်အောင် သင်ကြားနာယူပြီးလျှင် မိမိ၏ဘုရင်ကို ပြန်လည်ညွှန်ကြားပြောပြသည်။ ကလိင်္ဂဘုရင်သည် 'ကုရုဓမ္မ'(ငါးပါးသီလ)ကို ကျင့်သုံးဆောက်တည်သောကြောင့် တိုင်းပြည်တွင် မိုးဖြိုင်ဖြိုင် ရွာသွန်းလာသည်။

ဇာတကအဋ္ဌကထာ၏ အဆိုအရ ယင်းဇာတ်ကြောင်းသည် သာဝတ္ထိပြည် အစိရဝတီမြစ်ကမ်းပါး၌ ဟသ်၁၂–ကောင်ကို သတ်သော ရဟန်း ၂–ပါးနှင့် ပတ်သက်ပြီး ဗုဒ္ဓဟောကြားတော်မူသော ဇာတ်ကြောင်းဖြစ်သည်။ ယင်းဇာတ်ကြောင်းသည် သီလပါရမီ၌ အကျုံးဝင်သော ဇာတ်ကြောင်း ဖြစ်သည်ဟူ၍ မှတ်ယူသင့်သည်။

ကုရုဓမ္မစရိယာ၌လည်း ငါးပါးသီလကျင့်သုံးဆောက်တည်ခြင်း အကြောင်းပါရှိသည်။ ယင်းပဉ္စသီလသည် နောက်ပိုင်းကျသောအခါ ဗုဒ္ဓ ဘာသာဝင် ဥပါသကာအတွက် 'နိစ္စသီလ' အဖြစ် ထင်မှတ်ယူဆလာခဲ့ကြသည်။ ဇာတ်ကြောင်းနှစ်ခုလုံး၌ ဘုရားအလောင်း အလှူမဏ္ဍပ်များဆောက်လုပ်ပြီး အလှူဒါနပေးကမ်း လှူဒါန်းခြင်း အကြောင်းကို ဖော်ပြထားသည်။ ထို့ကြောင့် ကုရုဓမ္မစရိယာကို ဒါနပါရမီ၌ အကျုံးဝင်သည်ဟူ၍ ဖော်ပြထားခြင်း ဖြစ်ပေလိမ့်မည်။ ကုရုဓမ္မစရိယာ၌ ဘုရားအလောင်း၏ အမည်ကို 'ဓနဥ္စယ' ဟု ဖော်ပြထားသည်။ ကုရုဓမ္မဇာတက ၌မူ 'ဓနဥ္စယ' သည် ဘုရားအလောင်း၏ ခမည်းတော်နာမအဖြစ် ဖော်ပြထားသည်။

မြတ်စွာဘုရားသည် မဟာသုဒဿန ဇာတ်တော်ကို ကုသိနာရုံ

အင်ကြင်းနှစ်ပင်ရင်း၌ ရှိသော မဟာပရိနိဗ္ဗာန်ညောင်စောင်း၌ လျောင်းစ
တော်မူရင်း ဟောကြားတော်မူသည်။ ဗုဒ္ဓ၏ ဥပဋ္ဌာက (ပဓာနအလုပ်အကျွေ
ရှင်အာနန္ဒာက "ဤကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်စံတော်မမူပါနှင့်" ဟ
လျှောက်ထားသောအခါ ဗုဒ္ဓက ကုသဝတီမြို့ရှိ ဘုန်းလက်ရုံးနှင့် ပြည့်စုံသေ
အတိတ်က မဟာသုဒဿနစကြဝတေးမင်း၏ ဇာတ်ကြောင်းကို ဟော
တော်မူသည်။ ယင်းဇာတကနှ၌ ပါသော ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။

ထိုအချိန်၌ မဟာသုဒဿနအမည်ရှိသော ဘုရင်သည် သုဓ
အမည်ရှိသော ပြာသာဒ်ဘုံဆောင်မှ ဆင်းသက်လျက် အနီးရှိ ရတနာခုနစ်သွယ
ခြယ်စီထားသော ထန်းတောဝ္၌ ခင်းကျင်းထားသော အိပ်ရာညောင်စောင်း၌ သေမည
အချိန်ကို စောင့်စားပြီးလျှင် ယင်းအိပ်ရာညောင်စောင်းမှ ကွယ်လွန် သွားသည့်အထ
မထဟူသော ခိုင်မာသော အဓိဋ္ဌာန်ဖြင့် ညာဘက် စောင်း အိပ်နေသည်။

ဘုရင်မင်းကြီး ယင်းကဲ့သို့ ကွယ်လွန်သည့်အထိ မထဟူသော အဓိဋ္ဌာ
ဖြင့် လဲလျောင်းနေသည်ကို တွေ့မြင် ရသော သုဘဒြာဒေဝီမိဖုရားကြီးက "အရှ
မင်းကြီး၏ မြို့ပေါင်း ၈၄၀၀၀ အနက် အဓိကအကျဆုံးမြို့တော်ဖြစ်သည
ဤမြို့တော်ကို ချစ်ကြည်လေးစားမှု ပြုတော်မူပါ"ဟု လျှောက်ထားသည်။ ထိုအ
မဟာသုဒဿနမင်းကြီးက "ဒေဝီ၊ ယခုလိုမပြောနှင့်။ ဤမြို့နှင့် ပတ်သက်ပြ
ခင်မင်တွယ်တာမှု မဖြစ်စေရဟု ကျွန်ုပ်ကို ညွှန်ကြားအမိန့် ပေးထားသည်"ဟ
အမိန့်ရှိသည်။

မိဖုရားကြီးက မေးလျှောက်သောကြောင့် ဘုရားအလောင်း ဘုရင်မင်းကြီးက
"ယနေ့သည်ကား ကျွန်ုပ်ကွယ်လွန်မည့်နေ့ဖြစ်၏" ဟုပြန်ပြောသည
မိဖုရားကြီးသည်ယင်းစိတ်နှလုံးထိခိုက်ဖွယ် ခါးသီးသော အမှန်တရားက
ခံယူနိုင်စွမ်းမရှိသောကြောင့် သည်းထန်စွာ ငိုကြွေးသည်။ ၈၄၀၀၀ မျှသော မိန်းမမျ
မှူးမတ်များ စစ်သေနာပတိများလည်း အားလုံး ငိုကြွေးကြသည
ဘုရားအလောင်းသည် အားလုံးအား "မငိုကြနှင့်" ဟု တားမြစ်ပိတ်ပင်ပြီးလျှ
မိဖုရားကြီးအား "ဒေဝီမငိုပါနှင့်။ သင်္ခါရတရားများသည် တည်မြဲခြင်း မရှိကြက
သင်္ခါရ တရားမှန်သမျှ အားလုံး အနိစ္စဖြစ်၏"ဟု အဆုံးအမ ဥပဒေသညွှန်ပြသေ
ဂါထာကို ရွတ်ပြသည်။

"အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ သမော သုခေါ”

မဟာသုဒဿန ဘုရင်မင်းကြီးသည် အမတနိဗ္ဗာန်နှင့် ပတ်သက်၍ တရားဓမ္မညွှန်ကြားဟောပြပြီးလျှင် တခြားလူပေါင်းကိုလည်း “အလှူဒါန ပေးကမ်းလှူဒါန်းကြရမည်။ အကျင့်သီလနှင့် ပြည်စုံစွာနေကြရမည်။ ဥပုသ် သီတင်း ဆောက်တည်ကြရမည်” စသော အဆုံးအမ ဥပဒေများကို ပေးပြီးလျှင် ဒေဝလောကသို့ ကြွသွားတော်မူသည်။

ယင်းဇာတ်လမ်းသည် ဇာတကအဋ္ဌကထာမှာထက် မဟာသုဒဿန စရိယာ၌လည်း ယင်းဇာတ်ကြောင်းသည် အကျယ်တဝင့် ပါရှိသည်။ ရေးသားစီရင်သော အချိန်ကာလ၏ အမြင်ဖြင့်ကြည့်လျှင် သုတ်၌ ပါသော ဇာတ်ကြောင်းသည် ပရမတ္ထဒီပနီနှင့် ဇာတကအဋ္ဌကထာထက် ပို၍ ရှေးကျပြီး အကျယ်တဝင့်လည်းဖြစ်သည်။ ထို့အပြင်ယင်းဇာတ်ကြောင်းသည် ဒီပဝံသ၊ မဟာဝံသ၊ မဟာဝတ္ထု သုမင်္ဂလဝိလာသိနီ၊ သံယုတ္တနိကာယ်တို့၌လည်း ပါရှိသည်။ ယင်းကိုထောက်လျက် မဟာသုဒဿန ဇာတ်ကြောင်းသည် ပါဠိစာပေ၌ အလွန်တရာ အလေးအနက်ထားသော ဇာတ်တော်ဖြစ်သည်ဟူ၍ သိရှိရသည်။ ယင်းဇာတ်တော်သည် ဗုဒ္ဓ၏ပရိနိဗ္ဗာန်စံခန်းနှင့်လည်း ပတ်သက် ဆက်နွယ် နေသည်။

ဗုဒ္ဓ၏ နောက်ဆုံးတရားအဆုံးအမလည်း ယင်းဇာတ်တော်၌ ပါဝင် ပတ်သက်နေသည်။ ထို့ကြောင့် မဟာသုဒဿနဇာတ်ကြောင်းကို ဤမျှအလေးနက် ထားကြခြင်း ဖြစ်သည်။ ပါရမီ ၁၀-ပါးနှင့် ပတ်သက်၍ မဟာဂေါဝိန္ဒသုတ်၌ ပါရှိသော မဟာဂေါဝိန္ဒဇာတ်ကြောင်းနှင့် နိမိဇာတက၌ ပါရှိသော နိမိဘုရင် ဇာတ်ကြောင်းလည်း အရေးပါသော ဇာတ်ကြောင်းများ ဖြစ်ကြသည်။

စန္ဒကုမာရဝတ္ထုသည် ခဏ္ဍဟာလ ဇာတက၌ပါရှိသည်။ အမှန်က ယင်းဇာတ်တော်၏ အမည်နာမသည် ခဏ္ဍဟာလမဟုတ်ဘဲ စန္ဒကုမာရဇာတက ဖြစ်သင့်သည်။ စရိယာပိဋကတ၌ ယင်းဇာတ်တော်သည် စန္ဒ ကုမာရစရိယာ အမည် နာမဖြင့်သာ ပါရှိသည်။ ဘုရားအလောင်း စန္ဒကုမာရသည် ပုပ္ဖပတီပြည်ရှိ ဘုရင်တစ်ပါး၏ သားတော်ဖြစ်သည်။ ရာဇပုရောဟိတ် ခဏ္ဍဟာလသည် တရားမှုကို မတရားမှု အသွင်ပြောင်းလျက် တံစိုးလက်ဆောင်ယူသည်။ တစ်နေ့ သောအခါ၌ စန္ဒကုမာရ တရားသဖြင့် အဆုံးအဖြတ် ပေးသော ရှာသား

တစ်ယောက်၏ အမှုကို ခဏ္ဍဟာလသည် ဆန့်ကျင်ဘက်က ရပ်လျက် တံစိုး
လက်ဆောင်ယူပြီး မတရားမှုအဖြစ် ပြောင်းလဲပစ်လိုက်သည်။ ထို့ကြောင့်
ခဏ္ဍဟာလသည် စန္ဒကုမာရ၏ ရန်သူဖြစ်သွားသည်။

စန္ဒကုမာရသည် တရားသူကြီးဖြစ်သည်။ သူ၏ဖခင်က မျက်ကန်း
ယုံကြည်သူလည်းဖြစ်သည်။ မိုက်လည်းမိုက်သည်။ တစ်ညသောအခါ၌
စန္ဒကုမာရ၏ ဖခင်သည် နတ်ပြည်အိပ်မက်မက်သည်။ သူ၏စိတ်နှလုံးထဲတွင်
နတ်ပြည်လိုက်သွားလိုသည့် အလိုဆန္ဒ ပြင်းပြင်းပြပြ ဖြစ်ပေါ်နေသည်။ စန္ဒကုမာ
အား ကလဲ့စားပြန်ချေဖို့ အခွင့်ရရှိ လာသောကြောင့် ခဏ္ဍဟာလသည် ဘုရင်အာ
နတ်ပြည်သို့ ပို့ရန်အတွက် သားလေးယောက်စီ လေးယောက်စီ ရှိသော မိန်း
များနှင့် မြင်းကောင်းမြင်းချောများကို သတ်ပြီးယဇ်နတ်ပူဇော်ရမည်ဟူ၍
အကြံဉာဏ်ပေးသည်။ ဘုရင်သည် ရာဇပုရောဟိတ် အကြံပေးသည့်အတိုင်း လုပ်ဖို့
စီစဉ်သည်။ အသတ်ခံရမည့်သူများ၏ ငိုကြွေးခြင်း၊ တိုးလျှိုးတောင်းပန်ခြင်း
တို့ကြောင့် အကြိမ်များစွာယဇ်ပူဇော်ရမည့် အလုပ်ကို လုပ်ဖို့ စီစဉ်သော်လည်း
မလုပ်ဖြစ်ပေ။

သို့ရာတွင် နောက်ဆုံး၌ ယဇ်ပူဇော်ဖို့ အဆင်သင့် ဖြစ်သွားသည်။ ထိုအခါ
သိကြားမင်း လာပြီးဘုရင်အား ခြိမ်းခြောက်ပြီးလျှင် ရက်စက် ကြမ်းကြုတ်သော
လူသားနှင့် တိရိစ္ဆာန် သတ်ဖြတ်သည့် ယင်းအလုပ်ကို မလုပ်ရန် ပိတ်ပ
တားမြစ်သည်။ လူပေါင်းများစွာတို့ကလည်း ခဏ္ဍဟာလအား အုတ်ခဲများဖြ
ပေါက်လျက် နာလန်မထူနိုင်အောင် နှိမ်နင်းလိုက်ပြီးလျှင် ဘုရင်ကိုလည်း
နန်းကချလျက် စဏ္ဍာလရွာထဲ မောင်းထုတ်ပစ်လိုက်ကြပြီးလျှင် ဘုရားအလော
စန္ဒကုမာရအား ဘုရင်မြှောက်လိုက်သည်။

မြတ်စွာဘုရားသည် ယင်းဇာတ်တော်ကို ဂိဇ္ဈကုဋ်တောင်၌ ဟောကြ
တော်မူသည်။ ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်းပြီးလျှင် သံဃာကို သင်
လျက် မြတ်စွာဘုရားအား သေကြောင်းကြံသည်။ သို့ရာတွင် ဒေဝဒတ်
ယင်းပက်စက်သော အကြံသည် အောင်မြင်မှု မရရှိပေ။ ယင်းမကောင်းမှု
စပ်လျဉ်း၍ ရဟန်းသံဃာများအား ဤဇာတ်တော်ကို ဟောကြားတော်မူခြ
ဖြစ်သည်။

မလ္လိကာ မိဖုရား၏ စေ့ဆော်ချက်အရ ပသေနဒီ ကောသလ မင်းဖြ

ပါရမီ
သည် ဘုရားအလောင်းအမှုးရှိသော ရဟန်းသံဃာများအား အလှူဒါန ပြုလုပ်သည်။ ယင်းအလှူဒါနကို အသဒိသဒါနဟု ခေါ်သည်။ ယင်းအတုမဲ့ အလှူဒါနကို လှူဒါန်းရသော်လည်း ဘုရင်မင်းကြီးသည် ကျေနပ်အားရခြင်း မရရှိပေ။ ယင်းကဲ့သို့သော အလှူဒါနမျိုးသည် ဗုဒ္ဓမြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်က တစ်ကြိမ်တစ်ခါတည်းသာ ဖြစ်ဖူးသည်။ ယင်းအလှူဒါနနှင့် စပ်လျဉ်း၍ ဇေတဝန်ကျောင်းတော်၌ ရဟန်းသံဃာတော်များ ဆွေးနွေး ပြောကြားနေကြသောအခါ မြတ်စွာဘုရားသည် အတိတ်ကာလက ဖြစ်ပျက်ခဲ့ဖူးသော သိဝိဘုရင်ဇာတ်တော်ကို ဟောပြတော်မူသည်။

ဘုရားအလောင်း သိဝိသည် အရိဋ္ဌပူရပြည့်ရှင် ဘုရင်ဖြစ်သည်။ သူ့ဖခင်၏ အမည်ကလည်း သိဝိဖြစ်သည်။ သိဝိဘုရင်သည် အလှူဒါန ပြုလုပ်ရာ၌ အလွန်တရာ ရက်ရောသည်။ အလှူဒါန ပြုလုပ်သော နေရာသို့ သွားလျက် ကိုယ်တိုင် ကွပ်ကဲကြည့်ကြပ်ပြီး အလှူဒါန ပေးကမ်း လှူဒါန်းလေ့ရှိသည်။ တစ်နေ့သောအခါ၌ ရာဇပလ္လင်ပေါ်တွင် ထိုင်နေရင်း ဘုရင်မင်းကြီးသည် အလှူဒါနနှင့် ပတ်သက်ပြီး ဆင်ခြင်စဉ်းစားသည်။ အပြင်အပ ဗဟိဒ္ဓအရာဝတ္ထုထဲက မိမိမလှူဖူးသော မည်သည့်ပစ္စည်း ဝတ္ထုမျိုးကိုမှ ဘုရင်မင်းကြီး ကြည့်မမြင်ပေ။ ဘုရင်မင်းကြီးသည် အပြင်အပ ဗဟိဒ္ဓ အရာဝတ္ထုများဖြင့် အလှူဒါနပြုရုံလောက်နှင့် ကျေနပ်အားရခြင်း မရှိပေ။ ထို့ကြောင့် ဤသို့ ဆင်ခြင်စဉ်းစားသည်။

"ငါသည် မိမိ၏ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို အလှူဒါန ပြုလုပ်လို၏ အကယ်၍ အလှူခံတစ်ဦးဦးသည် ငါ၏အရေ၊ အသား၊ အသွေး သို့မဟုတ် မျက်လုံးကိုအလိုရှိပါမူကား မည်သည့်အရာမဆို ငါပေးလှူမည်။ အကယ်၍ တစ်ယောက်ယောက်က သူ့အိမ်တွင် ငါ့ကို အလုပ်လုပ်ခိုင်းပါကလည်း ထီးနန်းကို စွန့်လျက် ထိုလူ၏ အိမ်သွားပြီး ကျွန်ခံမည်"

ဘုရားအလောင်း၏ ယင်းအကြံကို သိကြားမင်းက သိရှိသွားသည်။ သိဝိဘုရင်မင်းကြီး၏ အလှူမဏ္ဍပ်သို့ သွားသောအခါ သိကြားမင်းသည် သူကန်းတစ်ယောက်အသွင်ဆောင်လျက် ဘုရင်မင်းကြီးထံမှ မျက်လုံး အလှူခံသည်။

သိဝိဘုရင်သည် သူ၏ မျက်လုံးနှစ်လုံးကို အလှူခံအား ပေးလှူလိုက်သည်။ ထို့နောက် "ငါ့လို သူကန်းတစ်ယောက်အတွက် ထီးနန်း ဘာလုပ်တော့မည်နည်း"ဟု ဆင်ခြင်စဉ်းစားပြီးလျှင် အမတ်ကြီးအား ထီးနန်းလွှဲအပ်လျက် အလုပ်

အကျွေး တစ်ဦးကိုခေါ်ပြီး တောထဲ သွားနေသည်။ သိကြားမင်းက ဘုရားအလောင်း ထံသွားတွေ့သည်။ သစ္စာဆိုသောကြောင့် ဘုရားအလောင်း မျက်လုံးတစ်ဖက် ပြန်ရသည်။ "မည်သည့်အမျိုးအနွယ်က အလှူခံပုဂ္ဂိုလ်ဖြစ်ဖြစ် ငါ့ထံလာပြီး မည်သည့် အရာဝတ္ထုကိုမဆို အလှူခံလျှင် ငါဝမ်းမြောက်ဝမ်းသာပေးလှူမည်။ ငါ၏ သစ္စာစကားအာနုဘော်ကြောင့် ငါ၏မျက်လုံး အကောင်းပကတိ ပြန်ဖြစ်ပါစေသား" ယင်းကဲ့သို့သော သစ္စာစကားကြောင့် ဘုရားအလောင်း၏ မျက်လုံးတစ်ဖက် အကောင်းပကတိ ပြန်ဖြစ်လာသည်။

ဘုရားအလောင်းသည် ဒုတိယသစ္စာစကားကို ဤသို့ ဆိုပြန်သည်။ "ငါ့အား ထိုအလှူခံ မျက်လုံးတောင်းခံသောအခါ ငါ၏စိတ်နှလုံးထဲတွင် အတိုင်း အဆ အလွန်ကြီးမားသော ပီတိနှင့် အတိုင်းမရှိသော မနုဿတရားများသာ ဖြစ်ပွား ပေါ်ပေါက်လာ၏။ ဤသစ္စာစကား၏ အာနုဘော်ကြောင့် ငါ၏ အခြားမျက်လုံး တစ်ဖက် အကောင်းပကတိ ပြန်ဖြစ်ပါစေသား" ယင်းသစ္စာစကား အတိုင်း ဘုရား အလောင်း၏ အခြားမျက်လုံး တစ်ဖက်လည်း အကောင်းပကတိ ပြန်ဖြစ်လာသည်။

အပြင်အပ ဗဟိဒ္ဓအရာဝတ္ထုများကို ပေးလှူခြင်းသည် ပါရမီ ဖြည့်ကျင့်ခြင်း ဖြစ်သည်။ မိမိကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပေးလှူခြင်းကမူ ဥပပါရမီ ဖြစ်သည်။ သိဝိဘုရင်မင်းကြီးသည် ဤအလှူဒါနဖြင့် "ဥပပါရမီ"ကို ဖြည့်ဆည်းခြင်းဖြစ်သည်။

နောက်ပိုင်း ပါဠိစာပေ၌ ယင်းဇာတ်တော်ကို အလွန်တရာ အလေး အနက် ထားကြသည်။ သက္ကတဗုဒ္ဓစာပေ၌မူ ယင်းဇာတ်တော်ကို အသွင် တစ်မျိုးဖြင့် တွေ့မြင်သိရှိရသည်။ 'အဝဒါနသတက'၊ 'ဇာတကမာလာ'၊'အဝဒါန ကပ္ပလတာ' တို့၌ ယင်းဇာတ်တော်ကို ဖော်ပြထားသည်။ ဒါတဗ္ဗဝတ္ထု အစုစု အားလုံးကို ပေးကမ်းလှူဒါန်းပြီးသည့်နောက် မိမိ၏ ကိုယ်တွင် ဒဏ်ရာဖြစ်အောင် ပြုလုပ်ပြီးလျှ ခြင်းများအား သွေးအလှူဒါနပေးသည်မှာ မိခင်တစ်ဦးက သူ၏ရင်သွေးကို နို့တိုက်သကဲ့သို့ ဖြစ်သည်။ ယင်းဇာတ်တော်၌ပင် သိကြားမင်း အား မျက်လုံး အလှူပေးသည့် အဖြစ်အပျက်လည်း ပါရှိသည်။ သိဝိဘုရင်၏ ဇာတ်ဝတ္ထုသည် 'မဟာဘာရတ' ၌လည်း ပါသည်။ မဟာဘာရတ၏ အဆိုအရ သိဝိဘုရင်သည် ခိုငှက်တစ်ကောင်၏ အသက်ကို ကာကွယ်ရန်အတွက် ခိုပိုင်ရှင်အား ခိုသားနှင့် ညီမျှသော မိမိ၏အသားကို လှီးဖြတ်ပြီး ပေးလှူသည်။

ဘုရားအလောင်း ဝေဿန္တရာသည် သိဝိတိုင်းပြည် ဘုရင်သဉ္စယ၏

သားတော်ဖြစ်သည်။ ၈–နှစ်သားအရွယ်ကပင်ဝေဿန္တရာသည် မဟာဒါနအလှူကြီး တစ်လှူပေးလှူဖို့ အဓိဋ္ဌာန်ပြုလိုက်သည်။ ယင်းအဓိဋ္ဌာန်ကြောင့် မဟာပထဝီမြေကြီး တုန်လှုပ်သွားသည်။ ၁၆–နှစ်အရွယ်တွင် မဒ္ဒိ(မာဒြီ)နှင့် လက်ထပ် ထိမ်းမြားသည်။ ဇာလီ နှင့်ကဏှာ အမည်ရှိ သားတော်နှင့် သမီးတော် မွေးဖွား လာသည်။

ထိုအချိန်၌ ကလိင်္ဂတိုင်းပြည်တွင် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်လာသည်။ ကလိင်္ဂတိုင်းမှ ဗြာဟ္မဏ ရှစ်ဦးသည် ဝေဿန္တရာ မင်းကြီးထံ လာပြီး ဝေဿန္တရာမင်းကြီးထံမှ မိုးရွာသွန်းစေနိုင်သော ဆင်ဖြူတော်ကို အလှူခံသည်။ ဝေဿန္တရာမင်းကြီးက ဆင်ဖြူတော်ကိုပေးလှူလိုက်သည်။ ယင်းသို့ ဆင်ဖြူတော် ပေးလှူလိုက်သည့်အတွက် ပြည်သူ ပြည်သားများ အကြီးအကျယ် စိတ်ထိခိုက်သွားကြပြီးလျှင် သဉ္စယ မင်းကြီးအား ဝေဿန္တရာကို တိုင်းပြည်ကနှင် ထုတ်ပစ်ဖို့ အကြပ်ကိုင်ကြသည်။ ထိုအချိန်၌လည်း ဝေဿန္တရာသည် သူ၏ ခမည်းတော်အား သူလှူဒါန်းပေးကမ်းနေသော မဟာ ဒါနအလှူကြီးကို ဆက်လက် ပေးကမ်း လှူဒါန်းခွင့်ပေးပါရန် တောင်းပန်သည်။ မြင်းလေးကောင် ကထားသော ယာဉ်ရထားဖြင့် ဇနီးမယားနှင့် သားသမီး များကို ခေါ်ပြီးလျှင် ဘုရားအလောင်း ဝေဿန္တရာသည်တောထွက်လာသည်။ မြို့တော်အပြင်ဘက်ရောက်သည်နှင့် တစ်ပြိုင်နက် အလှူခံလေးဦးသည် မြင်းလေး ကောင်ကို အလှူခံကြသည်။ ထိုအခါ နတ်ဒေဝတာများက ဝေဿန္တရာ၏ ယာဉ်ရထားကိုဆွဲကြသည်။ ရှေ့ခရီး အတန်ငယ် ရောက်သွားသောအခါ အလှူခံတစ်ဦးက ယာဉ်ရထားကိုအလှူခံ ပြန်သည်။ ဘုရားအလောင်းဝေဿန္တရာသည် တောသို့ သွားပြီး နေထိုင်သည်။ တော၌ နေထိုင် စဉ် ဗြာဟ္မဏအဘိုးကြီးတစ်ယောက်သည် မိမိ၏ ဇနီးမယားငယ်ကလေးကို ပြုစုလုပ်ကျွေးရန်အတွက် ဝေဿန္တရာထံမှ သားနှင့်သမီးကိုပေးပါဟု အလှူခံသည်။

ယင်းအဖြစ်အပျက်ကို တွေ့မြင်ရသောကြောင့် အကြံ ပက်စက်သူ တစ်ယောက် ဝေဿန္တရာထံမှ ဇနီးမဒ္ဒီကို အလှူခံသွားမှာ စိုးသောကြောင့် သိကြား မင်းသည် ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီးလျှင် ဝင်္ကဂိရိတောင်ပေါ်တွင် ဇနီးမဒ္ဒီကို အလှူခံသည်။ ဝေဿန္တရာသည် ဇနီးကိုကြည့်လိုက်သောအခါ ဇနီး၏ သဘောတူညီချက်ကို သိရသည်ဖြစ်၍ ဇနီးကို အလှူခံအား ပေးလှူလိုက်သည်။ ယင်းမဟာဒါနကြောင့် ပထဝီမြေကြီး တုန်လှုပ်သွားသည်။ သိကြားမင်းသည် မိမိ၏ ပုံသဏ္ဌာန်အစစ်အမှန်ကို ပြပြီးလျှင် ဝေဿန္တရာမင်းကြီးအား ဆုရှစ်ဆု ပေးသည်။

ဇာတကအဋ္ဌကထာ၏ အဆိုအရ ဝေဿန္တရာသည် ဂေါတမဗုဒ္ဓ၏ နောက်ဆုံး ဘုရားအလောင်းဘဝ ဖြစ်သည်။ ကွယ်လွန်သွား ပြီးသည့် နောက်တွင် ဝေဿန္တရာသည် တုသိတာနတ်ပြည် ရောက်သွားသည်။ တစ်ဖန်တုသိတာ နတ်ပြည်မှ ဆင်းသက်လာပြီး သိဒ္ဓတ္ထဂေါတမ အဖြစ် ဖွားမြင်တော်မူသည်။

ဘုရားအလောင်းသည် ပါရမီဖြည့်ကျင့်ရန်အတွက် လူ့ဘဝ၌သာလျှင် မွေးဖွားလာခြင်းမဟုတ်ဘဲ ကျေးငှက် တိရစ္ဆာန် အဖြစ်ဖြင့်လည်း မွေးဖွားလာပြီးလျှင် ပါရမီ တရားများကို ဖြည့်ကျင့်ခဲ့သည်။ ဘုရားအလောင်းတိရစ္ဆာန် ဘဝဖြင့် ပါရမီ ဖြည့်ကျင့်ခဲ့သော ဇာတ်တော်များထဲတွင် 'သသပဏ္ဍိတ' ဇာတ်တော်သည် အတုမဲ့ အဖြစ်အပျက် ဖြစ်သည်။ အိန္ဒိယ တချို့နိုင်ငံများ၏ အစဉ်အလာအရ လကို သသ(ယုန်)၏ အမှတ်အသားဟု ထင်မှတ်ယူဆကြသည်။ ဤဇာတ်တော်သည် ယင်းအယူအဆ၏ နောက်ခံဖြစ်သည်။ သသ(ယုန်)၏ ဒါနအကျင့်နှင့် သီလ အကျင့် တို့ကြောင့် သိကြားမင်းသည် ယုန်၏အမှတ်တံဆိပ်ကို အစဉ်ထာဝရ တည်ရှိနေရန်အတွက် လပေါ်တွင်ခတ်နှိပ်ထားလိုက်သည်။ ဇာတ်လမ်း အကျဉ်းချုပ် မှာ ဤသို့ဖြစ်သည်။

တောတစ်တောတွင် ဘုရားအလောင်းယုန်ပညာရှိ(သသပဏ္ဍိတ)သည် မျောက်၊ မြေခွေး၊ ဖျံ အဆွေခင်ပွန်း သုံးဦးနှင့်အတူ နေထိုင်သည်။ တစ်နေ့သ၌ ပညာရှိ ယုန်သည် ကောင်းကင်၌ လဝန်းပြည့်နေသော လပြည့်ကိုတွေ့မြင် ရသောကြောင့် အဆွေခင်ပွန်းသုံးဦးအား ဥပုသ်စောင့်ရန် ညွှန်ကြားပြောပြသည်။ သူကိုယ်တိုင်လည်း ကျင်းထဲတွင် ဝပ်နေသည်။ နောက်တစ်နေ့၌ အဆွေခင်ပွန်း သုံးဦးသည် ဥပုသ် ထွက်ကြသည်ဖြစ်၍ အစားအစာများကို ရှာပြီး မိမိတို့နေသော နေရာများသို့ ယူဆောင်လာကြသည်။ သမန်းမြက်ကိုသာ စားသော ယုန်ပညာရှိက "အကယ်၍ အလှူခံတစ်ဦးဦး ရောက်လာလျှင် ငါ့ထံတွင် ဘာမှ ပေးလှူစရာမရှိ ငါ ဘာကို ပေးလှူရမည်နည်း"ဟု ဆင်ခြင်စဉ်းစား ပြီးလျှင် အလှူခံပုဂ္ဂိုလ်အား မိမိ၏ ကိုယ်ခန္ဓာကို ပေးလှူမည်ဟူ၍ အဓိဋ္ဌာန် ပြုလိုက်သည်။ ယုန်ပညာရှိ၏ ယင်း သီလ၊ ယင်း ဒါနနှင့် ပတ်သက်သော အဓိဋ္ဌာန်၏ တန်ခိုး ရှိန်စော် အာနဘော် ကြောင့် သိကြားမင်းနေရာသည် ပူလောင်သွားသည်။

ယုန်ပညာရှိကို စူးစမ်းရန်အတွက် သိကြားမင်းသည် ဖြဟ္မဏ အသွင်ဆောင်ပြီးလျှင် ဦးစွာပထမ မြေခွေးထံ သွားလျက် သီလစောင့်ရန်အတွက်

အူမတောင့်ဖို့လိုအပ်သည်ဟု ဆိုပြီး အစာအဟာရတောင်းခံသည်။ မြေခွေးက ဝမ်းသာအားရ သူ့အတွက်ထားသော အသားကို အလှူခံအားပေးလှူလိုက်သည်။ ထိုနည်းအတိုင်းပင် ဖျံကလည်း သူ့အတွက်ထားသောငါးကိုလည်းကောင်း၊ မျောက်ကလည်း ကိုယ့်ကိုယ်ကို လည်းကောင်း အလှူခံအား ပေးလှူလိုက်ကြသည်။

နောက်ဆုံး၌ သိကြားမင်းသည် ယုန်ပညာရှိထံ ရောက်သွားသည်။ ယုန်တွင် ပေးလှူစရာမည်သည့်အရာဝတ္ထုမျှမရှိပေ။ ဘုရားအလောင်းသည် ဗြဟ္မဏအား မီးဖို ဖိုဖို့ပြောလိုက်သည်။ မီးတောက်လောင်သောအခါ ဗြဟ္မဏယောင်ဆောင်ထားသော သိကြားမင်းက ဘုရားအလောင်းအား အကြောင်းကြားလိုက် သည်။ ဘုရားအလောင်းသည် ကျင်းထဲက အပြင်ဘက် ထွက်လာပြီးလျှင် မိမိ၏ ကိုယ်တွင်ရှိနေသောပိုးမွှားများ မီးလောင်ကျွမ်းပြီးသေမသွားစေရန် မိမိ၏ကိုယ်ကို သုံးကြိမ်သုံးခါ လှုပ်ခါလိုက်သည်။ ယုန်ပညာရှိသည် "ကျုပ်ကို သတ်လျှင် အသင်ပါပါဏာတိပါတကံ ကျူးလွန်ရာရောက်လိမ့်မည်။ ထို့ကြောင့် ကျုပ်ကိုယ်တိုင် မီးပုံထဲခုန်ချလိုက်မည်။ အသားကျက်သွားသောအခါ သင် ကျုပ်အသားကို စားပါ"ဟု အလှူခံအား ပြောပြီးလျှင် မီးပုံထဲခုန်ချလိုက်သည်။ သို့ရာတွင် မီးသည် ဘုရားအလောင်း၏ မွေးညင်းတစ်မျှင်မျှကိုပင် လောင်ကျွမ်း သွားအောင် မစွမ်းဆောင်နိုင်ပေ။ ယုန်ပညာရှိသည် ရေထဲခုန်ချလိုက်ရသလို အေးမြသွားသည်။ ထိုအခါ ဗြဟ္မဏက "ကျွန်ုပ် သိကြားမင်းဖြစ်၏။ သင်၏ ဒါနပါရမီကို စမ်းသပ်ကြည့်ရန် ရောက်ရှိလာခြင်းဖြစ်၏" ဟုပြောလိုက်သည်။

ဘုရားအလောင်းယုန်ပညာရှိက "သင်သည် မိမိတစ်ဦးတည်း အတွက်ကိုသာ ပြုမူနေခြင်းဖြစ်၏။ လူ့လောကတစ်ခုလုံးလာစေကာမူ ကျွန်ုပ်အတွက် အလှူဒါနမပြုနိုင်မည့် ပစ္စည်းဝတ္ထုဟူ၍ ရှိမည်မဟုတ်"ဟု သီဟနာဒ ခြင်္သေ့မင်းကဲ့သို့ ရဲရဲတင်းတင်း ထုတ်ဖော်ကြေညာလိုက်သည်။ သိကြားမင်းသည် တောင်ကို ညှစ်ပြီးလျှင် ထွက်လာသောအဆီအနှစ်ဖြင့်လပေါ်တွင် ယုန်တံဆိပ် ခတ်နှိပ်လိုက် သည်။

ဒါနပါရမီ သို့မဟုတ် မိမိကိုယ်ကို စွန့်လွှတ်ခြင်းနှင့် ပတ်သက်သော ဤဇာတ်တော်သည် အလွန်တရာ ထူးခြားသော ဇာတ်တော် ဖြစ်သည်။ ဤဇာတ်တော်သည် 'ဇယဒိဇာတက'(၅၁၅) နှင့် 'ဇာတကမာလာ'၌ လည်းပါသည်။ ပရမတ္ထဒီပနီ၌လည်း ယင်းဇာတ်တော်သည် ဒါနပါရမီ၏ ဆယ်ခုမြောက် သို့မဟုတ်နောက်ဆုံး စရိယာအဖြစ် ဖော်ပြပါရှိသည်။

ပါရမီအမျိုးအစား ခွဲခြားမှုအရ'သသပဏ္ဍိတ စရိယာ' ၌ မိမိကိုယ်ကို စွန့်လွှတ်လျက် ဖြည့်ကျင့်သော ပါရမီဖြစ်၍ ပရမတ္ထပါရမီကို ဖြည့်ကျင့်ခြင်း ဖြစ်သည်။ ယင်းဇာတ်တော်များ၌ သိကြားမင်း၏ အခန်းကဏ္ဍမှာ များသောအားဖြင့် ဇာတ်လမ်း၏ အဆုံးရောက်လာသောအခါ ဇာတ်လမ်းကို နိဂုံးချုပ်သော လူသား အနေနှင့် မပြုလုပ်မဆောင်ရွက်နိုင်သော အလုပ်ကို ပြုလုပ်သော ဇာတ်ဆောင် ပုဂ္ဂိုလ် ဖြစ်သည်။

ဘုရားအလောင်းသည် ဥစ္စာပစ္စည်း သားသမီးဇနီးနှင့် မိမိကိုယ် ခန္ဓာကိုသာ စွန့်လွှတ်ပေးလှူခြင်းမျှသာမကဘဲမိမိဆည်းပူးထားသော ကုသိုလ် ကောင်းမှု ကိုလည်း ပေးလှူရိုးရှိသည်။

အထက်တွင် ဖော်ပြပါရှိသော သိဝိဇာတက၌ ဘုရားအလောင်းသည် သစ္စာဆိုခြင်း၏ အာနုဘော်ဖြင့် သို့မဟုတ် ကုသိုလ်ကောင်းမှု၏ အာနုဘော်ဖြင့် မိမိ၏ မျက်လုံးယခင်အတိုင်း ပြန်လည်ရရှိသည်။ ထိုနည်းအတိုင်းပင် မိမိ ကုသိုလ်ကောင်းမှု၏ အရှိန်အစော်အာနုဘော်ဖြင့် သူတစ်ပါး၏ ကောင်းကျိုး ကိုလည်း ပြုလုပ်ဆောင်ရွက်နိုင်သည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် တစ်စိတ် တစ်ပိုင်းအားဖြင့် မိမိ၏ ကုသိုလ်ကောင်းမှုကို လှူသော အလှူဒါန ဖြစ်သည်ဟူ၍ ထင်မှတ်ယူဆသင့်သည်။ ဖြဟ္မဝိဟာရတရားအရ ဘုရားအလောင်း သည် ဘဝပေါင်းများစွာ၌ မိမိ၏ ကုသိုလ်ကောင်းမှုအစုစုကို သတ္တဝါအားလုံး၏ အကျိုးအတွက် ရည်စူးပြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၁။ ဇာတကအဋ္ဌကထာ
၂။ အင်္ဂုတ္တရနိကာယ်
၃။ အင်္ဂုတ္တရနိကာယ်
၄။ ဒွေဠမာနိ ဘိက္ခဝေ ဒါနာနိ ကတမာနိ ဒွေ(အင်္ဂုတ္တရနိကာယ်)
၅။ သီဟနာဒဝဂ်ဂ (အင်္ဂုတ္တရနိကာယ်)
၆။ ပါယာသိရာဇညသုတ် (ဒီဃနိကာယ်)
၇။ ဒါနဝဂ္ဂ (အင်္ဂုတ္တရနိကာယ်)
၈။ ဒါနဝဂ္ဂ (အင်္ဂုတ္တရနိကာယ်)
၉။ ဒါနဝဂ္ဂ (အင်္ဂုတ္တရနိကာယ်)
၁၀။ အင်္ဂုတ္တရနိကာယ်

ပါရမီ
၁၁။ အင်္ဂုတ္တရနိကာယ်
၁၂။ မဟာနိဒ္ဒေသ
၁၃။အင်္ဂုတ္တရနိကာယ်
၁၄။ အဒိတ္တသုတ် (ဒေဝတာသံယုတ်)
၁၅။ ဓမ္မပဒ
၁၆။ ဣတိဝုတ္တက
၁၇။ ဝိမာန ဝတ္ထု
၁၈။ ပရမတ္ထဒီပနီ
၁၉။ ပရမတ္ထဒီပနီ
၂၀။ ပရမတ္ထဒီပနီ
၂၁။ ပရမတ္ထဒီပနီ
၂၂။ ပရမတ္ထဒီပနီ
၂၃။ ပရမတ္ထဒီပနီ
၂၄။ ပရမတ္ထဒီပနီ
၂၅။ ပရမတ္ထဒီပနီ
၂၆။ ပရမတ္ထဒီပနီ
၂၇။ ပရမတ္ထဒီပနီ
၂၈။ ပရမတ္ထဒီပနီ
၂၉။ Bodhisatta Doctrine
၃၀။ ဇာတကနိဒါန်း
၃၁။ Bodhisatta Doctrine
၃၂။ ဇာတက (၅၂၄)
၃၃။ ဇာတက (၄၄၂)
၃၄။ ပရမတ္ထဒီပနီ
၃၅။ ဒီဃနိကာယ်
၃၆။ သိဝိဇာတက၊ စရိယာပိဋက
၃၇။ ဇာတက၊ ဓမ္မပဒ အဋ္ဌကထာ၊ စရိယာပိဋက
၃၈။ ဇာတက အဋ္ဌကထာ၊ ပရမတ္ထ ဒီပနီ
၃၉။ အသမ္ပဒါန ဇာတက

# သီလပါရမီ

လူ့ဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ မည်သူ၏ကာယ၊ ဝစီ၊ မနောနှင့် ပတ်သက်သော မည်သည့် ကုသိုလ်ကောင်းမှုမဆို သီလ၌အကျုံးဝင်သည်။ ဤနေရာ၌ အထူးပြုပြီးလျှင် ဘုရားအလောင်း၏ သီလအကြောင်းကို ရေးပြ လိုသည်။

ကာယ သံဝရသီလ၊ ဝစီ သံဝရသီလ၊ ကာယဝစီ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ ခဲ့ဘွယ်ဘောဇဉ်၌ အတိုင်းအတာကို သိရှိခြင်း၊ အပြစ်ကင်းစင်သော အသက်မွေးဝမ်းကျောင်း ပြုခြင်းများဖြင့် ဘုရားအလောင်းသည် သီလကို ထိန်းသိမ်းပြီးလျှင် သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထပါရမီများကို ဖြည့်ဆည်းတော်မူသည်။[၁] သီလပါရမီနှင့် ပတ်သက်၍ သာဓက ထုတ်ပြရမည် ဆိုလျှင် ကားစင်တွင် တင်သည့်တိုင်အောင်၊ ကိုယ်ခန္ဓာကို လှံနှင့်ထိုးသည့် တိုင်အောင် အမျက်ဒေါသမထွက်ခြင်းသည် သီလပါရမီဖြစ်သည်။[၂] ယင်းသို့ မိမိကိုယ်ကို စွန့်လွှတ်ခြင်းအားဖြင့် ကျင့်သော သီလပါရမီသည် သီလပရမတ္ထ ပါရမီအဆင့်သို့ ရောက်ရှိသွားနိုင်သည်။[၃]

ဘုရားအလောင်းသည် သီလပါရမီကို ဖြည့်ကျင့်လျက် သတ္တဝါတို့အား နှိပ်စက် ညှင်းပန်း သတ်ဖြတ်ခြင်းကဲ့သို့သော အကုသိုလ်ကံများနှင့် ပတ်သက် ပြီးဟီရိဩတ္တပ္ပတရား အသိ သိမြင်သဘောပေါက်လာသည်။ ဘုရားအလောင်း သည် မည်သည့် သက်ရှိသတ္တဝါကိုမဆို ဆင်းရဲဒုက္ခရောက်အောင် မပြုလုပ်ပေ။

ဘုရားအလောင်းသည် အကျင့်သီလရှိသည်။ စဉ်းလဲခြင်း၊ ကောက် ကျစ်ခြင်း၊ လှည့်စားခြင်း ကင်းသည်။ နားဝင်ပီယံဖြစ်သော၊ မှန်သော၊ အကျိုးရှိသော စကားကို ပြောဆိုသည်။ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည်။ သိမ်မွေ့နူးညံ့သော စိတ်သဘောထားရှိသည်။ မာန်မာနကင်းသည်။ သူတစ်ပါးအပိုင် ပစ္စည်းဆိုလျှင် မြက်၊ သစ်ရွက်မျှကိုပင်ဖြစ်စေ ပိုင်ရှင်မပေးဘဲ မယူပေ။ မိမိပိုင် ပစ္စည်းကို သာလျှင် တစ်စုံတစ်ယောက်အားပေးကမ်းသည်။ အခြားမည်သည့် ပစ္စည်းကိုမျှမပေးပေ။ သူတစ်ပါးပစ္စည်းကိုလည်း လိုချင်တပ်မက်ခြင်း မရှိပေ။ မိမိ၏ စိတ်နှလုံးထဲတွင် မကောင်းမှုနှင့် ပတ်သက်သော မည်သည့်အတွေးအခေါ် အကြံအစည်ကို

ဖြစ်ပေါ်လာခွင့် မပေးပေ။ အမျိုးမျိုးအပြားပြားသော ပျက်စီးရာ ပျက်စီးကြောင်းများကို အဝေးကပင် ရှောင်ရှားသည်။ မိမိကိုယ်တိုင်လည်း မှန်သောစကား ကိုပြောဆိုသည်။ အဓိပ္ပါယ်ရှိသော စကားကိုပြောဆိုသည်။ ဓမ္မနှင့်ယှဉ်သော စကားကိုပြောဆိုသည်။ သူတစ်ပါးကျေးဇူးကိုသိတတ်သော ကတညုတ ကတဝေဒီဖြစ်သည်။ ဓမ္မကို လိုလားသူဖြစ်သည်။ သူတစ်ပါးတို့အားလည်း ယင်းကဲ့သို့ပင်ဖြစ်စေသည်။ သတ္တဝါအားလုံးအား အခါခပ်သိမ်း ကုသိုလ်ကောင်းမှု ပြုလုပ်စေရန်အားပေးလှုံ့ဆော်သည်။ ယင်းသို့အားဖြင့် ပရမတ္ထဒီပနီ၌ ဘုရား အလောင်းကျင့်သုံးသော သီလပါရမီ၏ လက္ခဏာများကို ထုတ်ပြ ပြောဆို ထားသည်။[၅]

သီလပါရမီနှင့် ပတ်သက်ပြီး ဖွင့်ဆိုရာ၌ ဤသို့မိန့်ဆိုထားသည်။ ဂင်္ဂါမြစ်စသည်တို့၏ရေဖြင့် စင်ကြယ်အောင်လုပ်၍မရသော အပြစ်တည်းဟူသော ကြေးကို သီလတည်းဟူသော ရေဖြင့်သာလျှင် စင်ကြယ်အောင်ပြုလုပ်၍ ရသည်။ စန္ဒကူးနံ့သာ စသည်ဖြင့် အေးအောင်ပြုလုပ်၍မရသော ရာဂမီးသည် သီလတည်းဟူသော အအေးဓာတ်ဖြင့်အေးသွားအောင် ပြုလုပ်၍ရသည်။ သီလ အဆင်တန်ဆာသည် ရွှေစသော အဆင်တန်ဆာအားလုံးထက် သာလွန် မြင့်မြတ် သည်။ သီလရနံ့သည် လေညာကိုဆန်လျက် အရပ်မျက်နှာ အားလုံးသို့ ပျံ့နှံ့သွားသည်။ သီလသည်သာလျှင် နတ်ပြည်သို့လှမ်းတက်သော စောင်းတန်းလှေကားဖြစ်သည်။ နိဗ္ဗာန်မြို့တော်သို့ ဝင်ပေါက်ဖြစ်သည်။ ယင်းသို့အားဖြင့် သီလကို ဂုဏ်သိက္ခာအမျိုးမျိုးအရ မြင့်မြတ်သည်ဟူ၍ ပြောဆို ကြသည်။ [၁]

သီလရှိသောသူသည် အကျိုးတရား ငါးပါးရရှိသည် ဟု ပြောဆိုကြသည်။ (၁)စည်းစိမ်ခံစားမှုအကျိုး (၂)ကျော်စောကိတ္တိ ရှိခြင်း (၃)ပရိသတ်ပွဲလယ်၌ ဩဇာတိက္ကမရှိခြင်း (၄)တွေဝေခြင်းမရှိဘဲ ကွယ်လွန်ခြင်း (၅)ကွယ်လွန်ပြီးသည့် နောက် နတ်ပြည်နတ်ရွာသို့လားရခြင်းတို့ဖြစ်ကြသည်။[၆]

သီလသည် ဗုဒ္ဓဘာသာ လူ့ကျင့်ဝတ်၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ သီလမရှိလျှင် ဘာတစ်ခုမှရှိလိမ့်မည် မဟုတ်ပေ။ သီလမရှိလျှင် ပညာလည်းရှိလိမ့်မည်မဟုတ်ပေ။ပညာရှိသူသည် သီလမြေပေါ်၌ ရပ်တည်ပြီးလျှင် ဘဝသံသရာနှင့် အဝိဇ္ဇာအရှုပ်အထွေးများကို ဖြေရှင်းသည်ဟူ၍ ပါဠိပိဋကတ်ကျမ်းစာများ၌ ထပ်ခါထပ်ခါပြောပြထားသည်။

သီလသည် ဥစ္စာမနေ ခုနစ်ပါးထဲက တစ်ပါးဖြစ်သည်ဟူ၍ ထင်မှတ်

ယူဆ ထားသည်။[၇] အနုဿတိခြောက်ပါးတွင်လည်းကောင်း (ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ)၊ သမ္ပဒါ ငါးပါးတွင်လည်းကောင်း (ဉာတိသမ္ပဒါ၊ ဘောဂသမ္ပဒါ၊ အာရောဂျသမ္ပဒါ၊ သီလသမ္ပဒါ၊ ဒိဋ္ဌိသမ္ပဒါ)၊ ပုညကြိယာငါးပါးတွင်လည်းကောင်း၊ မူလ ဓမ္မသုံးပါးတွင်လည်းကောင်း(သီလ၊ သမာဓိ၊ ပညာ) ယင်းတရားအားလုံး၌ သီလသည် မလွဲ သွေ ရှေ့တန်းက ပါဝင်နေသည်။ သီလမရှိလျှင် လူ့ဝတ်ကြောင့် နှင့် ပတ်သက်သော မည်သည့် ဓမ္မ သို့မဟုတ် ကျင့်ဝတ်သိက္ခာနှင့် မှ ပြည့်စုံသူ ဖြစ်မလာနိုင်ပေ။

ဘုရားအလောင်းသည် နည်းလေးမျိုးဖြင့် သီလ စင်ကြယ်အောင် ပြုလုပ်သည်။ ဆင်ခြင် စဉ်းစားခြင်း အားဖြင့်လည်းကောင်း၊ လက်ခံနာယူခြင်း အားဖြင့်လည်းကောင်း၊ ဝိတက်ကင်းသော ကေဂ္ဂတာစိတ် ဖြင့်လည်းကောင်း သီလစင်ကြယ် အောင်ပြုလုပ်သည်။ အကယ်၍ တစ်ခါတစ်ရံ မေ့လျော့ပေါ့တန်စွာ နေမိသောကြောင့် သီလကျိုးပျက်သွားသည့် အခြေအနေ ဖြစ်ပေါ်လာလျှင် ဘုရားအလောင်းသည် ဟိရီနှင့်ဩတ္တပ္ပ တည်းဟူသော ပစ္စည်း ဥစ္စာအားဖြင့် နိုးကြားမှုဖြစ်လာပြီးလျှင် သီလ၌ မြဲမြံခိုင်ခံ့သည့် အခြေအနေသို့ ရောက်ရှိလာသည်။

သီလသည် လေးမျိုးလေးစားရှိသည်။ (၁)စိတ္တသီလ၊ (၂)စေတသိက သီလ၊(၃)သံဝရသီလ၊ (၄)အဗျတိက္ကမသီလ တို့ဖြစ်ကြသည်။[၈] သက်ရှိသတ္တဝါကို ညှင်းဆဲသတ်ဖြတ်ခြင်းစသည်တို့မှ ရှောင်ကြဉ်မည်ဟူသော အသိသည်စိတ္တသီလ ဖြစ်သည်။ သံဝရသီလသည် ငါးမျိုးပြားသည်။

(၁) ပါတိမောက္ခသံဝရ သီလ

(၂) သတိသံဝရ သီလ (မျက်စိစသော ဣန္ဒြေ တို့ကို ထိန်းချုပ်ခြင်း)

(၃) ဉာဏသံဝရ သီလ

(၄) ခန္တီသံဝရ သီလ (အချမ်းအပူ ခံနိုင်ရည်ရှိသော အလေ့အကျင့်)

(၅) ဝီရိယသံဝရ သီလ (ဖြစ်ပေါ်လာသော ကာမဂုဏ်နှင့် ပတ်သက် သည့်အတွေးကို စိတ်ထဲတွင် နေရာမပေးခြင်း)

မကောင်းမှုကျူးလွန်ရမှာ ကြောက်သူအနေနှင့် ရရှိသော ပစ္စည်း ဝတ္ထု များ၌ အပြည့်အဝ တပ်မက်မောမှု ကင်းခြင်းသည် သံဝရသီလဖြစ်သည်။

ဝိသုဒ္ဓိမဂ်၏ အလိုအရ သီလ၏အဓိပ္ပါယ်မှာ ထပ်ခါထပ်ခါ စဉ်းစား

ဆင်ခြင်ခြင်း၊ ကာယကံများနှင့် ပတ်သက်၍စိတ်တည်ငြိမ်မှုရှိခြင်း၊ ကောင်းစွာကျင့်ကြံခြင်း၊ ဆိုလိုသည်မှာကာယကံ အလုပ်များနှင့် ပတ်သက်ပြီး လျှပ်ပေါ်သောစိတ်ကို တည်ငြိမ်အောင်ထားခြင်းသည် သီလဖြစ်သည်။ သီလ၏ဂုဏ်သည် ကုသိုလ်တရားအားလုံးကို ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ အင်္ဂုတ္တရနိကာယ်၌ ကိုယ်၏စင်ကြယ်ခြင်း၊ နှုတ်၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်းကို သီလဟု ခေါ်ဆိုထားသည်။

၁။ဝါရိတ္တသီလ၊ ဘုရားအလောင်း ကျင့်သောသီလသည် နှစ်မျိုးနှစ်စား ရှိသည်။ စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့ဖြစ်ကြသည်။ စာရိတ္တသီလ၏ အဓိပ္ပါယ်မှာ ဘုရားအလောင်းအနေနှင့် သတ္တဝါအားလုံးအပေါ်၌ ကရုဏာစိတ်ထားခြင်း၊ အိပ်မက်ထဲ ၌ပင်သက်ရှိသတ္တဝါများ၏ အကျိုးမဲ့ကို မစဉ်းစား မတွေးခေါ်ခြင်း၊ သူတစ်ပါးအကျိုးစီးပွားကို မပြတ်ဆောင်ရွက်ခြင်း၊ မည်သည့်အခါမှ မည်သူတစ်ဦးတစ်ယောက်ကိုမှ မည်သည့် နည်းနှင့်မှ မညှဉ်းဆဲခြင်း၊ ရှင်ရဟန်းပြုသောအခါ၌ ဗြဟ္မစရိယ အကျင့်ကိုကျင့်သုံးခြင်း၊ မေထုန်ငယ်ခုနစ်မျိုးကို ကိုယ်နှုတ်နှလုံးဖြင့်ရှောင်ကြဉ်ခြင်း၊ အကယ်၍ ရှင်ရဟန်း မဟုတ်ပါက သူတစ်ပါးသားမယားကို မကောင်းသော အမြင်ဖြင့်မကြည့်ခြင်း၊ မှန်သော၊ အကျိုးရှိသော ပိယဝါစာ နားခံသာသော စကားကိုဆိုခြင်း၊ အချိန် ကာလအလိုက် ဓမ္မအလုပ်ကို လုပ်ခြင်းများဖြစ်ကြသည်။ ဘုရားအလောင်းသည် မြတ်သော၊ ဒေါသ ကင်းသော အရာဝတ္ထု အားလုံး၏ အကျိုးတရားဖြစ်သော၊ ဓမ္မသဘော တရားကို ရှုမြင်သုံးသပ်သော၊ ကောင်းမှုကုသိုလ်အသိနှင့်ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်တော်မူ၏။ သတ္တဝါများကိုလည်း အကုသလ ကမ္မပထ အကုသိုလ်ကံ လမ်းကို ရှောင်လျက် သဂ္ဂနှင့်မောက္ခ နတ်ပြည်နတ်ရွာနှင့် လွတ်မြောက်ငြိမ်းချမ်းမှုသို့ သွားသော ကုသလဓမ္မကုသိုလ်တရားလမ်းသို့ လျှောက်သွား စေသည်။[၆]

ဘုရားအလောင်းသည် ပါဏာတိပါတကံကို ရှောင်ကြဉ်ပြီးလျှင် သတ္တဝါအားလုံးအား အဘယဒါန ထိတ်လန့်မှုကင်းခြင်း အလှူဒါနကိုပေးလျက် အခက်အခဲအကျပ်အတည်း ကြုံနေရချိန်၌မှု မေတ္တာတရားကို မျက်ကွယ်မပြုပေ။ မေတ္တာဘာဝနာ၏ အကျိုး ၁၁-ပါးကိုမေတ္တာပါရမီအခန်း၌ ဖော်ပြမည်။ ယခု မေတ္တာဘာဝနာအကြောင်း တချို့တဝက်ကို ဖော်ပြရမည်ဆိုလျှင် ကြောင့်ကြမှုနည်းခြင်း၊ တပ်မက်တွယ်တာမှုနည်းခြင်း၊ အသက်ရှည်ရှည်နေရခြင်း၊ စိတ်ချမ်းသာ ကိုယ်

ပါ၊ ရ၄

ချမ်းသာနေရခြင်း၊ အဒိန္နဒါနကံ ရှောင်ကြဉ်ခြင်း၊ ထူးခြားသော စည်းစိမ်ချမ်းသာကို မတပ်မက်ခြင်း၊ စွန့်လွှတ်ခြင်းဖြင့် လောဘကို ပယ်သတ်ခြင်း၊ အဗြဟ္မစရိယ အကျင့်ကိုရှောင်ကြဉ်ခြင်း၊ လျှပ်ပေါ်လော်လည်မှု ကင်းခြင်း၊ မာတုဂါမများနှင့် တည်တည်မှန်မှန်နေခြင်း၊ မုသာဝါဒကံရှောင်ကြဉ်ခြင်း၊ သတ္တဝါများအပေါ် ကိုယ်ချင်းစာနာမှုထားခြင်း၊ နတ်ဒေဝါများ၏ ချစ်ခင်မှုခံရခြင်း၊ ခံတွင်း၌ သင်းရနံ့ကြိုင်လှိုင်နေခြင်း၊ ကာယနှင့်ဝစီကို ထိန်းချုပ်ခြင်း၊ ထူးခြားသော လက္ခဏာ များနှင့်ပြည့်စုံခြင်းများသည် မေတ္တာဘာဝနာနှင့်ပတ်သက် သောတရားများ ဖြစ်ကြသည်။

မေတ္တာဘာဝနာနှင့် ပြည့်စုံသောဘုရားအလောင်းသည် ကိလေသာ တရားများကို ဖျက်ဆီးပစ်သူဖြစ်ပြီး ဓမ္မ၌တည်ရှိနေသော သူ၏သဒ္ဓါသည် ယိမ်းယိုင်ခြင်းမရှိပေ။ ဘုရားအလောင်း၏ အသံသည် ရှစ်ပါးသော ဂုဏ်အင်္ဂါ များနှင့် ပြည့်စုံသည်။ ဘုရားအလောင်းသည် အချည်းနှီးအလဟဿစကားများကို ပြောဆိုခြင်းမရှိဘဲ သတ္တဝါများ နှင့် ပတ်သက်ပြီး လေးလေးနက်နက်တွေးခေါ် ကြံဆသူဖြစ်သည်။ ပစ္စုပ္ပန်၌ ဖြစ်ပေါ်လာသော အယူအဆနှင့်ပြဿနာများကို ရှင်းလင်းပစ်ရာ၌ ကျွမ်းကျင်ပြီး ဘာသာစကားတစ်ခုတည်းဖြင့် ဘာသာစကား မျိုးပေါင်းများစွာ ပြောဆိုသော သတ္တဝါအားလုံး၏ ပြဿနာများကို ဖြေရှင်းရာ၌လည်း ကျွမ်းကျင်ပြောင်မြောက်သည်။ ဘုရားအလောင်းသည် အားလုံး၏ ကလျာဏ မိတ္တအဆွေခင်ပွန်းကောင်းဖြစ်ပြီး ဦးခေါင်းအဖြတ်ခံရသည့် တိုင်အောင် မကောင်းမှု မကျူးလွန်သော အတုမဲ့ပုဂ္ဂိုလ်ဖြစ်သည်။ အကျဉ်းချုပ် ပြောရလျှင် ယင်းတရား များသည် ဗောဓိသတ္တ ဘုရားအလောင်း၏ ဝါရိတ္တသီလ ဖြစ်သည်။[၁၀]

စာရိတ္တသီလ - ကလျာဏ မိတ္တများအားအလေးအမြတ် ပြုအပ်သော နေရာ၌ ထားပြီးလျှင်ဝတ်ပြုခြင်း၊ ပြုစုခြင်း မကြာခဏ ရှိခိုးခြင်းသည် ဘုရား အလောင်း၏ စာရိတ္တဓမ္မဖြစ်သည်။ ယောဂီများကို လုပ်ကျွေးပြုစုခြင်း၊ ကောင်းစွာ ပြောကြားအပ်သော အဆိုအမိန့်များကိုနာကြားပြီး သာဓုနမော်ခေါ်ခြင်း၊ ဂုဏ်သိက္ခာ ရှိသူများ၏ ဂုဏ်သိက္ခာကို ချီးကျူးခြင်း၊ အကျိုးမဲ့ပြုသူများ ကိုသည်းခံခြင်း၊ ကျေးဇူး ပြုသူများအား အမှတ်တရရှိနေခြင်း၊ ကုသိုလ် ကောင်းမှုအတွက် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုခြင်း၊ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှုကို သမ္မာသမ္ဗောဓိဉာဏ် အတွက် အပ်နှံခြင်း၊ ကုသိုလ် တရားများကို မမေ့မလျော့ရှိနေခြင်း၊ အပြစ်ရှိသော

အကုသိုလ်ကံ၌ အပြစ်ကိုမြင်ပြီး အပြစ်၏အဖြစ်မှန်ကို မိမိ၏ အပေါင်းအဖော်များအားပြောပြခြင်း၊ မိမိနှင့် လိုက်လျောညီထွေရှိကြသူများ၏ သဘောသဘာဝကို ပြုပြင်ပြောင်းလဲရာ၌ ကျွမ်းကျင်ခြင်း ယင်းအရာအားလုံးသည် ဗောဓိသတ္တ ဘုရားအလောင်း၏ စာရိတ္တဓမ္မ ဖြစ်သည်။

မကောင်းမှုအကုသိုလ် ကျူးလွန်ပြုလုပ်သူများအား မကောင်းမှု အကုသိုလ်ကံ မကျူးလွန်အောင် ပြုလုပ်ပြီးလျှင် ကုသိုလ်ကောင်းမှု ပြုလုပ် စေခြင်းသည်လည်း ဘုရားအလောင်း၏ စာရိတ္တဓမ္မဖြစ်သည်။ ရှေးရှေးအတိတ်က ဗောဓိသတ္တများသည် စိတ်ကောင်းနှလုံးကောင်းထားပြီးလျှင် ဒုက္ခပြွမ်းလျက်ရှိသော အခက်အခဲများကို ခံလျက်သတ္တဝါများ၏ အကျိုးအတွက် လှည့်လည်လျက် ဗောဓိဉာဏ်ရရှိရန် အတွက် အားထုတ်ရာ၌ ရင့်ကျက်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်။ ယင်းဗောဓိသတ္တများသည် ငါ့လိုပင် လူသားများပင်ဖြစ်သည်။ ယင်းဗောဓိသတ္တများသည် တစ်ဆင့်ပြီး တစ်ဆင့် ပညာရအောင်ပြုလုပ်ပြီးလျှင် ဗောဓိဉာဏ်ရရှိရေး၌ အဆင့်မြင့်ရောက်ရှိပြီး ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။ ငါလည်း ပညာကျွမ်းကျင်အောင် ပြုလုပ်လျက် အမှန်မုချ ယင်းအဆင့်သို့ရောက်အောင် လုပ်မည်ဟု စဉ်းစားပြီးလျှင် ဘုရားအလောင်းသည် သဒ္ဓါတရား ထက်သန်စွာဖြင့် စိတ်ဓာတ်အင်အားအပြည့်ဖြင့် စာရိတ္တသီလ အပြည့်အဝ ရရှိအောင်လုပ်သည်။[၁၁]

ဘုရားအလောင်းသည် အလိုနည်းသည်။ ရောင့်ရဲသည်။ လျှပ်ပေါ်လော်လည်မှု ကင်းသည်။ ကြည်လင်သော ဣန္ဒြေရှိသည်။ ကြည်လင်သော စိတ်နှလုံးရှိသည်။ လွဲမှားသော အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးကို ရှောင်ကြဉ်သည်။ မိမိ၏ကိုယ်နှင့် အသက်ကို ဂရုမစိုက်ပေ။ ကိလေသာတရား များကို စွန့်ပယ်သည်။ မည်သည့်အခါမျှ မေ့လျော့ပေါ့တန်စွာ မနေပေ။ သမ္မာသမ္ဗုဒ္ဓ ကဲ့သို့ပင် အမတ အဆင့်သို့ရောက်ရှိရန် ကြိုးစားအားထုတ်သည်။ ဘုရားအလောင်း သည် သဒ္ဓါတရားခေါင်းပါးသူများ၌ သဒ္ဓါတရား ရှိလာစေရန် အတွက် လည်း ကောင်း၊ သမာဓိခေါင်းပါးသူများ၌ သမာဓိရှိလာစေရန် အတွက်လည်းကောင်း၊ ပညာမဲ့သူများ၌ ပညာရှိစေရန်အတွက်လည်းကောင်း ကြိုးစားအား ထုတ်သည်။[၁၂] ဘုရားအလောင်းသည် ဘဝပျက်ချိန်၌ အားလုံး၏အဖော်သဟဲ ဖြစ်သည်။ လူများနှင့် ဆက်ဆံပေါင်းသင်းရာ၌လည်း ကျွမ်းကျင်လိမ္မာသည်။[၁၃]

ဗြဟ္မဇာလသုတ်၌ သီလခုနစ်ပါးပြဆိုထားသည်။[၁၄] ခုဒ္ဒကပါဌ၌မှ

ရှင်ရဟန်းများ အတွက် သိက္ခာပုဒ်အဖြစ်ဖြင့် သီလဆယ်ပါးပြဆိုထားသည်။ ယင်းအကျင့်တရားအားလုံးသည် ဘုရားအလောင်းကျင့်သုံးသော သီလပါရမီ၌ အကျုံးဝင်ကြသည်။

ရာဂ၊ ဒေါသ၊ မောဟတို့သည် ဒုစရိုက်မှန်သမျှ၏ အမြစ်အရင်း ဖြစ်သည်။ သိက္ခာပုဒ်သည် မကောင်းမှုဒုစရိုက်များမှ လွတ်ကင်းစေသည်။ မကောင်းမှုဒုစရိုက် မကျူးလွန်အောင် ပိတ်ပင်ဟန့်တားသည်။

သီလပါရမီ၏ စရိယာ ၁၀–ပါးကို စရိယာပိဋကတ်၌ ဖော်ပြထားသည်။ စရိယာ ၁၀–ပါးနှင့်ပတ် သက်သော ဇာတ်တော်များသည် 'ပရမတ္ထဒီပနီ' ကျမ်းဂန်အပြင် ဇာတကအဋ္ဌကထာ၌လည်း တခြားအမည်နာမများဖြင့် ပါရှိသည်။ စရိယာ ၁၀–ပါးတို့၏ အမည်နာမများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မာတုပေါသက စရိယာ (မာတုပေါသက ဇာတက ၅၄၄)
၂။ ဘူရိဒတ္တ စရိယာ (ဘူရိဒတ္တ ဇာတက–၅၄၃)
၃။ စမ္ပေယျ နာဂစရိယာ (စမ္ပေယျ ဇာတက–၅၀၆)
၄။ စူဠဗောဓိ စရိယာ (စူဠဗောဓိ ဇာတက–၄၄၃)
၅။ မဟိံသရာဇ စရိယာ (မဟိံသ ဇာတက–၂၇၈)
၆။ ရုရုရာဇ စရိယာ (ရုရုဇာတက–၄၈၂)
၇။ မာတင်္ဂ စရိယာ (မာတင်္ဂ ဇာတက–၄၉၇)
၈။ ဓမ္မဒေဝပုတ္တ စရိယာ (ဓမ္မ ဇာတက–၄၅၇)
၉။ အလီန သတ္တု စရိယာ (ဇယဒီသ ဇာတက–၅၁၃)
၁၀။ သင်္ခပါလ စရိယာ (သင်္ခပါလ ဇာတက–၅၂၄)

ရှေးသရောအခါ ဘုရားအလောင်းသည် ဆင်သတ္တဝါအဖြစ် မွေးဖွား လာသည်။ ဂုဏ်အင်္ဂါရပ်အလုံးစုံနှင့် ပြည့်စုံသောကြောင့် ဘုရား အလောင်းဆင်သည် ဆင်များထဲတွင် အကြီးအကဲဖြစ်နေသည်။ မိမိ၏ မျက်မမြင်မိခင်ထံသို့ အခြား ဆင်တစ်ကောင်နှင့် ဘုရားအလောင်းဆင်သည် ပျားရည်အပို့ခိုင်းလိုက်သည်။ အပို့ခိုင်းလိုက်သောဆင်သည် ပျားရည်ကို လမ်း၌စားပစ်လိုက်သည်။ နောက်ဆုံး၌ ဘုရားအလောင်းဆင်သည် အားလုံးကို ထားခဲ့ပြီးလျှင် တောင်စောင်းတစ်နေရာသို့

သူ၏မိခင်ကို ခေါ်သွားပြီးလျှင် ပြုစု လုပ်ကျွေးနေသည်။ တစ်နေ့သ၌ ဗာရာဏသီဘုရင်သည် ဘုရားအလောင်းဆင်ကို ဖမ်းသွားသည်။ ဘုရားအလောင်းဆင်သည် မိခင်သောကကြောင့် နေ့ရက်များစွာ အစာ မစားဘဲ နေသည်။ နောက်ဆုံး၌ ဘုရင်သည် ဘုရားအလောင်းဆင်၏ သီလဂုဏ်ကို မြတ်နိုးသွားပြီးလျှင် ဘုရားအလောင်းဆင်အားလွှတ်လိုက်ပြီးလျှင် ဘုရားအလောင်းဆင် နေသောနေရာ၏အနီး၌ မြို့တည်ပြီး သူကိုယ်တိုင် ဘုရားအလောင်းဆင်ကို လုပ်ကျွေးပြုစုနေသည်။

ဗုဒ္ဓသည် ယင်းဟတ္ထိရာဇဆင်မင်း ဇာတ်တော်ကို သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါး နှင့်ပတ်သက်ပြီး၊ ဟောကြားတော် မူခြင်းဖြစ်သည်။ ထိုရဟန်းသည် သူ၏ မိဘနှစ်ပါးအား လုပ်ကျွေးပြုစုရင်း ဆွမ်းခံ၍ရသည့်အထဲက ထမင်းဟင်းကို ကျွေးမွေးနေသည်။ ယင်းအဖြစ်အပျက်ကို ကြားတော်မူသောအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား ထူးထူးခြားခြား ချီးမွမ်းစကားပြောပြီးလျှင် ဆင်မင်းဝတ္ထုကို ဟောလျက် မိဘနှစ်ပါးတို့၏ ကျေးဇူးကြီးမားပုံကို ဟောပြတော်မူသည်။ ယင်းဝတ္ထုသည် သာမဇာတက–၅၄၀နှင့် သံယုတ္တနိကာယ်၌လည်း ပါရှိသည်။ ဓမ္မပဒအဋ္ဌကထာ ၌လည်း 'မာတုပေါသက နာဂရာဇဇနပါလ' အမည်ဖြင့် ပါရှိသည်။

အခြားစရိယာတစ်ခုမှာ 'ဘူရိဒတ္တ' ဖြစ်သည်။ 'ဘူရိဒတ္တ' အမည်ဖြင့် ဇာတ်ကြီးဆယ်ဘွဲ့ထဲတွင် ဇာတ်တော်တစ်ပုဒ်ဖြစ်နေသည်။ ဗုဒ္ဓသည် ယင်းဇာတ်တော်ကို သာဝတ္ထိပြည်၌ ဥပုသ် သီတင်းသီလ ကျင့်သုံး ဆောက်တည်ကြသော ဥပါသကာများနှင့်ပတ်သက်ပြီး ဟောကြားတော်မူခြင်း ဖြစ်သည်။

ဗာရာဏသီဘုရင်သည် သူ၏သားတော်ဗြဟ္မဒတ္တကို သက်ာမကောင်းရှိလာသည် ဖြစ်၍တောအတွင်းသို့ ပို့လိုက်သည်။ ဘုရင့်သားတော်သည် တောထဲတွင် နဂါးမင်း၏ သမီးနှင့်ချစ်ကြိုက်ပြီး သားနှစ်ယောက်ဖွားမြင်လာသည်။ ခမည်းတော် ကွယ်လွန်သွားသောအခါ ဘုရင့်သားတော်သည် သူ၏ သားနှစ်ယောက်နှင့်အတူ မြို့တွင်းသို့ ပြန်သွားသည်။ သူ၏ဇနီးမယားဖြစ်သော နဂါးမကနဂါးတိုင်းပြည် ပြန်သွားသည်။ လိပ်တစ်ကောင်သည် နဂါးမျိုးနှင့် ဘုရင်မျိုး၌ ကိုယ်ခွဲအဖြစ် မွေးဖွားလာသည်။ ဘုရင်မျိုးနွယ်သည် အကြပ်ကိုင်ခြင်း ခံရသောကြောင့် ဘုရင့်သမီးတော်ကို နဂါးဘုရင်ဓတရဋ္ဌအား ပေးလိုက်ရသည်။

ဘုရင့်သမီးတော်သည် နဂါးဗိမာန်၌နေပြီး သားတော်လေးပါး မွေးဖွား
လာသည်။ သားတော်လေးပါးထဲမှ တစ်ပါးဖြစ်သော ဘူရိဒတ္တသည် နတ်ပြည်
နတ်လောကသို့ ရောက်လိုသည့်ဆန္ဒဖြင့် ဥပုသ်သီတင်း သီလကျင့်သုံးဆောက်
တည်သည်။ ဘူရိဒတ္တသည် ဘုရားအလောင်း ဖြစ်သည်။ ဇာတ်တော်၏ အဆုံး၌
ယဇ်ပူဇော်ခြင်းနှင့် ဝေဒကျမ်းဂန်များကို လည်းကောင်း၊ ဗြာဟ္မဏတို့၏ လွဲမှား
သောအမြင်နှင့်ပတ်သက်၍လည်းကောင်း အလေး အနက် ချေဖျက်ထားသည်။

တရံရောအခါ မဂဓဘုရင်နှင့် အင်္ဂဘုရင်တို့သည် စစ်မက် ဖြစ်ပွားကြ
သည်။ တိုင်းပြည်နှစ်ပြည် ကြားထဲတွင် စမ္ပာမြစ်စီးဆင်းနေသည်။ စမ္ပာမြစ်၌နေသော
နဂါးမင်း၏ အကူအညီဖြင့် အင်္ဂတိုင်းပြည်ဘုရင်သည် စစ်နိုင်သူဖြစ်သွားသည်။
အင်္ဂဘုရင်သည် နဂါး ဘုရင်အားဂုဏ်ပြုသည့်အနေဖြင့် ပွဲလမ်းဆင်ယင်ကျင်းပ
သည်။ ထိုအချိန်၌ ဘုရားအလောင်းသည် ဆင်းရဲသား အမျိုးတွင်မွေးဖွားလာသည်။
တစ်နေ့သ၌ မင်းပရိတ်နှင့် အတူတကွ နဂါးဘုရင်၏ စည်းစိမ်ဥစ္စာကို တွေ့မြင်ရ
သောကြောင့် ဘုရား အလောင်းသည် ယင်းကဲ့သို့သော စည်းစိမ်ဥစ္စာမျိုးကို
ရလိုသည့်ဆန္ဒဖြစ်ပေါ်လာသည်။ ဘုရားအလောင်းသည် စွမ်းနိုင်သမျှ အလှူဒါန
ပြုသည်။ သီလဆောက်တည်သည်။ ယင်း၏ အကျိုးဆက်ကြောင့် နဂါးပြည်၌
မွေးဖွားလာပြီးလျှင် စမ္ပေယျအမည်ရှိ နဂါးဘုရင် ဖြစ်လာသည်။ မြတ်စွာဘုရားသည်
သာဝတ္ထိပြည်၌ ယင်းစမ္ပေယျဇာတ်တော်ကို ဥပုသ်သီတင်းသီလ ကျင့်သုံး
ဆောက်တည် ခြင်းနှင့်ပတ်သက်ပြီး ဟောကြားတော် မူသည်။

သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ဗုဒ္ဓသည် စူဠဗောဓိဇာတ်တော်ကို
ရဟန်းတစ်ပါးနှင့်ပတ်သက်ပြီး ဟောကြားတော်မူသည်။ တစ်နေ့သ၌
ဘုရားအလောင်းသည် ကာသိတိုင်း၊ သူကြွယ်တစ်ဦး၏ အိမ်တွင် မွေးဖွား လာသည်။
ဘုရားအလောင်း၏ အမည်မှာ ဗောဓိ ဟုခေါ်သည်။ အိမ်ထောင် ပြုသော်လည်း
ဗောဓိနှင့်သူ၏ဇနီးသည် ဗြဟ္မစရိယအကျင့်သီလကို ကျင့်သုံးဆောက်တည် နေပြီး
လျှင် မိဘနှစ်ပါးကွယ်လွန် သွားသောအခါ သူတို့ပိုင်ဆိုင်သော ဥစ္စာဓနအားလုံးကို
ပေးကမ်းလှူဒါန်းပြီးလျှင် ရသေ့ရဟန်းပြု လိုက်ကြသည်။ တစ်နေ့သောအခါ၌
သူတို့နှစ်ဦးသည် ဘုရင့်ဥယျာဉ်၌ သွားရောက်နေထိုင် ကြသည်။ ဘုရင်သည်
ဇနီးဖြစ်သူ ရသေ့ရဟန်းမအား နန်းတော်သို့ ဆွဲခေါ်သွားသည်။ သို့သော်လည်း
ဘုရားအလောင်းသည် အနည်းငယ်မျှပင် စိတ်ထိခိုက်ခြင်းမရှိပေ။ ဘုရင်မင်းကြီး

သည် ရသေ့ရဟန်းမထံမှ မိန်းမအချစ်ကို မရရှိသောကြောင့် ရသေ့ရဟန်းမအား ရှိသေလေးစားစွာဖြင့် ဘုရားအလောင်းထံ ပြန်အပ်လိုက်သည်။

ယင်းဇာတ်တော်သည် 'ဇာတကမာလာ၌' လည်း ပါရှိသည်။

တရံရောအခါ ဘုရားအလောင်းသည် ဟိမဝန္တာ၌ ကျွဲအဖြစ်မွေးဖွားလာသည်။ ဘုရားအလောင်းကျွဲသည် အားခွန်ဗလနှင့်ပြည့်စုံပြီး တောအတွင်း၌ လှည့်လည်သွားလာ နေသည်။ တစ်နေ့သ၌ ဘုရားအလောင်းကျွဲသည် အရိပ်အာဝါသကောင်းသော သစ်ပင်တစ်ပင်ကို တွေ့သည်။ နေ့လယ်နေ့ခင်းအချိန်၌ မြက်ကိုစားပြီးလျှင် ဘုရားအလောင်းကျွဲသည် ထိုသစ်ပင်အောက်သွားပြီး ရပ်နေသည်။ ခပ်နောက်နောက် မျောက်တစ်ကောင်သည် သစ်ပင်ပေါ်က ဆင်းလာပြီးလျှင် ဘုရားအလောင်းကျွဲ၏ ကျောပေါ်တက်ပြီး ကျင်ကြီးကျင်ငယ် စွန့်သည်။ ဘုရားအလောင်းကျွဲ ဦးချိုကို ခိုပြီးလျှင်အမြီးကို ကိုင်လှုပ်သည်။ မေတ္တာကရုဏာအပြည့်ရှိသော ဘုရားအလောင်းသည် မျောက်၏ စော်ကားချက်ကို အမှုမထားပေ။ တစ်နေ့သောအခါ၌ ဘုရားအလောင်းကျွဲသည် တခြားနေရာသို့ ထွက်ခွာသွားသည်။ ထိုသစ်ပင်အောက်ရောက်လာသော တခြားကျွဲတစ်ကောင်သည် မျောက်၏အကျင့်ဆိုးကြောင့် ဒေါသထွက်သွားပြီးလျှင် မျောက်ကိုသတ်ပစ်လိုက်သည်။

ယင်းဝတ္ထုသည် ဇာတက အဋ္ဌကထာ၌ 'မဟိံသ ဇာတက' အမည်ဖြင့် ပါရှိသည်။ 'ပရမတ္ထဒီပနီ' နှင့် စရိယာ ပိဋကတ်၌လည်း မဟိံသရာဇာ စရိယာ အမည်ဖြင့် ပါရှိသည်။

တရံရောအခါ ဘုရားအလောင်းသည် ဗာရာဏသီပြည်၏ အပြင်ဘက်ရှိ စဏ္ဍာလရွာ၌ မွေးဖွားလာသည်။ အမည်မှာ 'မာတင်္ဂပဏ္ဍိတ' ဖြစ်သည်။ တစ်နေ့သ၌ ဗာရာဏသီ၊ သူကြွယ်သမီး 'ဒိဋ္ဌမင်္ဂလိကာ' သည် ဥယျာဉ်ကစား ထွက်သောအခါ ဘုရားအလောင်းကို တွေ့မြင်ရသည်ဖြစ်၍ 'မမြင်အပ် မမြင်သင့်သူကို မြင်တွေ့နေရပါကလား' ဟု ပြောပြီးလျှင် မွေးရနံ့သင်းထုံ နေသောရေဖြင့် မိမိ၏ မျက်စိကို ဆေးလျက် နောက်လိုက် နောက်ပါများအား ဘုရားအလောင်းကို အရိုက်ခိုင်းသည်။ မာတင်္ဂသည် သတိရလာသော အခါ 'ဒိဋ္ဌမင်္ဂလိကာထူမှ ထမယ်' ဟု ဆုံးဖြတ်ပြီးလျှင် ဒိဋ္ဌမင်္ဂလိကာ၏ ဖခင် သူကြွယ်၏တံခါးဝသွားပြီး လဲလျောင်းနေသည်။

နေ့ရက်ပေါင်းများစွာ ကြာသွားသောအခါ မာတင်္ဂအား ဒိဋ္ဌမင်္ဂလိကာကို

ပေးလိုက်ရသည်။ မဂ်လိကာသည် မာတင်ကို ခေါ်သွားပြီးလျှင် ပြုစုလုပ်ကျွေး နေသည်။နေ့ရက်အတန်ကြာသောအခါ ဘုရားအလောင်းသည် ရသေ့ရဟန်းဝတ် ပြီးလျှင် အကျင့်တရား၏စွမ်းအားကြောင့် မဟာဗြဟ္မာ၏ အသွင်ဖြင့် အထက် ဘုံမှဆင်းသက်လာပြီး အားလုံး၏ အပူဇော်ခံနေရသည်။

ဗုဒ္ဓသည် ယင်းမာတင်ပဏ္ဍိတ ဇာတ်တော်ကို ပိဏ္ဍောလဘာရဒွါဇ မထေရ် ကို ဒုက္ခပေးသော ဥဒေနဝံသဘုရင်နှင့် ပတ်သက်ပြီးဟောကြား တော်မူခြင်း ဖြစ်သည်။ ယင်းဇာတ်တော်၌ အမျိုးဇာတ်မာန်နှင့် လောဘ၊ ဒေါသ၊ မောဟ အစ ရှိသော လွဲမှားသည့် အယူအဆများ၏ ဆိုးကျိုးကို ဖော်ပြထားသည်။

တရံရောအခါ ဘုရားအလောင်းသည် ကာမာဝစရဘုံ၌ ဓမ္မအမည် ဖြင့်မွေးဖွား လာပြီး၊ ဒေဝဒတ္တက အဓမ္မအမည်ဖြင့် မွေးဖွားလာသည်။ ဓမ္မသည် ဥပုသ်နေ့၌ လူ့လောကသို့ဆင်းသက်လာပြီးလျှင် ဓမ္မနှင့် ပြည့်စုံ သောဘဝဖြင့် နေသွားကြရန် အဆုံးအမ ဩဝါဒပေးသည်။ အဓမ္မကမူ ဓမ္မနှင့်မညီညွတ်သော ဘဝမျိုးဖြင့် နေသွားရန် အားပေးအားမြှောက် ပြုလုပ်သည်။

တစ်နေ့သ၌ ကောင်းကင်တွင် ဓမ္မနှင့် အဓမ္မတို့၏ရထားနှစ်စင်း တစ်စင်းနှင့် တစ်စင်းတိုက်ကြပြီးလျှင် ဓမ္မနှင့် အဓမ္မတို့သည် 'သူ့လမ်းကမှန်သည်။ ငါ့လမ်းကမှန်သည်' ဟုအငြင်းပွားကြသည်။ သို့ရာတွင် နောက်ဆုံး၌ အဓမ္မ၏ ရထားသည် မြေကြီးပေါ်ကျသွားပြီး၊ နရက်ငရဲသို့ဆင်းသွားသည်။

ဗုဒ္ဓသည် ဒေဝဒတ္တ၏ရန်ငြိုးနှင့်ပတ်သက်ပြီး၊ ယင်းဓမ္မဒေဝပုတ္တ ဇာတ် တော်ကို ဟောကြား တော်မူခြင်းဖြစ်သည်။

ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် မိခင်ကို လုပ်ကျွေးသော ရဟန်းကို အကြောင်းပြု၍ အလိနသတ္တု ဇာတ်တော်ကို ဟောကြားတော်မူ ခြင်းဖြစ်သည်။ ပဉ္စာလဘုရင်၏ ဧတုတ္တသားတော် ဇယဒိသသည် ခမည်းတော် ကွယ်လွန်သွားသောအခါ ပဉ္စာလ တိုင်းပြည်၏ ဘုရင်ဖြစ်လာသည်။ သူ၏ ညီ အစ်ကိုသုံးယောက်ကိုမူ သူ၏မယ်တော်အပေါ် ရန်ငြိုးထားသောဘီလူးမက စားပစ်လိုက်သည်။ ဇယဒိသ၏ မိဖုရားကြီးတွင် ဘုရားအလောင်း မွေးဖွား လာသည်။ ဘုရားအလောင်း အမည်မှာ အလီနသတ္တု ကုမာရ ဖြစ်သည်။ တစ်နေ့သ၌ တောကစားထွက်စဉ် တောထဲတွင်ဇယဒိသကို ဘီလူးတစ်ကောင်က ဖမ်းထားသည်။ ဘီလူးအား 'ဆက်ဆက်ပြန်လာခဲ့မည်' ဟုကတိပေးပြီးလျှင်

ဇယဒိသသည် မြို့ထဲပြန်လာသည်။ တက္ကသိုလ်မှလာသော နန္ဒအမည်ရှိ ဗြဟ္မဏတစ်ဦးထံမှ အဆုံးအမ ဩဝါဒခံယူပြီး ထိုဗြဟ္မဏအား အလှူဒါန ပေးလိုသည့်အတွက် မြို့သို့ပြန်သွားခြင်းဖြစ်သည်။

ဘုရားအလောင်း အလီနသတ္တုသည် ခမည်းတော်ကို ခွင့်ပန်လျက် ခမည်းတော် ကိုယ်စား ယက္ခိုက်ဘီလူးအား မိမိကိုယ်ခန္ဓာကိုကျွေးရန် တောထဲ သွားသည်။ ဘုရားအလောင်း၏အကြောက်အရွံ့ကင်းပုံကို တွေ့ရသောကြောင့် ဘီလူးသည် ဘုရားအလောင်းကို မစားတော့ပေ။ "မိမိအား ဖမ်းဆီးသူသည် ဘီလူးမဟုတ် လူဖြစ်၏"ဟု သိသည်ဖြစ်၍ ဘုရားအလောင်းသည် ဘီလူးကို ရသေ့ တစ်ပါးထံ ခေါ်သွားပြီး၊ "ဤပုဂ္ဂိုလ်သည် ဘီလူးမဟုတ် လူဖြစ်၏"ဟု ပြောဆို သည်။ အမှန်က ထိုပုဂ္ဂိုလ်သည် သူ့ခမည်းတော်၏ အစ်ကိုကြီးဖြစ်သည်။ ဇယဒိသ၏ ညီအစ်ကို နှစ်ယောက်ကိုမူ ဘီလူးမက စားပစ်လိုက်သည်။ သို့ရာတွင် တတိယညီအစ်ကိုတော်သူကိုမူ ဘီလူးမသည် သားလိုချစ်ခင်သည့် စိတ်ပေါ် လာသည့်အတွက် မွေးမြူကြည့်ရှုထားသည်။ အကျိုးအကြောင်း သိရှိသွား သောအခါ ဘုရားအလောင်းအနေနှင့် ခမည်းတော်ဖြစ်သူက ပြန်ခေါ်သော်လည်း မြို့သို့ပြန်မလာတော့ဘဲ တောအတွင်း၌သာ ရသေ့ရဟန်းတစ်ပါး၏အထံ၌ ရဟန်းပြုလိုက်သည်။ ထိုပုဂ္ဂိုလ် ရသေ့ရဟန်းမပြုခင် ဘုရားအလောင်းက ထို ပုဂ္ဂိုလ်အား ကံငါးပါး တည်စေခဲ့သည်။

ယင်းဇာတ်တော်သည် ဒါနပါရမီနှင့်ပတ်သက်ပြီး 'သခ်စရိယာ' ၌ အကျုံးဝင် နေသည်။ ယင်းဇာတ်တော်များမှတစ်ပါး ဇာတက အဋ္ဌကထာနှင့် ဓမ္မပဒ အဋ္ဌကထာတို့၌ ပါရမီနှင့်ပတ်သက်သော ဇာတ်တော်ပေါင်းများစွာ ပါရှိသည်။ ဇာတကဝတ္ထုတိုင်းဝတ္ထုတိုင်းသည် ပါရမီတစ်ပါးပါးကို ဖြည့်ကျင့်မှုနှင့် ပတ်သက် နေသည်သာလျှင် ဖြစ်သည်။

၁။ ပရမတ္ထဒီပနီ
၂။ စရိယာပိဋက
၃။ ပရမတ္ထဒီပနီ
၄။ ပရမတ္ထဒီပနီ
၅။ ဝိသုဒ္ဓိမဂ်၊ ပရမတ္ထဒီပနီ

(က) နဂဂ်ါ ယမုနာ စာပိ သရဘူ၀ သရသွတိ၊
နန္နဂါဝါ စိရ၀တီ မဟီ၀ါပိ မဟာနဒီ။

(ခ) သက္ကုဏန္တိ ဝိသောခေတုံ၊ တံ မလံ ဣဓ ပါဏိနံ၊
ဝိသောဓယတိ သတ္တာနံ၊ ယံဝေ သီလံ မလံ။

(ဂ) န တံ သဇလတာ ဝါတာ၊ နစာပိ မာရိ စန္ဒနံ၊
ဝေ ဘာရာ နမဏာယော၊ န စန္ဒကိရဏာ ကုရာ။

(ဃ) သီလဂန္ဓသမောဂန္ဓော၊ ကုတောနာမဘာဝိဿတိ၊
ယောသမ အနုဝါတေစ၊ ပရိဝါတေ စ ဝါမတိ။

(င) သဂ္ဂရောဟဏ သောပါဏ၊ အဒ္ဓံ
သီလသမံကုတော
ဒွါရံ၀ါပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

၆။ အင်္ဂုတ္တရနိကာယ် ပဉ္စမနိပါတ်

၇။ သဒ္ဓါဓနံ သီလဓနံ ဟိရီဩတ္တပ္ပိယဓနံ၊
သုတ္တဓနံစ စာဂံစ ပညာဝေ သတ္တမံဓနံ။
အင်္ဂုတ္တရနိကာယ်၊ ဆဋ္ဌမနိပါတ်

၈။ ပဋိသမ္ဘိဒါမဂ်

၉။ ပရမတ္ထဒီပနီ

၁၀။ စဂန္တိ တိမ့် သီလေသု ပရိပူရက ရတာယ ပ၀တ္တန္တီတိ စာရိတ္တံ၊ ဝရိတံတာ သန္တိ ရက္ခန္တိ တေနတိ ဝါရိတ္တံ၊ တတ္ထ သဒ္ဒါ ဝီရိယ သာဓနံ စာရိတ္တံ သဒ္ဒါသတိ သာဓနံ ဝါရိတ္တံ။ (ဝိသုဒ္ဓိမဂ်)

၁၁။ ပရမတ္ထဒီပနီ

၁၃။ ပရမတ္ထဒီပနီ

၁၄။ ပါဏာတိပါတ၊ အဒိန္နဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုဿဝါစာ၊ သမ္ဖပ္ပလာပ၊ (ဒီဃနိကာယ်)

၁၅။ ခုဒ္ဒက ပါဠ

# နိက္ခမပါရမီ

ဘုရားအလောင်းသည် နိက္ခမပါရမီနှင့်ပတ်သက်၍ ထိပ်တန်းအုံ့ဖွယ် သုံးမျိုးကို ပြုလုပ်ဆောင်ရွက်သည်။ ယင်းအံ့ဖွယ်သုံးမျိုး၏ သာဓကများကို မဃဒေဝဇာတ်(၉)၊ ယုဓဉ္စယဇာတ်(၄၆၀)၊ သောမနဿဇာတ်(၅၀၅) နှင့် ဟတ္ထိပါလဇာတ်(၅၀၉)စသော ဇာတ်တော်များ၌တွေ့မြင်သိရှိရသည်။ ဘုရားအလောင်းတို့သည် ထီးနန်းစည်းစိမ်ကို မြက်သစ်ရွက်ကဲ့သို့ သဘောထားလျက် စွန့်လွှတ်ပြီးလျှင် နိက္ခမပါရမီဖြည့်ဆည်း ကျင့်သုံးတော်မူကြသည်။ စူဠပုတ္တသောမ၏ မဟာဘိနိက္ခမ မြင့်မြတ်ကြီးကျယ်သော တောထွက်တော်မူခြင်းနှင့် ပတ်သက်၍ 'မဟာရဇ္ဇံ ဟတ္ထဂတံ ခေလ ပနဏ္ဍစ ဆိဒ္ဓယိ စဇတော နဟာ သနလဂ္ဂနံ ဧသ မေ နိက္ခမါပရမီတိ' (ကြီးကျယ်သော ထီးနန်းစည်းစိမ်ကို လက်ဝယ်ရရှိသော်လည်း တံတွေးကဲ့သို့ စွန့်လွှတ်၏။ စွန့်လွှတ်ချိန်၌ ဘုရားအလောင်းသည် စိုးစဉ်းမျှပင် တွယ်တာ ကပ်ငြိခြင်းမရှိပေ။ ယင်းသည် နိက္ခမပါရမီဖြစ်၏။) ဟုဆိုထားသည်။ ဘုရားအလောင်း၏စိတ်သည် ကရုဏာတရား အပြည့် ရှိနေသောကြောင့် ကာမဂုဏ်တရားများနှင့် ပတ်သက်ပြီး ငြီးငွေ့လာပြီးလျှင် တောထွက်လိုသော ဆန္ဒဖြစ်ပေါ် လာသည်။

သိဒ္ဓတ္ထဂေါတမ၏ မဟာဘိနိက္ခမ မြင့်မြတ်သောတောထွက်ခြင်းသည် ဘုရားအလောင်းကျင့်သုံးဖြည့် ဆည်းသော နိက္ခမပါရမီ၏ သာဓက အထွတ်အထိပ်ဖြစ်သည်။ ဘုရားလောင်းသိဒ္ဓတ္ထသည် လောကသံသရာနှင့် သင်္ခါရတရားအားလုံး၏ မတည်မြဲခြင်း၊ အနှစ်သာရမဲ့ခြင်း၊ ဆင်းရဲခြင်း သဘောတရားများကို သိရှိလာသောကြောင့် လောကသံသရာနှင့် သင်္ခါရတရားအားလုံးကို စွန့်လွှတ်ပြီးလျှင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူရန် အတွက် မဟာဘိနိက္ခမ မြင့်မြတ်သော တောထွက်ခြင်းကို ပြုလုပ်တော်မူသည်။ ဘုရားအလောင်းသိဒ္ဓတ္ထသည် စည်းစိမ်ဥစ္စာ ဟူသမျှကို ဓားသွားပေါ်တွင် တင်နေသော ပျားရည်စက်ကဲ့သို့ အောက်မေ့ပြီးလျှင် နိက္ခမပါရမီကို ဖြည့်ဆည်းတော် မူခြင်း ဖြစ်သည်။ စည်းစိမ်ဥစ္စာဟူသမျှကို ဝမ်းဗိုက်၌ စွဲနေသောမီးကဲ့သို့လည်းကောင်း၊ သောက်လေသောက်လေ ငတ်မပြေသော ဆားငံရည်ကဲ့သို့လည်းကောင်း၊ မွတ်သိပ်မှုကို တိုးပွား

စေသော သေရည်သေရက်ကဲ့သို့ လည်းကောင်း အဆင့်နိမ့်သူများ မှီဝဲသော အရာဝတ္ထုဖြစ်သည်ဟူ၍လည်းကောင်း ထင်မှတ်လျက် နိက္ခမပါရမီ၏ ကောင်းကျိုးများကို စဉ်းစား ဆင်ခြင်ပြီးလျှင် နိက္ခမပါရမီကို ကျင့်သုံး ဆောက်တည်ခြင်း ဖြစ်သည်။

နိက္ခမပါရမီ၌ လောကီလူ့ဘောင်ကို ခွာရှောင်ပြီးလျှင် ရသေ့ရဟန်း ပြုခြင်းသည် အခြေခံကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်းတို့သည် ရသေ့ရဟန်း ပြုလုပ်ကြသည်။ အကယ်၍ မိမိ၏ ခေတ်၌ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ပွင့်တော်မူနေလျှင် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု ကြသည်။ သို့မဟုတ် ပါက ကမ္မဝါဒီ၊ ကြိယာဝါဒီ ရသေ့ရဟန်း တစ်ဦးဦး၏ထံသို့ သွား၍ ရသေ့ ရဟန်းပြုကြသည်။ ရသေ့ရဟန်းပြုပြီးလျှင် သီလဆောက်တည်လျက် သီလပါရမီ စင်ကြယ်မှုအတွက် ကျင့်သုံးကြသည်။ ဓုတင် ကျင့်သုံးဆောက်တည်သော ဘုရားအလောင်းသည် အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ လုံ့လဥဿာဟရှိခြင်း စသော ဂုဏ်အရည် အချင်းများနှင့် ပြည့်စုံပြီးလျှင် နိက္ခမပါရမီကို ဖြည့်ဆည်းတော်မူကြသည်။

ပါဠိကျမ်းဂန်များ၌ နိက္ခမပါရမီနှင့် ပတ်သက်သော စရိယာ သို့မဟုတ် ကျင့်စဉ် ၅–မျိုးကို တွေ့မြင်သိရှိရသည်။ စရိယာပိဋကနှင့် ပရမတ္ထဒီပနီ၌ နိက္ခမပါရမီနှင့် ပတ်သက်သော ကျင့်စဉ် သို့မဟုတ် ဇာတ်တော်များ ပါရှိသည်။ စရိယာပိဋကနှင့်ဇာတက၌ဇာတ်လမ်းတူညီစွာပါဝင်နေသော ဇာတ်တော်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ယုဓဉ္စယ စရိယာ (ယုဓဉ္စယ ဇာတက ၄၆၀)
(၂) သောမနဿ စရိယာ (သောမနဿ ဇာတက ၅၀၅)
(၃) အယောဃရ စရိယာ (အယောဃရ ဇာတက ၅၁၀)
(၄) ဘိသ စရိယာ (ဘိသ ဇာတက ၄၈၈)
(၅) သောဏပဏ္ဍိတ စရိယာ (သောဏနန္ဒ ဇတက ၅၃၂)

ယင်းစရိယာများနှင့် ဇာတကဝတ္ထုများအပြင် ပါဠိကျမ်းဂန်များ၌ နိက္ခမ ပါရမီနှင့်ပတ်သက်ပြီး မဃဒေဝ ဇာတ်တော်ကဲ့သို့သော ဇာတ်ဝတ္ထုတော်များလည်း

အများအပြားရှိသည်။ မဃဒေဝဇာတ်တော်သည် သုတ္တန်ပိဋကတ်၌လည်း ပါရှိသည်။

တစ်နေ့သ၌ ဓမ္မနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားကြသော ရဟန်းသံဃာတော်များသည် မြတ်စွာဘုရား၏ ဂုဏ်တော်များနှင့်ပတ်သက်ပြီး ကြီးမားကျယ်ပြန့်သော စည်းစိမ်ချမ်းသာကို စွန့်လွှတ်လျှက် ကာမဂုဏ်အာရုံများ၏ အပြစ်ကိုမြင်ကာ ရဟန်းပြုပြီးလျှင် ဒုက္ကရစရိယာအကျင့် ကျင့်သုံးပြီးနောက် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူကြောင်းကို ဆွေးနွေးပြောကြားနေကြသည်။ မြတ်စွာဘုရားက ရဟန်းတော်များအား မည်ကဲ့သို့သော အကြောင်းအရာကို ဆွေးနွေးပြောကြားနေကြသနည်းဟု မေးတော်မူသည်။ ရဟန်းသံဃာတော်များက မြတ်စွာဘုရား၏ အကျင့်တရားနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားနေကြသည်ဟု ပြန်လည်ဖြေကြားကြသည်။ ထိုအခါ မြတ်စွာဘုရားက မိမိသည် ဤဘဝ၌သာ ပထမဦးဆုံးအကြိမ် မဟာဘိနိက္ခမ မြတ်သော တောထွက်ခြင်းအမှုကို ပြုလုပ်သည် မဟုတ်ပေ။ ယခင်အတိတ်ဘဝကလည်း ဆယ့်နှစ်ယူဇနာ ကြီးမားကျယ်ပြန့်သော ဗာရာဏသီပြည်ကို စိုးရသည့် ထီးနန်းစည်းစိမ်ကို စွန့်လျက် အဘိနိက္ခမ တောထွက်ခြင်းအမှုကို ပြုလုပ်ခဲ့သည် ဟူ၍ မိန့်တော်မူသည်။ ယင်းနိက္ခမ ပါရမီ၏ ယုဓဋ္ဌယ ဇာတ်ဝတ္ထုမှာ ဤသို့ ဖြစ်သည်။

တစ်ချိန်တုန်းက ဘုရားအလောင်းသည် ဗာရာဏသီဘုရင် သဗ္ဗဒတ္တ၏ သားတော် ယုဓဋ္ဌယအဖြစ် မွေးဖွား လာသည်။ ယုဓဋ္ဌယသည် သားတော် တစ်ထောင်တို့၏ အကြီးဆုံးအစ်ကို ဖြစ်သည်။ ယင်းညီအစ်ကိုများ ထဲက အငယ်ဆုံးမှာ ယုဓိဋ္ဌိရ ဖြစ်သည်။ ဘုရင်မင်းကြီးက ဘုရားအလောင်း ယုဓဋ္ဌယကို အိမ်ရှေ့အရာ အပ်နှင်းသည်။တစ်နေ့သ၌ ဥယျာဉ်အတွင်းသို့ သွားသောအခါ ဘုရားအလောင်းသည် မြက်ပင်များ၏ အဖျားနှင့် သစ်ခက်များ၏အဖျား၌ ရှိနေသော ပင့်ကူမျှင်များတွင် ပုလဲသွယ် ပုလဲလုံးကဲ့သို့ တွဲလဲကျနေသော နှင်းပေါက်များကို တွေ့မြင်ရသည်။ ညနေချိန် ဥယျာဉ်မှ ပြန်လာသောအခါ ယင်းနှင်းပေါက်အားလုံး ပျောက်ကွယ်သွားကြသည်။ ရထားထိန်းကို ယင်းအကြောင်းအရာနှင့်ပတ်သက်ပြီး မေးမြန်းစုံးစမ်းကြည့်သောအခါ ဘဝသံသရာ၏ မတည်မြဲပုံကို သိရှိရသောကြောင့် သံဝေဂတရား ဖြစ်ပေါ်လာပြီးလျှင် သူ၏ညီတော်ငယ်နှင့်အတူ ဟိမဝန္တာသို့ တောထွက်သွားသည်။

မြတ်စွာဘုရားသည် သောမနဿဇာတ်တော်ကို သာဝတ္ထိပြည်၌

သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားအား သေကြောင်းကြံသော ဒေဝဒတ္တနှင့် ပတ်သက်ပြီး ဟောကြားတော်မူခြင်း ဖြစ်သည်။

တစ်ချိန်တုန်းက ကုရုတိုင်း၏ ဥတ္တရပဉ္စာလမြို့၌ရေဏုအမည်ရှိဘုရင် စိုးမိုးအုပ်ချုပ်နေသည်။ ထိုဘုရင်သည် အချိန်ကာလကြာမြင့်စွာအထိ သား မထွန်းကားပေ။ တစ်နေ့သ၌ မဟာရက္ခိတအစရှိသော တပသီငါးရာတို့သည် ဟိမဝန္တာကြွလာပြီးလျှင် ဘုရင့်ဥယျာဉ်၌ နေထိုင်ကြသည်။ ပြန်ကြွချိန် ရောက်သော အခါ တပသီများသည် ဘုရင်၏ သားရတနာမထွန်းကားပုံနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားကြသည် ထိုအခါ မဟာရက္ခိတက ဘုရင် မင်းကြီးတွင် မကြာမီ သားရတနာ မွေးဖွားလာမည့် အကြောင်း ပြောကြား လိုက်သည်။

ယင်းတပသီများထဲမှ အကြံသမား တပသီတစ်ဦးသည် အကြောင်းပြ တစ်ခုနှင့် ဘုရင့်ထံပြန်လာပြီးလျှင် ဘုရင်မင်းကြီးအား သားရတနာ မွေးဖွား လာမည့်အကြောင်း ဟောကိန်းထုတ်လိုက်သည်။ ဘုရင်မင်းကြီးသည် ထိုတပသီ အား ဘုရင့်ဥယျာဉ်တွင်း၌နေထိုင်စေသည်။ ထို့နောက်မိဖုရားကြီး ဘုရားအလောင်း သောမနဿ မင်းသားကိုဖွားမြင်၍ ခုနစ်နှစ်အရွယ်ရှိသောအခါ ...။ တစ်နေ့သ၌ ဘုရားအလောင်း သောမနဿသည် ဥယျာဉ်တွင်း၌ ရှိသော ယင်းတပသီ၏ မှုမမှန်ပုံကို တွေ့မြင်ရသောကြောင့် ယင်းတပသီအား 'မာလီ' ဟုခေါ်လိုက်သည်။ တပသီသည် အမျက်ဒေါသ ထွက်သွားပြီးလျှင် ဘုရင်မင်းကြီးအား ဘုရားအလောင်း အကြောင်း မဟုတ်မမှန် လုပ်ကြံ ပြောလျက် ဘုရားအလောင်းကို အကောက်ဉာဏ် ဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားသည်။ ဘုရားအလောင်းသည် သူ၏ ခမည်းတော် ဘုရင်မင်းကြီးကို ဖြစ်ရပ်မှန် ပြောလိုက်သည်ဖြစ်၍ ဘုရားအလောင်း၏ အဆုံးအမဩဝါဒကို နာရသောကြောင့် မိဘနှစ်ဦးလုံး တောထွက်သွားကြသည်။

ဘုရားအလောင်းအယောဓရသည် ဗာရာဏသီဘုရင့်သားတော် ဖြစ်သည်။ သူ၏ နောင်တော်နှစ်ပါးမွေးဖွား လာသောအခါ ဘီလူးမက စားပစ်လိုက်သည်။ ဘီလူးမ၏ ဘေးရန်ကြောင့် သားတော်အယောဓရကို နှစ်ပေါင်း တစ်ရာတိတိ သံအိမ်တွင်ထားသည်။ သို့ရာတွင် ရာဇာဘိသိက် တင်မြှောက်ချိန်၌ ဘုရားအလောင်းသည် သူ့အလိုလို သတိသံဝေဂ ရလာသောကြောင့် စည်းစိမ် ဥစ္စာဟူသမျှကို စွန့်လွှတ်ပြီးလျှင် ဟိမဝန္တာသို့ တောထွက်သွား တော်မူသည်။ ဘုရားအလောင်းနှင့်အတူ သူ၏မယ်တော်နှင့် ခမည်းတော်အပြင် မှူးမတ်စသည်

ပါရမီ
တို့လည်း ရသေ့ရဟန်း ပြုကြသည်။ မြတ်စွာဘုရားသည် အယောဓရ ဇာတ်တော်ကိုလည်း နိက္ခမပါရမီနှင့် ပတ်သက်ပြီး သာဝတ္ထိပြည်၌ ဟောကြားတော်မူခြင်းဖြစ်သည်။

ဘိက္ခုစရိယာ(စရိယာ ပိဋက) နှင့် မဟာကဥ္စနစရိယာ (ပရမတ္ထဒီပနီ)၌ ပါသော မဟာကဥ္စန ဇာတ်ဝတ္ထုသည် ကုရု ဇာတက(၅၃၁) တွင်လည်း ပါရှိသည်။ မြတ်စွာဘုရားသည် ယင်းဇာတ်တော်ကို စိတ်နှလုံးတွေဝေနေသော ရဟန်းတစ်ပါးနှင့် ပတ်သက်ပြီး ဟောကြားတော်မူခြင်း ဖြစ်သည်။ဇာတက အဋ္ဌကထာ၌လည်း ယင်းဇာတ်လမ်းသည် ဘိက္ခု ဇာတက(၄၈၈) အမည်ဖြင့် ပါရှိသည်။ ဇာတ်လမ်း အကျဉ်းချုပ်မှာ ဤသို့ ဖြစ်သည်။

တစ်ချိန်က ဘုရားအလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူကြွယ်၏ အိမ်ထောင်မိသားစု၌ မွေးဖွားလာသည်။ မဟာကဥ္စနဟု အမည်တွင်သည်။ ညီတော် ၆-ပါးရှိသည်။ ကဥ္စနဒေဝီအမည်ရှိ နှမတော် တစ်ပါးလည်း ရှိသည်။ မိဘနှစ်ပါးက တိုက်တွန်းကြသော်လည်း မည်သူမျှ အိမ်ထောင် မပြုကြပေ။ မိဘနှစ်ပါးကွယ်လွန် သွားသောအခါ ညီအစ်ကို မောင်နှမအားလုံးသည် ရှိသမျှ ပစ္စည်းဥစ္စာများကို ပေးကမ်းလှူဒါန်းပြီးလျှင် ဟိမဝန္တာသို့ တောထွက် သွားကြသည်။

သောဏဇာတ်လမ်းသည် အထက်ဖော်ပြပါဇာတ်လမ်းနှင့် အတူတူပင် ဖြစ်သည်။ ထူးခြားသည်မှာသောဏတွင် နန္ဒအမည်ရှိညီ တစ်ယောက်သာရှိသည်။ ညီအစ်ကိုနှစ်ဦးစလုံးပင် အိမ်ထောင်မပြုကြပေ။ မိဘနှစ်ပါးနှင့်အတူ ရသေ့ရဟန်းပြုသွားကြပြီးလျှင် ဘုရားအလောင်းက ညီတော်နှင့်မိဘတို့အား လုပ်ကျွေးပြုစုသည်။ မြတ်စွာဘုရားသည် ယင်းဇာတ်တော်ကို မိခင်ကို လုပ်ကျွေးပြုစုနေသည့် ရဟန်းတော်နှင့်ပါတ်သက်ပြီး ဟောကြားတော်မူခြင်း ဖြစ်သည်။ ဇာတက အဋ္ဌကထာ(၅၄၀)တွင်လည်း ယင်းဇာတ်တော်သည် သောနာနန္ဒဇာတက အမည်ဖြင့် ပါရှိသည်ကိုတွေ့ရသည်။

# ပညာပါရမီ

ဘုရားအလောင်းသည် သတ္တဝါများအပေါ်တွင် အပိုင်းအခြားမရှိသော ကရုဏာထားသောကြောင့် ဗုဒ္ဓဂုဏ်တော်များကို ရရှိသည်အထိ ကျင့်ကြံ အားထုတ်တော်မူပြီးလျှင် ဝေနေယျသတ္တဝါအားလုံးအား ဒုက္ခကင်းဝေးစေ လိုသောဆန္ဒဖြင့် တရားဓမ္မ ဟောကြားတော်မူသည်။ ပညာပါရမီကို ကျင့်သုံး တော်မူသော ဘုရားလောင်းသည် အခြားခြောက်မျိုးခြောက်ပါးပြားသော ဉာဏ်ကိုလည်း ရရှိတော်မူသည်။ ယင်းဉာဏ် ၆-ပါးကား[၁] ဣဒ္ဓိဝိဒဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယာယဉာဏ်၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ယထာကမ္မောပဂဉာဏ် တို့ဖြစ်ကြသည်။ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ ခိုင်မြဲစေရန်အတွက် ဘုရားအလောင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတ ရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တည်း ဟူသော ဝိသုဒ္ဓိ ၅-ပါးတို့ကို ပွားများ အားထုတ်တော်မူသည်။[၂]

'ပဋိသမ္ဘိဒါမဂ္ဂ[၃]' ၌ ဘုရားအလောင်းတို့ သိသင့်သိအပ်သော ပညာ အမျိုးအစား ၁၆-ပါးကို ညွှန်ပြထားသည်။ ယင်းပညာ ၁၆-ပါးကို အောက်ပါ အချက်အလက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ရရှိနိုင်သည်။

(၁) သူတော်ကောင်းသူမြတ်လောင်းတို့ကို ပြုစုလုပ်ကျွေးခြင်း၊ (၂) သဒ္ဓမ္မ- မြတ်သောတရားကို နာကြားခြင်း၊ (၃) ယောနိသော မနသိကာရ- သင့်တင့်လျောက် ပတ်စွာ နှလုံးသွင်းခြင်း၊(၄)ဓမ္မာနုဓမ္မပဋိပတ္တိ-ဓမ္မနှင့် လျော်ညီစွာ ကျင့်ကြံခြင်း။[၄]

ပညာအမျိုးအစား ၁၆-ပါးတို့ကား အောက်ပါအတိုင်းဖြစ်သည်။

(၁) ပညာ ပတိလာဘ။( အကျိုးတစ်ခုမျှော်ကိုးပြီးရသောပညာ)

(၂) ပညာ ဗုဒ္ဓိ (လူများအတွက် ကောင်းကျိုးပြုသော ပညာ)

(၃) ပညာ ဝေပုလ္လ (လူပေါင်းများစွာတို့၏ စည်ပင်မှု၌ အာရုံစူးစိုက်သော ပညာ)

(၄) မဟာပညာ[၅] (ကြီးမားသောအကျိုး ကျေးဇူးကို ဆုပ်ကိုင်ထားပြီး စူးစမ်းလေ့လာသော ပညာ)

(၅) ပုထုပညာ (ကြီးမားကျယ်ပြန့်သော ပညာ)

(၆) ဝိပုလပညာ (ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူအပ်သော ပညာ)

(၇) ဂမ္ဘီရ ပညာ (လေးလေးနက်နက် မှတ်ယူအပ်သော ပညာ)

(၈) အသာမန္တ ပညာ[၆] (ဆင်ခြင်သုံးသပ်အပ်သောဉာဏ်နှင့်ယှဉ်သော ပညာ)

(၉) ဘုရိပညာ (ပထဝီမြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာ)

(၁၀) ပညာဗာဟုလျ (အသိဉာဏ်ဘဏ္ဍာတိုက်နှင့် ယှဉ်သောပညာ)

(၁၁) သီဃပညာ[၇] (ပစ္စုပ္ပန်ကို သုံးသပ်သော ပညာ)

(၁၂) လဃုပညာ (ပေါ့ပေါ့ပါးပါး သင်ကြားနာယူအပ်သော ပညာ)

(၁၃) ဟာသပညာ[၈] (ရယ်ရင်းပြုံးရင်း သီလစသည်တို့ကို ဖြည့်ဆည်းသော ပညာ)

(၁၄) ဇဝနပညာ[၉] (လျင်မြန်စွာ အလုပ်လုပ်သော ပညာ)

(၁၅) တိက္ခပညာ ( ထက်မြက်စူးရှသော ပညာ)

(၁၆) နိဗ္ဗေဓိကပညာ (လောဘ၊ ဒေါသ၊ မောဟ စသည်တို့ကို ထွင်းဖောက်သောပညာ)

ဘုရားအလောင်းသည် ၁၆–ပါးအပြားရှိသော ယင်းပညာတို့နှင့် ယှဉ်ပြီးလျှင် ဗောဓိသတ္တကျင့်စဉ်ကို ကျင့်ကြံအားထုတ်သည် ဖြစ်၍ ဘဝသံသရာတစ်ခုလုံး၏ အနိစ္စ[၁၀]၊ ဒုက္ခ[၁၁]၊ အနတ္တ[၁၂] သဘောတရားတို့ကို ကောင်းစွာ သိမြင်တော်မူသည်။

ဘုရားအလောင်းကျင့်ကြံအားထုတ်သော ပါရမီဆယ်ပါးထဲတွင် ပညာပါရမီသည် နိက္ခမပါရမီနောက် စတုတ္ထမြောက် ပါရမီဖြစ်သည်။ ဘုရားလောင်းသည် မဟာဘိနိက္ခမန တောထွက်ခြင်းအမှုကို ပြုလုပ်ပြီးလျှင် ဗောဓိဉာဏ်ရရှိရေးအတွက် ပညာပါရမီကို ဖြည့်ဆည်းကျင့်သုံးတော်မူသည်။

ပညာ၏ရိုးရိုးအနက် အဓိပ္ပာယ်မှာ သိခြင်း၊ အသိဉာဏ်ပညာ၊ အလင်းရောင် သို့မဟုတ် အတတ်ပညာ ဖြစ်သည်။ ဗုဒ္ဓ၏ဘာဝနာတရား၌ ပညာ၏ အခန်းကဏ္ဍ မည်မျှ အရေးပါ အရာရောက်သည်ဆိုသည်ကို ဓမ္မအသီးသီး နှင့် ပတ်သက်ပြီး ကျင့်ကြံအားထုတ်မှုများအရ သိရှိ နားလည်နိုင်ပေသည်။ ဗောဓိပက္ခိယတရားများထဲတွင် အကြုံးဝင်သော ပညာသည် ဣန္ဒြေငါးပါးထဲတွင်

ပဌမနေရာ၌ ရှိနေသည်။ ဗလ(ဗိုလ်) ငါးပါးထဲတွင်လည်း ပညာ သည် ပဌမဗလ ဖြစ်သည်။ ခုနစ်ပါးတွင် ပညာဓနအမည်ဖြင့် ထင်ရှားနေသည်။ သီလ၊ သမာဓိ၊ ပညာ တည်းဟူသော ဝိပဿနာအဆင့် သုံးဆင့်တွင်လည်း ပညာသည် တတိယ အဆင့်နေရာ၌ ရှိနေသည်။

သီလဖြင့် သမာဓိ ရရှိနိုင်သည်။ သမာဓိဖြင့် ပညာရရှိနိုင်သည်။ ပညာ နှင့်ကင်းသော သီလသည် ခြေတစ် ပေါင်ကျိုးဖြစ်သည်။ ပညာနှင့် ကင်းသော သမာဓိသည် မျက်ကန်းဖြစ်သည်။

ဝိပဿနာဘာဝနာ၏ အာရုံစူးစိုက်ရာတစ်ခုလုံးသည် ကိုယ်ခန္ဓာ ဖြစ်သည်ဆိုလျှင် ပညာသည် ကိုယ်ခန္ဓာ၏ မျက်လုံး ဖြစ်သည်။ ကိုယ်ခန္ဓာ၏ အသိစိတ်ဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာကို အမိုက်မှောင်ဟု ထင်မှတ်ရပြီး ပညာကို အလင်းရောင်ဟု ထင်မှတ်ရသည်။ ပညာသည် မောဟ သို့မဟုတ် အဝိဇ္ဇာ အမိုက် မှောင်ကို ဖျက်ဆီးပစ်သော အလင်းရောင်ဖြစ်သည်။ မြတ်စွာဘုရားသည် ပညာ အလင်းရောင်ဖြင့်သာလျှင် ဘဝသံသရာ၏ မောဟတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးပစ်တော်မူသည်။[၆] ပညာနှင့် တူသော အလင်းရောင်မရှိပေ ။[၇] ပညာ အလင်းရောင်ဆိတ်သုဉ်းနေသော ပုဂ္ဂိုလ် သည် မျက်စိအမြင်ဆိတ်သုဉ်းနေသော သူကန်းနှင့် တူသည်။ သူကန်းလည်း ခြေလှမ်း လှမ်းသွားသည်။ သို့ရာတွင် မည်သည့်အချိန်၌ ဒုက္ခတွေ့မည်ဆိုသည်ကို ပြောပြဖို့မလွယ်ပေ။ ထိုနည်း အတိုင်းပင် ပညာမဲ့သော ပုဂ္ဂိုလ်သည်လည်း ပေါ်လာသော ပြဿနာတစ်ခုခုကို မည်သို့ မည်ပုံဖြေရှင်းမည် ဆိုသည်ကို သိနိုင်ဖို့ မလွယ်ပေ။

ဘုရားအလောင်းသည် မောဟဖြစ်စေသော အကြောင်းတရားများကို ပယ်ပြီးလျှင် ဉာဏ်အလင်းရောင် ဖြစ်ပေါ်စေသော တရားများ ကျင့်ကြံ အားထုတ်တော်မူသည်။ ယင်းတရားများကား ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတု(ဓာတ်) ၁၈-ပါး၊ အရိယသစ္စာ ၄-ပါး၊ ဣန္ဒြေ ၂၂-ပါး၊ အင်္ဂါ ၁၂-ပါး ရှိသော ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန် ၄-ပါး စသည်တို့ဖြစ်ကြသည်။ ဘုရား အလောင်းသည် ယင်းတရားအားလုံးကို ပညာ၊ သတိ၊ ဝီရိယနှင့်ပြည့်စုံစွာ နာကြားတော်သည်။ မေးမြန်းစုံစမ်းလျက် သင်ယူသည်။ ခန္ဓာ ၅-ပါး စသည်တို့ကို ယင်းတို့၏ လက္ခဏာများနှင့် အတူတကွ သိအောင်လုပ်သည်။ ယင်းတရား များသည် နာမ်နှင့်ရုပ်မျှသာ ဖြစ်သည် ဟူ၍လည်းကောင်း၊ အကြောင်းတရားကြောင်

ဖြစ်ပေါ်လာပြီး ချုပ်ငြိမ်းသွားကြသည် ဟူ၍ လည်းကောင်း ယင်းတရားများကို ပြုသူ၊ ပြုစေသူ၊ မရှိကြောင်းကိုလည်းကောင်း သိရှိနားလည်တော်မူသည်။

ဘုရားအလောင်းသည် ရူပ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ တည်းဟူသော ခန္ဓာ ၅-ပါး၏ စစ်မှန်သော အသွင်အပြင်ကို ရှုမြင်သုံးသပ် တော်မူသည်။ ရူပက္ခန္ဓာ၌ မဟာဘုတ်[၁၀] လေးပါးရှိသည်။ ဝိညာဏက္ခန္ဓာသည် စိတ်ဖြစ်သည်။ ဝေဒနာသည်သုခ၊ ဒုက္ခ၊ မသုခ အဒုက္ခ (သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်) ကိုခံစားမှုဖြစ်သည်။ ပညာသည် နိုးကြားမှုသို့မဟုတ် သိမှုဖြစ်သည်။ သင်္ခါရသည် စိတ်နှလုံးတွင် ကျန်ရှိနေသော ရာဂ၊ ဒေါသ၊ မောဟ အစ ရှိသည့် အသွင်အပြင်နှင့် ဝါသနာများ သို့မဟုတ် စေတသိက် လှုပ်ရှားမှုများ ထင်ဟပ် နေခြင်းဖြစ်သည်။ ယင်းသို့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့နှင့် ဆက်စပ်မှု ပြုခြင်း အားဖြင့် ဖြစ်ပေါ်လာသော ဝိညာဏ်(စိတ်) ၏ အမျိုးမျိုး အပြားပြားသော အခြေ အနေများရှိသည်။ ခန္ဓာအားလုံးသည် အနိစ္စဖြစ်၏။ သင်္ခတဖြစ်၏။ ပဋိစ္စသမုပ္ပန္န (အကြောင်းတရားကို အစွဲပြု၍ ဖြစ်ပေါ်လာခြင်း) ဖြစ်၏။ ခယဓမ္မ ကုန်ဆုံး တတ်သော တရားသဘောရှိ၏။ ဝယဓမ္မ ပျက်စီးတတ်သော တရား သဘောရှိ၏။ နိရောဓဓမ္မ ချုပ်ငြိမ်းတတ်သော တရားသဘောရှိ၏။

မန(စိတ်)၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ တည်းဟူသော ဣန္ဒြေ ၆-ပါး၊ ယင်းတို့၏ အာရုံ များဖြစ် ကြသော ဓမ္မ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ ၆ -ပါး ပေါင်းအာယတန ၁၂ -ပါးဖြစ်၏။ အာယတန ၁၂ -ပါးတို့မှ ဖြစ်သော မနောဝိညာဏ်၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ် ယင်းအားလုံးနှင့်ပတ်သက်သော ဝိညာဏ်သည်လည်း ပညာ၏အရာဖြစ်သည်။ ကမ္ဘာလောက ရှိရှိသမျှအရာ ဝတ္ထုများသည် ခန္ဓာ ၅-ပါး၊ အာယတန ၁၂ -ပါး၊ ဓာတ်(ဓာတု) ၁၈ -ပါး၊ သုံးမျိုးသုံးစား အဖြစ်ဖြင့် ပိုင်းခြား၍ရသည်။ ယင်းအားလုံးသည် အနိစ္စတရားဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ယင်းတရားများကို နာမနှင့် ရူပ(နာမ်နှင့်ရုပ်)အဖြစ်ဖြင့် လည်း ပိုင်းခြား၍ ရသည်။ ခန္ဓာ ၅ -ပါးသည် အနိစ္စဖြစ်၏။ အဓုဝဖြစ်၏။ အသဿတဖြစ်၏။ (မမြဲ)။ ဖောက်ပြန် ပျက်စီးတတ်၏။ မမြဲခြင်းသဘော၊ အနိစ္စသဘောသည် ခြွင်းချက် မရှိသော၊ ပြောင်းလဲခြင်းမရှိသော၊ နိယာမသဘောတရားဖြစ်၏။ ခဏတိုင်း ခဏတိုင်း၌ ခန္ဓာငါးပါး၏ ရှေးရှေးအသွင်အပြင် သို့မဟုတ် အခြေအနေသည်

ပျောက်ပျက်သွားပြီးလျှင် အသွင်အပြင်သစ် သို့မဟုတ် အခြေအနေသစ်ဖြစ် ပေါ်လာသည်။

ဗုဒ္ဓအဘိဓမ္မာ၌ အကျိုးနှင့်အကြောင်းကို ပြတ်တောက်ခြင်းမရှိသော အစဉ်ဟု မထင်မှတ်ပေ။ 'ဤအရာ ဖြစ်သောအခါ ဤအရာဖြစ်ပေါ်လာ၏' (ဣဒပ္ပစ္စယတာ အထဝါ အသ္မိံသတိ ဣဒံဟောတိ) ဟူ၍သာလျှင် သို့မဟုတ် 'ဤအရာမဖြစ်လျှင် ဤအရာလည်းမဖြစ် (အသ္မိံ အသတိ ဣဒံ နဟောတိ) ဟူ၍သာလျှင် ဗုဒ္ဓအဘိဓမ္မာ၌ ဆိုထားသည်။ အကျိုးတစ်ခုစီတစ်ခုစီဖြစ်ရန်အတွက် အကြောင်းက သတ်မှတ်သည်။ အကြောင်းကြောင့် သို့မဟုတ် ပစ္စည်းကြောင့် ဖြစ်ပေါ်လာခြင်း၏ အနက်အဓိပ္ပာယ်မှာအကြောင်းကုန်ဆုံးကျော်လွန်ပြီးသောအခါ အကျိုးဖြစ်ပေါ်လာခြင်း သို့မဟုတ် တစ်ခုကုန်ဆုံးကျော်လွန်ပြီးသောအခါ၊ ပျက်စီး သွားပြီးသောအခါ နောက်တစ်ခုဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပစ္စည်းသည် အရာ ဝတ္ထုတစ်ခု သို့မဟုတ် အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်မလာခင် ခဏ၌ ပျောက်ကွယ် ပျက်စီးသွားသော အကြောင်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်သည် အကျိုးနှင့်အကြောင်း နိယာမသဘောတရား၏ ပြတ်တောက်ခြင်းမရှိသော အလျဉ် မဟုတ်ပေ။ ပြတ် တောက်သော အလျဉ်ဖြစ်သည်။

ပဋိစ္စသမုပ္ပါဒ်ကို ရှုမြင်သုံးသပ်ခြင်းသည် ဗုဒ္ဓ၏ ဒေသနာတော်ကို ရှုမြင်သုံးသပ်ခြင်းဖြစ်သည်။ ဥပါဒါနက္ခန္ဓာငါးပါးသည် အလျဉ်သဘောဖြင့် တစ်ခုကိုအကြောင်းပြုလျှက် တစ်ခုဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ ပညာ ပါရမီကို ကျင့်သုံးဆောက်တည်ခြင်းအားဖြင့် ဤသို့ သိမြင်တော်မူသည်။ ရှိရှိသမျှ ရုပ်သည် လည်းကောင်း၊ ရှိရှိသမျှ ဝေဒနာသည် လည်းကောင်း၊ ရှိရှိသမျှသညာသည် လည်းကောင်း၊ ရှိရှိသမျှ သင်္ခါရသည်လည်းကောင်း၊ ရှိရှိသမျှ ဝိညာဏ်သည် လည်းကောင်း၊ အနာဂတ်ကာလက ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ ခက်မာသည်ဖြစ်စေ၊ သိမ်မွေ့သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ 'ငါ' ၏အပိုင်မဟုတ်ပေ။ 'ငါ' မဟုတ်ပေ။ 'ငါ' ၏အတ္တမဟုတ်ပေ။

နာဂါဇုန၏ သုညဝါဒမျိုးစေ့ဗီဇသည် ရှင်အာနန္ဒာနှင့် မြတ်စွာဘုရား မိန့်ကြားတော်မူသော တရားစကား၌ ထင်ထင်ရှားရှား ပါရှိနေသည်ကို တွေ့မြင်ရသည်။ ဤလောကသည် မိမိမှလည်းကောင်း၊ မိမိအဖြစ်မှလည်းကောင်း၊

သုညဖြစ်နေသည်။ စက္ခုနှင့်စက္ခုဝိညာဏ်နှစ်ခုလုံးသည် မိမိမှ သုညဖြစ်နေသည်။ ငါမှလည်းကောင်း၊ ငါအဖြစ်မှ လည်းကောင်း သုညဖြစ်နေသည်။ ထိုနည်းအတိုင်းပင် စက္ခုနှင့် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော သုခ၊ ဒုက္ခ၊ အသုခ၊ အဒုက္ခ–ဝေဒနာအားလုံးသည် သုညဖြစ်၏။ ရုပ်သည် သုညဖြစ်၏။ သောတ–အသံ၊ ဃာန–အနံ့၊ ဇိဝှာ–အရသာ၊ ကာယ–ဖဿ၊ မနနှင့်အရာဝတ္ထု၊ မနောဝိညာဏ် ယင်းအရာအားလုံးသည် 'ငါ'မှလည်းကောင်း၊ 'ငါ'၏အဖြစ်မှလည်းကောင်း သုညဖြစ်၏။ အရာဝတ္ထုအားလုံးသည်အနိစ္စဖြစ်၏။ မြဲမြဲတည်တံ့မနေပေ။ ဖောက်ပြန် ပြောင်းလဲသော သဘောတရားရှိ၏။ ပုညသင်္ခါရ၊ အပုညသင်္ခါရ ယင်းနှစ်မျိုးမှ သီးခြားဖြစ်သော သင်္ခါရ။ ယင်းတရားအားလုံးသည် သုညဖြစ်၏။ ဖြစ်ခြင်းလက္ခဏာ၊ ပျက်ခြင်းလက္ခဏာ၊ တည်ရှိခြင်းလက္ခဏာ၊ လက္ခဏာ သုံးပါးသည်လည်း သုညဖြစ်၏။ ယင်းနည်းဖြင့် အနိစ္စတရားကို ရှင်းလင်းပြောပြရာ၌ ပဋိသမ္ဘိဒါမဂ္ဂ၌ နှစ်ဆယ့်ငါး မျိုးပြားသော သုညတ သဘောကို ဖွင့်ဆိုပြောပြထားသည်။

သုညနှင့်ပတ်သက်ပြီး စူဠသုညတာသုတ်၌လည်း မြတ်စွာဘုရား ဟောကြားထားတော်မူသည့် သင်္ခတ တရားမှန်သမျှသည် အနိစ္စတရားများ ဖြစ်ကြ၏။ နိရောဓတရားများဖြစ်ကြ၏။ ယင်းကဲ့သို့ သိရှိနားလည်သော၊ ရှုမြင်သုံးသပ်သောရဟန်း၏စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ကင်းငြိမ်းသည်။ ယင်းတရားတို့ ကင်းငြိမ်း သွားသောအခါ ဝိမုတ္တိဉာဏ် ဖြစ်ပေါ်လာသည်။ ယင်းကဲ့သို့သော ရဟန်းသည် သုညအဖြစ်ကို ရရှိပြီးလျှင် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝနှင့် ယင်းအာသဝ တရားများမှ ဖြစ်ပေါ်လာသော ဒုက္ခကို သိရှိနားလည်ပြီးလျှင် ယင်းအာသဝ တရားများမှ ကင်းလွတ်လျက် စင်ကြယ်သော၊ မြင့်မြတ်သော သုညထဲ ဝင်ရောက်ပြီးနေပြီ။

သုညတာနှင့် ခဏိကဝါဒပေါ်၌ အခြေခံသော ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ အတ္တအတွက် မည်ကဲ့သို့သော နေရာမျိုးမျှ မရှိပေ။ အကြောင်းမူကား အစပထမကပင် ဗုဒ္ဓ၏ဒေသနာတော်အားလုံးကို စကားဝါကျသုံးခုဖြင့် ဖော်ညွှန်းထားသည့်အတွက်ကြောင့် ဖြစ်သည်။ ဤနေရာ၌ကား အတ္တဝါဒကို မဟာအဝိဇ္ဇာဟု ညွှန်ပြထားသည်။ ခန္ဓာငါးပါးသည် မိမိ၏ အာဟာရကြောင့် ဖြစ်ပေါ်လာပြီး မိမိ၏ အာဟာရ ချုပ်ငြိမ်းသွားလျှင် ခန္ဓာငါးပါးလည်း ချုပ်ငြိမ်းသွားသည်။

ယင်းအာဟာရအားလုံး၏ အကြောင်းသည် တဏှာဖြစ်သည်။ တဏှာ၏အကြောင်းသည် ဝေဒနာဖြစ်သည်။ ဝေဒနာ၏ အကြောင်းသည် ဖဿဖြစ်သည်။ ဖဿ၏ အကြောင်းသည် အာယတနခြောက်ပါးဖြစ်သည်။ အာယတနခြောက်ပါး၏ အကြောင်းသည် နာမရူပဖြစ်သည်။ နာမရူပ၏ အကြောင်းသည် ဝိညာဏ်ဖြစ်သည်။ ဝိညာဏ်ကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် အဝိဇ္ဇာဖြစ်သည်။ ယင်းသို့အားဖြင့် အဝိဇ္ဇာသည် မိမိ၏ စက်ဝန်းကို အင်္ဂါအစိတ်အပိုင်း ဆယ့်နှစ်ပါးဖြင့် လည်စေသည်။ ယင်းကိုပင် အင်္ဂါဆယ့်နှစ်ပါးရှိသော ပဋိစ္စသမုပ္ပါဒ် ဟုခေါ်သည်။

အဝိဇ္ဇာသည် အကုသိုလ်တရားအားလုံး၏ အမြစ်အရင်းဖြစ်သည်။ အဝိဇ္ဇာကြောင့် မိစ္ဆာဒိဋ္ဌိမှစ၍ မိစ္ဆာ သမာဓိအထိ အပြစ်အားလုံး ဖြစ်ပေါ်လာကြသည်။ ဓမ္မသင်္ဂဏီ၏ အဆိုအရ အဝိဇ္ဇာသည်မောဟနှင့် တူ၏။ အဝိဇ္ဇာသည် ဝိဇ္ဇာကင်းမဲ့ရုံမျှသာမကပေ။ စိတ်နှလုံး၏ အမှောင်လွှမ်းနေသော အခြေအနေလည်း ဖြစ်သည်။ အဝိဇ္ဇာကို ဝါသနာဟူ၍လည်း ယူဆနိုင်သည်။

ပဋိစ္စသမုပ္ပါဒ်၏ ဒုတိယကွင်းဆက်မှာ သင်္ခါရဖြစ်သည်။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' အဝိဇ္ဇာဖြစ်ပေါ်လာသည့် အတွက်သင်္ခါရဖြစ်ပေါ်လာသည်။ သင်္ခါရသည် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဟူ ၍သုံးမျိုးသုံးစား ရှိသည်။ သင်္ခါရ၏ အနက်အဓိပ္ပာယ်၌နှစ်မျိုးနှစ်ခွရှိသည်။ တစ်မျိုးမှာ ကာယ၊ ဝစီအပြုအမူအားလုံးဖြစ်ပြီး၊ နောက်တစ်မျိုးမှာ ယင်းအပြုအမူအားလုံးကြောင့် စိတ်နှလုံးပေါ်တွင် ထင်ဟပ်နေသော ရာဂ၊ ဒေါသ စသည့်တို့နှင့်ယှဉ်သော ဩဇာ၊ အရိပ် သို့မဟုတ် ဝါသနာဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဏ်(စိတ်) ဖြစ်ပေါ်လာသည်။ သင်္ခါရဖြစ်ပေါ်မလာလျှင် ဝိညာဏ်(စိတ်) ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။

ဝိညာဏ်သည် နာမ်ရုပ်(နာမရူပ) ဖြစ်ပေါ်လာခြင်း၏ အကြောင်း ဖြစ်သည်။ ဝိညာဏ် ဖြစ်ပေါ်မလာလျှင် နာမ်ရုပ် ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပေ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပေါ်လာသည်။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပေါ်လာသည်။ ဝိညာဏ်သည် မနောဝိညာဏ် စက္ခုဝိညာဏ် စသည်ဖြင့် ၆-မျိုးကွဲပြားသည်။

နာမ်နှင့်ရုပ်ကြောင့် အာယတန ၆-ပါး ဖြစ်ပေါ်လာသည်။ နာမ်နှင့်ရုပ်

ပါရမီ

သည် အာယတန ၆-ပါး၏ အကြောင်း ဖြစ်သည်။ နာမ်နှင့်ရုပ် ဖြစ်ပေါ်မလာလျှင် အာယတန ၆ -ပါး(ဣန္ဒြေ-၆ပါး) ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ဝိညာဏ် ဖြစ်ပေါ်လာသောကြောင့် နာမ်ရုပ်ဖြစ်ပေါ်လာသည်။ နာမ်ရုပ် ဖြစ်ပေါ်လာသော ကြောင့် ဣန္ဒြေ ၆-ပါး ဖြစ်ပေါ်လာသည်။ စိတ်၊ အတွေး၊ အကြံ ဣန္ဒြေကြောင့် ဖြစ်ပေါ်လာသော အသိ၊ ယင်းသိမ်မွေ့သော ရုပ်မဟုတ်သည့် အထည်ကိုယ် ဒြပ်ရှိသော ကိုယ်ကာယသည် ရုပ်၌ အကျုံးဝင်သည်။ နာမ်၌ စိတ်နှင့်စိတ်၏ အပြုအမူ အားလုံး ပါသည်။ ယင်းစိတ်၏အပြုအမူများကြောင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ ရှင်သန်မှုအားလုံး လှုပ်ရှားမှု ရှိနေသည်။

အာယတန ၆-ပါးဖြစ်ပေါ်လာသောကြောင့် ဖဿ ဖြစ်ပေါ်လာသည်။ အာယတန ၆-ပါးသည် ဖဿ၏ အကြောင်းတရားဖြစ်သည်။ အာယတန ဖြစ်ပေါ်မလာလျှင် ဖဿလည်း ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပေ။ အာယတန ဖြစ်ပေါ်လာခြင်းအကြောင်းသည် နာမ်၊ ရုပ်(နာမရူပ) ဖြစ်သည်။ နာမ်ရုပ် ဖြစ်ပေါ်မလာလျှင် အာယတန ဖြစ်ပေါ် လာလိမ့်မည် မဟုတ်ပေ။ ဣန္ဒြေ ၆ါးပါးတို့၏အတွင်း စွမ်းအင်(မြင်ခြင်း၊ ကြားခြင်း စသည်) နှင့် အပြင်အပ ဗဟိဒ္ဓ၌ရှိသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ အစရှိသော အရာဝတ္ထုအားလုံးကို အာယတန ဟုခေါ်သည်။ ပထမ အမျိုးအစား ၆-ပါးကို အဇ္ဈတ္တိက အာယတန ဟုခေါ်ပြီး၊ ဒုတိယအမျိုးအစား ၆-ပါးကို ဗဟိဒ္ဓအာယတန ဟုခေါ်သည်။

ထိတွေ့မှုဖဿကြောင့် ဝေဒနာဖြစ်ပေါ်လာသည်။ ဖဿသည် ဝေဒနာ၏ အကြောင်းဖြစ်သည်။ ဖဿဖြစ်ပေါ်မလာလျှင် ဝေဒနာ ဖြစ်လာလိမ့်မည် မဟုတ်ပေ။ အာယတန ၆-ပါးကြောင့် ဖဿဖြစ်ပေါ်လာသည်။ အာယတန ဖြစ်ပေါ်မလာလျှင် ဖဿလည်း ဖြစ်ပေါ်လာမည် မဟုတ်ပေ။ တစ်ဖန် ဖဿကြောင့် ဝေဒနာဖြစ်ပေါ် လာသည်။ ဖဿ၏ အဓိပ္ပာယ်မှာ ဣန္ဒြေ ၆-ပါး၏ ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော အာရုံများနှင့်ထိတွေ့ပြီး ဝိညာဏ် ၆-ပါးဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဖဿကြောင့် ဝေဒနာဖြစ်ပေါ်လာသည်။ ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာသည်။ ဝေဒနာ ဖြစ်ပေါ်မလာလျှင် တဏှာ ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဝေဒနာသည်သာလျှင် တဏှာ၏ အကြောင်းဖြစ်သည်။ ဝေဒနာ သည် ဣန္ဒြေများ မိမိတို့၏ အာရုံများနှင့် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသော အတွေ့အကြုံ သို့မဟုတ် ခံစားမှုဖြစ်သည်။

ဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်လာသည်။ တဏှာကြောင့် ဥပါဒါန် ဖြစ်ပေါ်လာသည်။ တဏှာဖြစ်ပေါ်မလာ လျှင် ဥပါဒါန်ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ တဏှာသည်သာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သည်။ အဝိဇ္ဇာပြီးလျှင် တဏှာကို အကုသိုလ်တရားများ၏ မူရင်းအခြေခံဟူ၍ ပြောဆိုကြသည်။ တဏှာသည် ကာမတဏှာ (ကာမဂုဏ်ချမ်းသာများကို ခံစားလိုသည့် အာသာ ရမ္မက်)၊ ဘဝတဏှာ(ထပ်ခါထပ်ခါ မွေးဖွားလိုသည့်အာသာရမ္မက်)၊ ဝိဘဝ တဏှာ (ချုပ်ငြိမ်းသွားလိုသော၊ ပြတ်တောက်သွားလိုသော အာသာရမ္မက်) ဟူ၍ သုံးမျိုး သုံးစားရှိသည်။ မာရ်နတ်၏ သမီးသုံးပါးထဲတွင် တစ်ပါး၏ အမည်နာမသည် တဏှာ ဖြစ်သည်။ ဓမ္မပဒ၌ တဏှာကို မြစ်နှင့် ဥပမာပေးထားသည်။

ဥပါဒါန်၏အဓိပ္ပါယ်မှာ ဆုပ်ကိုင်ထားခြင်း သို့မဟုတ် ဖမ်းယူထားခြင်း ဖြစ်သည်။ ကိုယ်ကာယနှင့် ကိုယ်ကာယ ၏အာရုံများကို တွယ်တာကပ်ငြိခြင်း၊ ဆုပ်ကိုင်ဖမ်းယူထားခြင်းဟု ဆိုလိုသည်။ ဥပါဒါန် ဖြစ်ပေါ်လာသည့် အတွက် ကြောင့်သာလျှင် ဘဝ (သို့) နောက်ထပ်မွေးဖွားလာခြင်းဟူသော သံသရာ (သို့) စွမ်းအင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဥပါဒါန်ဖြစ်ပေါ်မလာလျှင် ဘဝလည်း ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ တဏှာဖြစ်ပေါ်လာသောကြောင့်သာ ဥပါဒါန် ဖြစ်ပေါ်လာသည်။

တဏှာဖြစ်ပေါ်မလာလျှင် ဥပါဒါန် ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ဥပါဒါန်ကြောင့် ဘဝဖြစ်ပေါ်လာသည်။ နာမ (နာမ်)၊ ရူပ (ရုပ်)၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ယင်းခန္ဓာငါးပါးကို ပဉ္စဥပါဒါနက္ခန္ဓာ သို့မဟုတ် ပဉ္စုပါဒါနက္ခန္ဓာ (တဏှာ အရင်းခံသော) ဟုခေါ်ဆိုသည်။ သံယုတ္တနိကာယ်၌ ကာမဥပါဒါန (ကာမုပါဒါန်)၊ ဒိဋ္ဌိဥပါဒါန၊ သီလဗ္ဗတဥပါဒါန၊ အာသဝ ဥပါဒါန ဟူ၍ ဥပါဒါန (ဥပါဒါန်) လေးမျိုးရှိသည်။ အထက်ပါအနက် အဓိပ္ပာယ်များအပြင် ဥပါဒါန်၏ အခြားအနက်အဓိပ္ပာယ်တစ်ခုမှာ 'မီးစာ' ဖြစ်သည် ။ အကြောင်းမူကား ဘဝသံသရာ တည်းဟူသော မီးကို မွေးရန်အတွက် ဥပါဒါနသည် မီးစာအလုပ်လုပ်သည့်အတွက် ကြောင့်ဖြစ်သည်။

ဘဝဖြစ်ပေါ်လာသောကြောင့် ဇာတိ (တစ်ဖန် မွေးဖွားလာခြင်း) ဖြစ်ပေါ် လာသည်။ ဘဝ(တစ်ဖန် မွေးဖွား စေသော သင်္ခါရ သို့မဟုတ် စွမ်းအင်) ဖြစ်ပေါ် မလာလျှင် ဇာတိဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ဥပါဒါန်သည် ဘဝ၏အကြောင်း

ဖြစ်သည်။ ဥပါဒါန်ဖြစ်ပေါ်မလာလျှင် ဘဝလည်း ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။

နိကာယ်များ၌ ဘဝသုံးမျိုးသုံးစားရှိသည်ဟုပြောပြထားသည်။ ကာမဘဝ၊ ရူပဘဝ၊ အရူပ ဘဝတို့ဖြစ် ကြသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဘဝတည်းဟူသော ကမ္မမြေ၌ ဝိညာဏ်တည်းဟူသော ရေကို လောင်းပြီးလျှင် ပုနဇာတိတည်းဟူသော တစ်ဖန်မွေးဖွားခြင်းသစ်ပင်ကို ဖြစ်ပေါ်ပေါက် ပွားစေသည်။

ဇာတိ(မွေးဖွားခြင်း)ကြောင့် ဇရာနှင့်မရဏ ဖြစ်ပေါ်လာသည်။ ဇာတိ ဖြစ်ပေါ်မလာလျှင် ဇရာနှင့်မရဏ လည်းဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ဇာတိ သာလျှင် ဇရာနှင့် မရဏ၏ အကြောင်းဖြစ်သည်။ မွေးဖွားခြင်းသည် သာလျှင် အိုခြင်းနှင့်သေခြင်း၏ အကြောင်းဖြစ်သည်။ ဇာတိ၏ အကြောင်းသည် ဘဝ ဖြစ်သည်။ ဘဝဖြစ်ပေါ်မလာလျှင် ဇာတိဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ဇာတိ ဖြစ်ပေါ်မလာလျှင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ အစရှိသော ဒုက္ခ ကွင်းဆက်များလည်း ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။

ယင်းသို့အားဖြင့် အဝိဇ္ဇာမှစ၍ ဇာတိ၊ ဇရာ၊ မရဏအထိ ပဋိစ္စ သမုပ္ပါဒ်၏ကွင်းဆက် ဆယ့်နှစ်ခုရှိနေသည်။ ပညာပါရမီကို ဖြည့်ကျင့်ရာ၌ ဘုရား အလောင်းသည် ပဋိစ္စသမုပ္ပါဒ်ကို အလေးအနက်ထားပြီး ဖြည့်ကျင့်ခြင်း ဖြစ်သည်။

အခြားပါရမီများကဲ့သို့ပင် ပညာပါရမီ ဖြည့်ကျင့်သော ဘုရားအလောင်း ၏ အခြေအနေကို ဖော်ပြသော ဝတ္ထုကြောင်းများလည်း ရှိသည်။ စရိယာပိဋကတ်၌ ပညာပါရမီတာအမည်ဖြင့် စရိယာ တစ်စုံတစ်ခုကို မတွေ့ရပေ။ သို့သော်လည်း ဇာတကများ၌ကား ဘုရားအလောင်း၏ ထူးခြားသော ဉာဏ်ပညာနှင့် ပတ်သက်သည့် ဇာတ်တော်များ အများအပြားရှိသည်။ ယင်းဇာတ်တော်များထဲက မဟာဥမ္မင်္ဂ ဇာတ်တော်သည် ထူးခြားမှုလည်းရှိသည်။ ဆန်းကြယ်မှုလည်း ရှိသည်။ ယင်းဇာတ်တော်၌ ထူးခြားဆန်းကြယ်သော ဥမင်လှိုဏ်ခေါင်းအကြောင်း ဖော်ပြပါရှိသည်။ ထို့ကြောင့် ယင်းဇာတ်တော်၏ အမည်ကို မဟာဥမ္မင်္ဂ(မဟာ ဥမင်လိုဏ်ခေါင်း) ဇာတ်တော်ဟု အမည်နာမ မှည့်ခေါ်ထားခြင်းဖြစ်သည်။

ယင်းဇာတ်လမ်း၏ အဓိကဇာတ်ဆောင်မှာ ဘုရားအလောင်း မဟောသဓ ပဏ္ဍိတဖြစ်သည်။ မဟောသဓပဏ္ဍိတသည် တန်ဖိုးပွတ္တိဉာဏ်ပညာ ထူးထူးခြားခြား ရှိသည်။ ထို့ကြောင့် ဇာတ်တော်၏ အမည်နာမကို မဟောသဓ ဇာတက သို့မဟုတ် မဟောသဓ ပဏ္ဍိတဇာတက ဟူ၍လည်း ခေါ်ဆိုကြသည်။ ဇာတ်တော်၏အဆိုအရ

ဘုရားအလောင်း မဟောသဓ ပဏ္ဍိတ မွေးဖွားလာစဉ်က သူ၏လက်သီးဆုပ်ထဲတွင် ဆေး (ဩသဓ) များပါလာသည် ဟုအဆိုရှိသည်။ ယင်းဆေးများဖြင့် ကုစားသည့် အတွက် ရောဂါဝေဒနာပေါင်းများစွာ ပျောက်ကင်းသွားသည်။ ထို့ကြောင့် သူ၏ အမည်ကို မဟောသဓပဏ္ဍိတဟု ခေါ်ဆိုခြင်းဖြစ်သည်။ မဟောသဓပဏ္ဍိတသည် ယုဝမဇ္ဈကရွာ၌နေသော သိရိဝဍ္ဎနအမည်ရှိ သူဌေး၏ဇနီး သူဌေးကတော် သုမနာ ဒေဝီမှ ဖွားမြင်လာခြင်း ဖြစ်သည်။ ထိုအချိန်က မိထိလာဘုရင် ဝိဒေဟ၏ညီလာခံ သဘင်၌ တရားသဖြင့် စိုးမိုးအုပ်ချုပ်သော ဝိဒေဟဘုရင်၏ သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမည်ရှိ အမတ်ကြီးလေးပါး ရှိသည်။

မဟောသဓပဏ္ဍိတ၏ ပညာစွမ်းရည်နှင့် ပတ်သက်သော အကြောင်း အရာများကို ကြားသိရသောကြောင့် ဝိဒေဟဘုရင်သည် မဟောသဓအား သူ၏နန်းအိမ်သို့ ခေါ်လိုသော ဆန္ဒ ဖြစ်ပေါ်လာသည်။ သို့ရာတွင် အမတ်ကြီး လေးပါးက မဟောသဓအား ဘုရင့်နန်းအိမ်သို့ရောက်လာစေလိုသည့်ဆန္ဒ မရှိကြပေ။ ထို့ကြောင့် အမတ်ကြီးများသည် မဟောသဓအား မိထိလာ ထီးနန်းသို့ရောက် မလာစေရန်အတွက် အနှောင့်အယှက် အဟန့်အတားများ ပြုလုပ်ကြသည်။ ဘုရင် မင်းကြီးအား မဟောသဓ၏ ပညာဉာဏ်နှင့် ပတ်သက်ပြီးနည်းမျိုးစုံဖြင့် စမ်းသပ် စစ်ဆေးကြည့်ရန် စေ့ဆော်တိုက်တွန်း ကြသည်ဖြစ်၍ ဘုရင်မင်းကြီးက ဘုရား အလောင်း မဟောသဓအား နန်းတော်သို့ ဆင့်ခေါ်လိုက်သည်။

မဟောသဓအား သူ၏ပညာအရည်အချင်းကြောင့် ဘုရင်မင်းကြီးသည် အကြီးအကျယ်လေးစားကြည်ညို သွားသည်။ မိဖုရားကြီး ဥဒုမ္ဗရာဒေဝီကလည်း မဟောသဓအား သူ၏သားအရင်းခေါက်ခေါက် တစ်ယောက်ကဲ့သို့ လေးစား မြတ်နိုးသည်ဖြစ်၍ အမရာဒေဝီနှင့် လက်ထပ်ထိမ်းမြားပေးလိုက်သည်။

ဘုရားအလောင်းမဟောသဓသည် မိမိနှင့် ပတ်သက်၍ အမတ်ကြီး လေးပါး၏ မတော်မတရားလုပ်ကြံချက် အားလုံးကို အောင်မြင်မှု ရှိမလာအောင် ပြုလုပ်သည်ဖြစ်၍ ဘုရင်မင်းကြီး အားကိုးအားထားပြုသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်လာသည်။ သို့ရာတွင် မဟောသဓသည် မိမိအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံကြသော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များအား အာဃာတမထားဘဲ ချစ်ခင် ရင်းနှီးစွာပင် ပြုမူဆက်ဆံသည်။ ဇာတ်လမ်း၏ နိဂုံး၌ ကပိလဘုရင် စူဠနီ ဗြဟ္မဒတ္တနှင့် အမတ်ကြီးမဟောသဓပဏ္ဍိတတို့၏ ကြားထဲတွင် နိုင်ငံရေး၊

ပါရမီ
အလောင်းအစား၊ ထောက်လှမ်းရေး၊ စစ်ပြေငြိမ်းရေး စသော စိတ်ပါဝင်စားဖွယ် အကြောင်းအရာများ ဖွင့်ဆိုပြောပြထားသည်။ ဘုရားအလောင်း မဟောသဓအား သူ၏ပညာစွမ်းရည်ဖြင့် ဘာမဆိုအကုန်သိမြင်ကျွမ်းကျင်သူ ဖြစ်သည်ဟူ၍ ဆိုထားသည်။

၁။ အရဟန္တ ဥပါဒါယ ပစ္စေက ဗုဒ္ဓေါ အသာမန္တော ပညော၊ ပစ္စေက ဗုဒ္ဓေါစ
သဒေဝကံ စ လောကံ ဥပါဒါယ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ
အဂ္ဂေါ အသာမန္တ ပညော– ပဋိသမ္ဘိဒါ မဂ္ဂ
၂။ သီဃံ သီဃံ သီလာ နိ ပရိပုရေတိ– ထိုကျမ်း
၃။ ဣဓေ ကစ္စော ဟာသ ဗဟုလော ဝေဒဟုလော တုဋ္ဌိ ဗဟုလော ပါမောဇ္ဇ
ဗဟုလော သီလာနိ ပရိပုရေတီတိ ဟာသပညာ– ပဋိသမ္ဘိဒါမဂ္ဂ
၄။ ကရဏာ သီတလ ဟဒယံ ပညာ ပဇ္ဇိတ ဝိဟတ မောဟတ္တမံ၊
သနရာမရလောကဂုရု ဝန္ဒေ သုဂတံ ဂတိ ဝိမုတ္တံ– ဒီဃနိကာယ်အဋ္ဌကထာ
၅။ ပညာ သမာ အာဘာနတ္ထိ– သံသုတ္တ နိကာယ်
၆။ ယံကိဉ္စိ ရူပံအတီတာနာဂတ ပစ္စုပ္ပန္န သဗ္ဗံရူပံ အနိစ္စတော ခိပ္ပံ ဇဝတီတိ
ဇဝနပညာ– ပဋိသမ္ဘိဒါမဂ္ဂ
၇။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ ယဒါပညာယ ပဿတိ။
၈။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ ယဒါ ပညာယ ပဿတိ။
၉။ သဗ္ဗေ ဓမ္မာ အနတ္တာတိ ယဒါ ပညာယ ပဿတိ။
၁၀။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။
၁၁။ အင်္ဂုတ္တရနိကာယ်
၁၂။ အင်္ဂုတ္တရနိကာယ်

# ဝီရိယပါရမီ

ပါရမီအားလုံးထဲတွင် ဝီရိယပါရမီသည် အရေးပါသော နေရာ၌ ရှိနေသည်။ ဝီရိယပါရမီ၏အနက်အဓိပ္ပာယ်မှာ မေ့လျော့ပေါ့တန်ခြင်းမရှိဘဲ မိမိ၏ အတွင်းစွမ်းအင်ကို အပြည့်အဝ နိုးကြားမှုရှိလာအောင် လုပ်ပြီးလျှင် လူ့လောက ကောင်းစားရေးနှင့် ဘာဝနာပွားများရေးလမ်းမ၌ မိမိ၏သတ္တိ၊ မိမိ၏စွမ်းအား၊ မိမိ၏ဝီရိယ၊ မိမိ၏ရဲစွမ်းများကို အပြည့်အဝ သုံးလျက် အစွမ်းကုန် ကြိုးစား အားထုတ်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ကြိုးစား အားထုတ်မှု မရှိဘဲနှင့် မည်သည့် နယ်ပယ်၌မဆို လူ၏တိုးတက်မှု၊ ကြီးပွားမှု၊ အောင်မြင်မှု ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားအလောင်းသည် ပဉ္စမပါရမီ ဖြစ်သော ဝီရိယပါရမီကို ကျင့်ကြံ အားထုတ်ခြင်းဖြစ်သည်။

ဗောဓိပက္ခိယတရားများ၌အကျုံးဝင်သော ဝီရိယသည် ဣန္ဒြေငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဗိုလ်(ဗလ)ငါးပါးတို့တွင် တစ်ပါးစီတစ်ပါးစီ အပါအဝင် ဖြစ်သည်။ ဝီရိယပါရမီကို ကျင့်သုံးဆောက်တည်ရန်အတွက် ဘုရားအလောင်း သည် ထူးထူးခြားခြား ရဲဝံ့စွန့်စားရသော အလုပ်များကို လုပ်ကိုင်ဆောင်ရွက် သည်။

ဘုရားအလောင်းသည် နေ့စဉ်နေ့တိုင်း သတ္တဝါများအတွက် မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်းဟု စဉ်းစား ဆင်ခြင်ပြီးလျှင် သတ္တဝါများ၏ အကျိုး စီးပွားဆောင်ရွက်ရန် ကိုယ်နှင့် အသက်ကို အပ်နှံထားသည်။ ကာယ၊ ဝစီ၊ မနောနှင့် ပတ်သက်ပြီး မည်သည့် အလုပ်မျိုးကိုမဆို ဘုရားအလောင်းသည် သမ္မာ သမ္ဗောဓိဉာဏ် ရရှိရေးအတွက် ပြုလုပ်သည်။

ဘုရားအလောင်းသည် မေတ္တာနှင့် ကရုဏာစေ့ဆော်အပ်သည် ဖြစ်၍ ကာယ၊ ဝစီ၊ မနောစွမ်းအားကို အပြည့်အဝ အသုံးပြုပြီးလျှင် ဝီရိယပါရမီကို ဖြည့်ဆည်းကျင့်သုံးတော်မူသည်။

ဝီရိယပါရမီကို ဖြည့်ဆည်းကျင့်သုံးလျက် ဘုရားအလောင်းသည် သတ္တဝါများ၏ အကျိုးကို ဆောင်ရွက် ရာ၌ ကျောသား ရင်သား မခွဲခြားဘဲ အားလုံး၏အပေါ်တွင် တန်းတူရည်တူသဘောထားသည်။ ယင်းသို့အားဖြင့် အပိုင်းအခြားမရှိသော သတ္တဝါများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌

သတ္တဝါများ၏ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ မကျန်းမမာဖြစ်ခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရခြင်းများကို မိမိဝီရိယကို အသုံးပြုလျက် ပယ်ဖျက်တော်မူသည်။

စရိယာပိဋကက သို့မဟုတ် ပရမတ္ထဒီပနီ၌ ဝီရိယပါရမီနှင့် ပတ်သက်ပြီး ဆွေးနွေးဖော်ပြထားသည် ကိုမတွေ့ရပေ။ သို့ရာတွင် ဇာတကဥ္မှ ဝီရိယပါရမီနှင့် ပတ်သက်သည့် ဇာတ်တော်များ အများအပြားဖော်ပြထား သည်ကိုတွေ့ရသည်။ ယင်းဇာတ်တော်များ၌ ဘုရားအလောင်း၏ ရှေးရှေးဘဝများစွာက သတ္တဝါများအတွက် ကြိုးပမ်းဆောင်ရွက်သော ရဲရင့်စွန့်စားမှု အပြည့်ရှိသည့် ကြိုးပမ်းဆောင်ရွက်ချက်များ ဖော်ပြထားသည်။ မဟာကပိ ဇာတက၌ ဘုရားအလောင်း မျောက်မင်းသည် ဘေးအန္တရာယ် ရင်ဆိုင်နေကြရသော မျောက်သတ္တဝါပေါင်း ရှစ်သောင်းကို မိမိ၏ ကျောကုန်းပေါ်တင်လျက် မြစ်ကို ကူးမြောက်သွားစေပြီးလျှင် ဝီရိယပါရမီကို ဖြည့်ဆည်း ကျင့်သုံးတော်မူခဲ့သည်။

ဘုရားအလောင်း ဝီရိယပါရမီ ဖြည့်ဆည်းကျင့်သုံးရာ၌ အပိုင်းအခြား အကန့်အသတ်ဟူ၍ မရှိပေ။ မဟာဇနကဇာတ်တော်၌ သင်္ဘောပျက်ပြီး ကမ်းမမြင်လမ်းမမြင် ပင်လယ်ထဲ လူအများလက်ပစ်ကူးနေကြရပြီး အသက်ပေါင်းများစွာ ဆုံးသွားသော်လည်း၊ ဘုရားအလောင်းသည် စိတ်ပျက်အားလျော့ခြင်း လုံးဝမရှိဘဲ ကမ်းရောက်အောင် ကြိုးစားအားထုတ်ပြီး မရပ်မနား ရေကူးနေသည်။ ယင်းအပြုအမူသည် ဘုရားအလောင်း၏ ဝီရိယပါရမီဖြစ်သည်။ ယင်းကဲ့သို့ စိတ်ဓာတ်ကျသွားခြင်း မရှိဘဲ ပင်လယ်သမုဒ္ဒရာကို လက်ပစ်ကူးနေသော ဘုရားအလောင်းသည် ဝီရိယပါရမီကို ပရမတ္ထပါရမီအဖြစ် သတ်မှတ်ထားသည်။

# ခန္တီပါရမီ

ဘုရားအလောင်းသည် သည်းခံစိတ်ကို အထွတ်အထိပ်ရောက်အောင် လိုက်နာကျင့်သုံးပြီးလျှင် ခန္တီပါရမီကို ဖြည့်ဆည်းတော်မူသည်။

ခန္တီပါရမီသည် ပါရမီများထဲတွင် ၆–ခုမြောက်ပါရမီ ဖြစ်သည်။ ခန္တီ ပါရမီသည် ဘုရားအလောင်းကျင့်စဉ်၏ တိုးတက်သော အဆင့်တစ်ဆင့်ဖြစ်ပြီး အလွန်တရာ အရေးပါအရာရောက်သော ပါရမီဖြစ်သည်။ ခန္တီပါရမီ၏ အခြား အမည်တစ်ခုမှာ 'အဓိကဝါသနာ' ဖြစ်သည်။ ခန္တီပါရမီကို သည်းခံခြင်း၊ ရန်မတုံ့ပြန်ခြင်း စသောစကားလုံးများ ဖြင့်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ရသည်။ မဟာပထဝီမြေကြီးသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မည်သည့် အရာဝတ္ထုမျိုးကိုမဆို ထမ်းရွက်ထားသည်။ ထိုနည်းအတိုင်းပင် ဘုရားအလောင်း သည် မည်သည့်အရာဝတ္ထု မျိုးကိုမဆို တူညီမျှတစွာ သမာသမတ်ရှိစွာ လက်ခံ ထားသည်။

ဘုရားအလောင်းသည် လာဘ၊ အလာဘ၊ ယသ၊ အယသ၊ နိန္ဒာ၊ ပသံသာ၊ သုခ၊ ဒုက္ခ၊ လောကဓံတရား အားလုံးကို ဘက်လိုက်ခြင်းမရှိဘဲ တူညီမျှတစွာ လက်ခံသည်။ လာဘစသည်များထက် အလာဘစသည်များက ခါးသော အရသာ ရှိသည်။ သို့ရာတွင် ဘုရားအလောင်းသည် မည်သည့် အရာဝတ္ထုက ခါးသည်၊ မည်သည့်အရာဝတ္ထုက ချိုသည်ဆိုသည်ကို မတွက်ပေ။ အခါးနှင့်အချိုကို ခွဲခြား ခြင်းမပြုလုပ်ပေ။ ယင်းသဘောထားသည် ဒုက္ခနှင့် ပတ်သက်ပြီး ဘုရားအလောင်း စဉ်းစားဆင်ခြင်သောအခါ ပိုပြီးပြတ်သား သွားသည်။

အရာဝတ္ထုများ၏ အနိစ္စသဘောတရားကို တွေ့မြင်သိရှိသောကြောင့် ဘုရားအလောင်းသည် နာကျင်မှုကို ခံနိုင်ခြင်းဖြစ်သည်။ အကယ်၍ ကမ္ဘာလောကရှိ အရာဝတ္ထုများ တည်မြဲနေလျှင်၊ နိစ္စဖြစ်နေလျှင်၊ ဒုက္ခသည် နာကျင်မှုမဖြစ်နိုင်ပေ။ သို့ရာတွင် ယင်းကဲ့သို့ မဟုတ်ပေ။ ညဥ့်ကုန်ဆုံး သွားသောအခါ နေ့ရောက် လာသည်။ နေ့ကုန်ဆုံးသွားသောအခါ ညဥ့်ရောက် လာသည်။ ထိုနည်းအတိုင်းပင် ဘဝ၌ သုခနှင့်ဒုက္ခသည် ပြောင်းလဲနေသည်။ ယင်းသဘောတရားသည် ဘုရား အလောင်းအား သည်းခံခြင်းတရား၊ ခန္တီတရားကိုပေးသည်။ ခန္တီတရားကို ဒေါသ

ထွက်ခြင်း၊ အမျက်ထွက်ခြင်း၊ အာဃာတထားခြင်း၊ ဗျာပါဒတရား ပွားများခြင်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားဟု ခေါ်ဆိုသည်။

ခန္တီတရားကို လက်ကိုင်ထားခြင်းအားဖြင့် အမျက်ထွက်ခြင်း၊ ဒေါသဖြစ်ခြင်းမှ လွတ်မြောက်သွားနိုင်သည်။ အစော်ကားခံရခြင်း၊ မထီလေးစား အပြုခံရခြင်းတို့နှင့် ပတ်သက်၍လည်း ခံနိုင်ရည်ရှိသည်။ ခန္တီတရား လက်ကိုင်မထားဘဲနှင့် အမျက်ထွက်ခြင်း၊ ဒေါသထွက်ခြင်း ငြိမ်းအေး မသွားနိုင်ပေ။ ဒေါသဖြစ်လာသောအခါ စိတ်သည် လျှပ်စီး၏အရှိန်အဟုန်ဖြင့် အလုပ် လုပ်သည်။ လူအတော်များများသည် မထိန်းနိုင်မသိမ်းနိုင်ဖြစ်ပြီး ဒေါသ၏ အရှိန်အဟုန်ထဲတွင် စီးမျောသွားသည်။ အသိဉာဏ်အားနည်းသွားသည်။ ညစ်ကြေးစွန်းထင်သွားသည်။ ဘုရားအလောင်းသည် ခန္တီပါရမီကို အလေ့အကျင့် လုပ်ခြင်းအားဖြင့် ယင်းအားနည်းခြင်းများလွတ်ကင်းသွားသည်။ ဗုဒ္ဓ၏ ဘာဝနာတရား၌ ခန္တီတရားကို မဖျှိမပဋိပဒါ၏ အုတ်မြစ်ဟု ထင်မှတ် ယူဆထားကြသည်။

ခန္တီတရားသည် ဘုရားအလောင်း၏ အောင်တံခွန်ဖြစ်သည်။ ဘုရားအလောင်း၏ ခွန်အားလည်းဖြစ်သည်။ ခန္တီတရားကို ပွားများ အားထုတ်ခြင်းဖြင့်သာလျှင် စိတ်အခြေအနေ တည်တန့် ခိုင်မြဲလာနိုင်သည်။ ခန္တီတရားသည် နက်ရှိုင်းသော ပင်လယ်သမုဒ္ဒရာဖြစ်သည်။ ဒုဂ္ဂတိဘုံများ၏တံခါးကို ပိတ်ထားသော တံခါးရွက်ဖြစ်သည်။ ခန္တီတရား သည် အခြား ဂုဏ်သိက္ခာများစုဝေးရာ ဘူမိနက်သန် ဖြစ်သည်။ ဘုရားအလောင်းသည် ခန္တီတရားဖြင့် ကာယ၊ ဝါစာ၊ မနောကို စင်ကြယ်အောင် ပြုလုပ်သည်။

ခန္တီတရားမရှိလျှင် သတ္တဝါတို့သည် ယခုဘဝ၊ နောင်ဘဝ ဘဝနှစ်မျိုးလုံး၌ လောင်ကျွမ်းနေရသည်။ အကျိုးမဲ့ သူတစ်ပါးအလုပ်ကို ပြုလုပ်ခြင်းကြောင့် အားလုံးဒုက္ခရောက်ကြသည်။ ဘုရားအလောင်းသည် အားလုံးအကျိုးရှိအောင် ပြုလုပ်သည်။ မိမိနှင့်ပတ်သက်ပြီး သူတစ်ပါးပြုလုပ်သော အကျိုးပျက်စီးခြင်းကို မေ့ထားပြီး မိမိနှင့်ပတ်သက်ပြီး အကျိုးရှိအောင် လုပ်သော အလုပ်ကိုသာ သတိရနေသည်။ ဘုရားအလောင်းသည် မိမိနှင့်ပတ်သက်ပြီး အကျိုးမဲ့အောင် ပြုလုပ်သူများအတွက်လည်း အကျိုးရှိအောင် ပြုလုပ်သည်။ သတ္တဝါ၊ သက်ရှိ သတ္တဝါကို မိမိ၏ သားသမီးများကဲ့သို့ သဘောထားသည်။

ဘုရားအလောင်းသည် မိမိအပေါ်တွင် အနိုင်ရရှိမသွားစေရန်

အမျက်ဒေါသကို အနီးကပ်လာခွင့် မပေးပေ။ တစ်နေရာရာ၌ တစ်စုံတစ်ဦးက အကျိုးမဲ့ပြုလုပ်သည့်အတွက် မိမိဒုက္ခခံနေရလျှင်လည်း ဘုရားအလောင်းသည် ယင်းသို့ဒုက္ခ ခံရခြင်းအကြောင်းသည် မိမိကိုယ်တိုင်သာ ဖြစ်သည်ဟူ၍ စဉ်းစားသည်။ ယင်းသို့အားဖြင့် မိမိခံရသော ဒုက္ခ၏အကြောင်းသည်ပင် မည်သူ့အကြောင်းကြောင့်ဖြစ်သည်ဟု မစဉ်းစားသောအခါ မည်သူ့အတွက် ဒေါသဖြစ် တော့မည်နည်း။ အရာဝတ္ထုအားလုံး အနတ္တဖြစ်နေပြီဆိုလျှင် မည်သူသည် မည်သူ့အတွက် အပြစ်ရှိသူ ဖြစ်တော့ မည်နည်း။ ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ဘုရားအလောင်းသည် ခန္တီပါရမီကို ကျင့်သုံး ဆောက်တည်သည်။

အကယ်၍ မိမိကို အကျိုးမဲ့ပြုသူများနှင့် ပတ်သက်ပြီး အမျက်ဒေါသ ဖြစ်ပေါ်လာလျှင် အကျိုးမဲ့ ပြုခြင်း ကင်းဝေးသွားအောင် ပြုလုပ်ခြင်းသည် အကျိုးပြုခြင်း ဖြစ်၏ဟု စဉ်းစားဆင်ခြင်ရမည်။ သည်းခံခြင်း ခန္တီတရား လက်ကိုင်ထားခြင်းသည် မိမိကို အကျိုးမဲ့ပြုသူအတွက် အကျိုးပြန်ပြုခြင်း ဖြစ်သည်။ အကျိုးမဲ့ အပြုခံရခြင်းကို ဒုက္ခ၏အကြောင်းဟု မထင်မှတ်ဘဲ စိတ်ကို တည် ငြိမ်အောင် ကြိုးစားအားထုတ်ရမည်။ ထိုအခါ အနိဋ္ဌာရုံများကို တွေ့ရသော်လည်း ဒုက္ခဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။

ဒေါသရှေ့ထားသူသည် ဒေါသကြောင့် အရှုံးဘဝရောက်ရလိမ့်မည်။ ဗောဓိဉာဏ်အလင်းရရှိတော်မူသော သမ္မာသမ္ဗုဒ္ဓအားလုံးသည် သတ္တဝါအားလုံးကို မိမိ၏ ရင်ဝယ်သားကဲ့သို့ သဘောထားတော်မူ၏ဟု စဉ်းစားဆင်ခြင် ပြီးလျှင် ဘုရားအလောင်းသည် မည်သူနှင့်ပတ်သက်၍မှ ဒေါသစိတ် ဖြစ်ပေါ်မလာပေ။

အပြစ်ကျူးလွန်သူများသည်လည်း အထိုက်အလျောက် သူ့ဂုဏ်နှင့်သူ ရှိသူများဖြစ်၏ဟူ၍ စဉ်းစားဆင်ခြင်ပြီးလျှင် ဘုရားအလောင်းသည် အားလုံး အပေါ်၌ ဒေါသမထားဘဲ ခန္တီစိတ် ထားသည်၊ ကရုဏာစိတ် ထားသည်။

ဒေါသရှေ့ထားလျှင် အခြံအရံအကျော်အစောနှင့်တခြားဂုဏ်သိက္ခာများ ဆုံးပါးပျက်စီးသွားတတ်သည်။ အကျိုးလိုလားသူများသည်လည်း ဆန့်ကျင်ဘက် ဖြစ်သွားတတ်သည်။ ရန်သူဖြစ်သွားတတ်သည်။ ခန္တီတရားလက်ကိုင် ထားသူအတွက်မှာမူ ဆန့်ကျင်ဘက်ပြုလုပ်သူ ရှိမည်မဟုတ်ပေ။

ယင်းသို့အားဖြင့် ဘုရားအလောင်းသည် ခန္တီတရား လက်ကိုင်ထားပြီး

ဒေါသကို အေးငြိမ်းသွားအောင် ပြုလုပ် လျက် ဒေါသရှေ့ထားပြီး ဆန့်ကျင်ဘက် ပြုသူများကိုလည်း အနိုင်ရအောင် ပြုလုပ်သည်။ မိမိဘက်သားဖြစ်လာအောင် ပြုလုပ်သည်။ ဘုရားအလောင်းသည် ဒေါသကို ငြိမ်းအေးစေသော သီလစသည့် ဂုဏ်သိက္ခာများကို ဆည်းပူးပြီးလျှင် သတ္တဝါ အားလုံး အကျိုးရှိအောင် ပြုလုပ်ဆောင်ရွက်သည်။ ဘဝပေါင်းများစွာက အဖန်တလဲလဲ ပြုလုပ်ခဲ့သော အစိဋ္ဌာန်ကို ခဏတိုင်းခဏတိုင်း သတိရအောင် ပြုလုပ်သည့်အပြင် ဗဟိဒ္ဓက ဆန့်ကျင်ဘက်များ ချုပ်ငြိမ်းသွားစေ ရန်အတွက် ဘုရားအလောင်းသည် သင်္ခါရတရားဟူသမျှ၏ ရုပ်တရား နာမ်တရားဟူသမျှ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသွင်ကို ရှုမြင်သုံးသပ်ပြီးလျှင် ခန္တီပါရမီကို ဖြည့်ဆည်းကျင့်သုံးတော်မူသည်။

ခန္တီပါရမီပွားများအားထုတ်ခြင်းကြောင့် ဘုရားအလောင်း၏ အသိဉာဏ်သည် ဖွံ့ဖြိုးတိုးတက်လာသည်။ အပြစ်မကင်းသော အတွေးအကြံ အားလုံးသည် ဘုရားအလောင်းသန္တာန်၌ နေရာမရရှိတော့ပေ။ စိတ်ထဲတွင် ဒေါသ စသော အတွေးအခေါ်များဖြစ်ပေါ်လာလျှင် ရထားထိန်းသည် လမ်းပျောက် သွားသော မြင်းများကို လမ်းပေါ် ခေါ်လာသကဲ့သို့ ဒေါသစသော အတွေးအခေါ်များ ဖြစ်ပေါ်နေသော စိတ်ကို ခန္တီတရားလမ်းမပေါ် ခေါ်လာသည်။ စိတ်နှလုံး ကြောင့်ကြ စရာ အကြောင်းတရားအားလုံးကို ဘုရားအလောင်းသည် အမြစ်ပါမကျန် ဖျက်ဆီးပစ်သည်။

ခန္တီပါရမီ ကျင့်ကြံအားထုတ်သောကြောင့် ဘုရားအလောင်းသည် မြင့်မြတ်သော သမာဓိအဆင့်ကို ရရှိသည်။ ခန္တီတရားသည် အမြင့်မြတ်ဆုံးဖြစ်သော သမာဓိတရား၏ အုတ်မြစ်ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ ယင်းသို့ အားဖြင့် ဘုရားအလောင်းသည် ခန္တီတရားကို ပွားများကျင့်သုံးခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု၏ အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။ ထို့ကြောင့်ပင် ဘုရားအလောင်းအား "ဥတ္တမတပ" ဟုခေါ်ဆိုခြင်းဖြစ်သည်။

စစ်မြေပြင်သို့ ချီတက်သွားသော ဆင်သည် လေးသည်တော် ပစ်လွှတ်လိုက်သော မြားကို ခံနိုင်စွမ်းရှိသကဲ့သို့ပင် ဘုရားအလောင်းသည် ခန္တီတရား၏ စွမ်းအားဖြင့် ခါးသီးသောစကားဝါကျနှင့်တူသည့် မြားများကို ခံနိုင်သည် . စွမ်းရည်ရှိသည်။ အကြောင်းမူကား ကမ္ဘာလောက၌ ဒုသီလတို့၏ အရေအတွက်က များသောကြောင့် ဖြစ်သည်။

သင်ကြားလေ့ကျင့်ထားပြီးသော ဆင်ကို စစ်မြေပြင် ခေါ်သွားပြီး ဘုရင်က ဆင်ကို စီးသည်။ ထိုနည်းအတိုင်းပင် လူတို့တွင်လည်း သင်ကြားလေ့လာပြီး ဖြစ်သော လူသည် ခါးသီးသော စကားဝါကျများ၏ ထိုးနှက်ချက်ကို ခံနိုင် စွမ်းရှိသော မြင့်မြတ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ အကယ်၍တစ်စုံတစ်ယောက် သော ပုဂ္ဂိုလ်သည် အခြေ အမြစ်မရှိဘဲ ခါးသီးသော စကားဝါကျကို ဆိုလျှင်ဖြစ်စေ၊ ကဲ့ရဲ့ရှုတ်ချခြင်းအလုပ်ကို ပြုလုပ်သည်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်တို့၏ ခါးသီးသော စကားလုံးများသည် ကိုယ်ပေါ်တွင် ကပ်နေလိမ့်မည်မဟုတ်ဟူ၍လည်းကောင်း၊ အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် လေညာသို့ တံတွေး ထွေးလျှင် ယင်းတံတွေးသည် ထွေးသောသူ၏မျက်နှာပေါ် ပြန်ကျလိမ့်မည် ဟူ၍ လည်းကောင်း၊ မြင့်မြတ်သောပုဂ္ဂိုလ်များက တွေးကြလိမ့်မည်။ ထိုနည်းအတိုင်းပင် တစ်စုံတစ်ယောက်ပြုလုပ်သော အချည်းအနှီးအလဟဿ ကဲ့ရဲ့ရှုတ်ချခြင်း သည်လည်းကောင်း၊ ခါးသီးသော စကားသည်လည်းကောင်း ပြုလုပ်သူ ထံသို့သာ ပြန်ရောက်သွားတတ်သည်။

ချီးကျူးသည့် အတွက်ကြောင့်လည်း မြင့်မြတ်သောပုဂ္ဂိုလ်များသည် ဝမ်းသာအားရမဖြစ်လှပေ။ အကြောင်း မူကား ကဲ့ရဲ့ရှုတ်ချသူ တစ်စုံတစ်ယောက် ရှိနေလိမ့်မည်ဖြစ်ပြီး ကဲ့ရဲ့ရှုတ်ချသည့်စကားကို ကြားရသည့်အတွက် ကြောင့်လည်း စိတ်မချမ်းမသာ ဖြစ်လိမ့်မည်မဟုတ်သည့် အတွက်ကြောင့် ဖြစ်သည်။

ခန္တီပါရမီကို အလေ့အကျင့်ပြုလုပ်ရာ၌ ဘုရားအလောင်းသည် ကမ္ဘာ လောက၌ ရှိသော အကောင်း၊ အဆိုး၊ ချစ်ခင်နှစ်သက်အပ်သူ၊ မချစ်ခင် မနှစ်သက်အပ်သူ၊ သီလရှိသူ၊ သီလမဲ့သူ၊ ခါးသူ၊ ချိုသူ ယင်းပုဂ္ဂိုလ်များနှင့် ပတ်သက်၍လည်းကောင်း၊ အရာဝတ္ထုများနှင့်ပတ်သက်၍လည်းကောင်း၊ ဗြဟ္မဝိဟာရတရားလေးပါး ရှိသည့်အနက် နောက်ဆုံးတရားဖြစ်သော ဥပေက္ခာကို နှလုံးသွင်းပြီးလျှင် အားလုံးအပေါ်၌ တူညီစွာ ရှုမြင်သုံးသပ်လျက် ကျင့်ကြံ အားထုတ် သည်။

ဘုရားအလောင်း၏ ယင်းကြံ့ခိုင်သောအခြေအနေသည် ဘဝမှ လွတ် မြောက် သွားသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ် အဆင့်နှင့်တူသော အဆင့် သို့ရောက်ရှိသွားသည်။ ယင်းအဆင့်၌ ဘုရားအလောင်းသည် ဇာတိကိုလည်း

မလိုလားတော့ပေ။ မရဏာကိုလည်း မလိုလားတော့ပေ။

စရိယာပိဋကတ် သို့မဟုတ် ပရမတ္ထဒီပနီ၌ ခန္တီပါရမီအကြောင်းကို ဖော်ပြထားခြင်း မရှိပေ။ ဇာတက အဋ္ဌကထာ၌ကား ခန္တီပါရမီနှင့်ပတ်သက်သော ဇာတ်တော်များ ပါရှိသည်ကို တွေ့ရသည်။ မဟာကပိဇာတက၌ မျောက်တစ်ကောင်၏ အံ့ဖွယ်သည်းခံစိတ်အကြောင်းကို ဖော်ပြထားသည်။

ကာသိရွာရှိ ဗြာဟ္မဏလယ်သမားတစ်ဦးသည် လယ်ထွန်နေသည်။ နေ့လည်မွန်းတည့် အလုပ်နားချိန်၌ တောထဲတွင် သူ၏နွားများ ပျောက်သွား သည်။ မိမိ၏ နွားများကို ရှာဖွေရင်း ဗြာဟ္မဏလယ်သမားသည် တောထဲတွင်ရက်ပေါင်းများစွာ လမ်းပျောက်နေသည်။ တစ်နေ့သ၌ ဗြာဟ္မဏလယ်သမားသည် တည်ပင်ပေါ်တက်လျက် တည်သီးကို စားသောအခါ ခြေချော် လက်ချော်ဖြစ်ပြီး ချောက်ထဲ ကျသွားသည်။ လယ်သမားသည် ချောက်ထဲတွင် နေ့ရက်အတန်ကြာ လဲနေသည်။ ထိုအချိန်၌ မျောက်မျိုး၌ မွေးဖွားလာသော ဘုရားအလောင်းသည် ချောက်ထဲကျ နေသော လယ်သမားကို တွေ့မြင် ရသည်ဖြစ်၍ ကျောက်တုံးများကို တစ်တုံးပြီးတစ်တုံးဆက်ပြီး လယ်သမားကို ကယ်တင်သည်။ တစ်ချိန်တွင် လယ်သမားသည် အိပ်ပျော်နေသော ဘုရားအလောင်း၏ဦးခေါင်းကို ကျောက်ခဲ ဖြင့်ပေါက်သည်။ လယ်သမား၏ အကောက်ဉာဏ်ကို သိလိုက်ရသည် ဖြစ်၍ ဘုရားအလောင်းသည် သစ်ပင်ပေါ် တက်သွားပြီး တောထဲတွင် လမ်းပျောက်နေသော လယ်သမားအား "အို လယ်သမား သင်ကမြေကြီးပေါ်က သွားပါ ကျွန်ုပ် သစ်ကိုင်းများပေါ်က ခုန်ခုန်ပြီး သင့်ကို လမ်းပြမည်" ဟု ပြောလိုက်သည်။ ယင်းသို့အားဖြင့် မိမိအတွက် အကျိုးမဲ့ ပြုသူအား ထပ်ခါထပ်ခါ အကျိုးပြုပြီးလျှင် ဘုရားအလောင်းမျောက်မင်းသည် အံ့ဩဖွယ် ခန္တီတရားကို ပြလေသည်။ ယင်းဇာတ်တော်သည် ဒေဝဒတ္တ၏ ကျေးဇူးကန်းပုံနှင့် ပတ်သက်ပြီး ဗုဒ္ဓက ရဟန်းသံဃာတော်များအား ဟောပြော သော ဇာတ်တော်ဖြစ်သည်။

တရံရောအခါ ဘုရားအလောင်းသည် ရှုရွှေသမင်မျိုး၌ မွေးဖွားသည်။ ဘုရားအလောင်း ရွှေသမင်သည် သူ၏အုပ်စုကို ထားခဲ့ပြီးလျှင် ဂင်္ဂါမြစ်ကွေ့ရှိ သရက်ဥယျာဉ်တစ်ခုတွင် နေထိုင်သည်။ ဘုရားအလောင်းရွှေသမင်၏ ကျွဲမြွေသည် ရွှေပြားကဲ့သို့ အရောင်တောက်နေသည်။ တစ်နေ့သောအခါ ဘုရားအလောင်း ရွှေသမင်သည် မြစ်ထဲ မျောလာသော လူတစ်ယောက်၏အသံကို ကြားရသောအခါ

ရေစီးကြောင်းထဲ ကူးသွားပြီး ရေနစ်နေသော ထိုလူကို ကယ်ဆယ်ပြီးလျှင် ကျောကုန်းပေါ် တင်လာသည်။ ရေနစ်သူသည် ဗာရာဏသီရှိ ဖြာပွဲစား သူဌေးတစ်ဦး၏ သားဆိုးသားမိုက်ဖြစ်သည်။ ဘုရားအလောင်းသည် ထိုလူအား ဗာရာဏသီသွားသော လမ်းကို ညွှန်ပြလျှက် ဥစ္စာဓန ရလိုသော မတော် လောဘကြောင့် သူ့အကြောင်းကို ဘုရင်အား ပြောမပြရန် ထိုလူကို တားမြစ် ပိတ်ပင်လိုက်သည်။ သို့ရာတွင် ထိုလူသည် ဗာရာဏသီမြို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုရွှေသမင်နှင့် ရွှေသမင်နေသော နေရာကို ဗာရာဏသီဘုရင်အား ပြောပြလိုက်သည်။

ဗာရာဏသီဘုရင့်မိဖုရားသည် တစ်ညတွင် ရွှေသမင်တစ်ကောင်၏ တရားကို နာရသည်ဟု အိပ်မက် မက်သည်ဖြစ်၍ အိပ်မက်ထဲတွင် တွေ့ရသော သမင်၏တရားကို နာယူလိုသောစိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ဘုရား အလောင်းရွှေသမင်သည် နောက်လိုက်ဗိုလ်ပါများနှင့် ဗာရာဏသီဘုရင် တောထဲလာသည်ကို မြင်ရသောအခါ ဘုရင့်ထံ ချဉ်းကပ်သွားပြီး ထိုဖြာပွဲစား သားဆိုးသားမိုက်ကို မြစ်ထဲက ကယ်ဆယ်ခဲ့သည့်အကြောင်း ပြောပြသည်။ ထိုအချိန်၌ ဘုရင်သည် ရွှေသမင်၏ အကျိုးမဲ့ပြုလုပ်သူအား သတ်ပစ်မည်ဟု အကြံ ဖြစ်ပေါ်လာသည်။ သို့ရာတွင် ဘုရားအလောင်းသည် ထိုဖြာပွဲစား သားဆိုးသားမိုက်ကို အသက်ကယ်ပြန်သည်။ ယင်းသို့အားဖြင့် မိမိအကျိုးမဲ့ကို ပြုလုပ်သူအား ခွင့်လွှတ်ပြီးလျှင် ဘုရားအလောင်းသည် ခန္တီပါရမီကို ဖြည့်ဆည်းကျင့်သုံးတော်မူသည်။ ယင်းရုရုဇာတ် တော်သည် သီလပါရမီနှင့် ပတ်သက်သော ဇာတ်တော်များ၌လည်း အကျုံးဝင်သည်။

တစ်ခါတုန်းကလည်း ဘုရားအလောင်းသည် ဟိမဝန္တာ၌ ကျွဲတစ်ကောင်အဖြစ် မွေးဖွားလာသည်။ တစ်နေ့ သောအခါ၌ သစ်ပင်တစ်ပင် အောက်တွင် အိပ်နေစဉ် ဆော့တတ်သော မျောက်တစ်ကောင်သည် ဘုရားအလောင်းအား နည်းမျိုးစုံနှင့် နှိပ်စက်ညှဉ်းပန်းသည်ကို သည်းခံ ပြီးလျှင် ခန္တီပါရမီကို ကျင့်သုံးဆောက်တည်သည်။ ယင်းမဟိံသဇာတ်တော်လည်း သီလပါရမီနှင့်ပတ်သက်သော ဇာတ်တော်များတွင် အကျုံးဝင်သော ဇာတ်တော် တစ်ခုဖြစ်သည်။

ပုဏ္ဏအမည်ရှိသော ရဟန်းသည် မဟာရဋ္ဌပြည်နယ်သားဖြစ်သည်။

တစ်နေ့သ၌ ပုဏ္ဏသည် ကုူးသန်းရောင်း ဝယ်ရေးကိစ္စဖြင့် သာဝတ္ထိသို့ သွားပြီးလျှင် သာဝတ္ထိ၌ ရဟန်းပြုလိုက်သည်။ ထိုအချိန်မှာ ဗုဒ္ဓဘာသာ သမိုင်း၏ အစပျိုးချိန်ကာလဖြစ်သည်။ ပါဠိစာပေ၌ ပုဏ္ဏ၏ဝတ္ထုသည် အတုမရှိသော ဝတ္ထုဖြစ်သည်။ သက္ကတဘာသာ ဒိဗျာဝဒါနနှင့် အဝဒါနကပ္ပလတာတို့၌လည်း ပုဏ္ဏအကြောင်း ပါသည်။ ပုဏ္ဏ၏ ခန္တီတရားနှင့် ပတ်သက်သော ဇာတ်လမ်းသည် ပုဏ္ဏရဟန်းပြုစအချိန်ကာလ၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပုဏ္ဏသည် သူ၏ဇာတိဖြစ်သော သုနာပရန္တ၌ တရားဓမ္မဟောကြားဖြန့်ချိရန် ကြွလိုသောစိတ် ပေါ်ပေါက်လာသည်။ သုနာပရန္တ တိုင်းသားတို့သည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး မယဉ်ကျေးသူများလည်းဖြစ်သည်။ ထို့ကြောင့် ပုဏ္ဏသည် မြတ်စွာဘုရား၏ ခွင့်ပြုချက် ကို ရလိုသောကြောင့် မြတ်စွာဘုရားထံ ချဉ်းကပ်လျှက် "အရှင် သူမြတ်ဘုရား တပည့်တော်အား မမေ့လျော့သောသတိဖြင့် နေနိုင်အောင် အကျဉ်းချုံး၍ တရားဒေသနာ ဟောကြားလျှင် အလွန်တရာ ကျေးဇူးရှိပါ လိမ့်မည်" ဟုလျှောက်ထားသည်။ ပုဏ္ဏအား တရားဒေသနာ ဟောကြားပြီးသောအခါ မြတ်စွာဘုရားက "ငါ့ရှင် ပုဏ္ဏ သင်သည် ငါယခုဟောကြားသော တရားဒေသနာအကျဉ်းကို နာကြားပြီး မည်သည့်နေရာဌာန၌ နေမည်ဟု ကြံရွယ်သနည်း" ဟုမေးတော်မူလိုက်သည်။

"တပည့်တော် သုနာပရန္တတိုင်း၌ နေထိုင်ပါမည်"

"ငါ့ရှင် ပုဏ္ဏ သုနာပရန္တကလူများသည် ကြမ်းလည်း ကြမ်းတမ်းသည်။ ရက်စက်လည်း ရက်စက်သည်။ အကယ်၍ သုနာပရန္တတိုင်းကလူများကအသင့်ကို ရိုင်းရိုင်းပြပြ ပြောဆိုလျှင် သင်ဘယ်လို သဘောထားမည်နည်း"

"အရှင်သူမြတ်ဘုရား သုနာပရန္တက လူများ တပည့်တော်ကို ရိုင်းရိုင်းပြပြ ပြောကြမည်ဆိုလျှင် သုနာပရန္တကလူများသည် လူကောင်းသူကောင်းများ ဖြစ်ကြသည်။ တပည့်တော်ကို ရိုက်နှက်ခြင်းမပြုဘဲ ရိုင်းရိုင်းပြပြ ပြောရုံသာ ပြောသည်" ဟူ၍ ထင်မြင်ယူဆရမည်ဖြစ်ပါသည်။

"ငါ့ရှင်ပုဏ္ဏ အကယ်၍ သုနာပရန္တတိုင်းသားများက သင့်ကို ရိုက်ပုတ်မည်ဆိုလျှင် သင်ဘယ်လိုသဘော ထားမည်နည်း"

"အရှင်သူမြတ်ဘုရား အကယ်၍ သုနာပရန္တတိုင်းသားများက တပည့်တော်အား ရိုက်မောင်းပုတ်မောင်း လုပ်မည်ဆိုလျှင် သုနာပရန္တ

တိုင်းသားများသည် တပည့်တော်အား အုတ်ခဲဖြင့် မထုသည့်အတွက် အလွန်တရာ ယဉ်ကျေးသူများ ဖြစ်၏" ဟုတပည့်တော် သဘောထားပါမည်။

"အကယ်၍ သူတို့က သင့်ကို အုတ်ခဲဖြင့် ထုလျှင်ကော"

"အကယ်၍ သူတို့က တပည့်တော်ကို အုတ်ခဲဖြင့်ထုလျှင်လည်း အုတ်ခဲဖြင့်ထုရုံသာထုပြီး တုတ်ဖြင့် မရိုက်သည့်အတွက် သုနာပရန္တတိုင်းသားများ သည် လူကောင်းသူကောင်းများဖြစ်ကြ၏ ဟုတပည့်တော် မှတ်ယူပါမည်"။

"အကယ်၍ သူတို့က သင့်ကို တုတ်ဖြင့် ရိုက်မည်ဆိုလျှင်ကော"

"တပည့်တော်ကို သူတို့ တုတ်ဖြင့်ရိုက်ရုံသာရိုက်ပြီး လက်နက်နှင့် မထိပါးသောကြောင့် သုနာပရန္တတိုင်းသားများ အလွန်တော်ကြပါသည်" ဟု တပည့်တော် ထင်မှတ်ပါမည်။

"အကယ်၍သူတို့က လက်နက်ဖြင့် ထိပါးလျှင်ကော"

"အကယ်၍သူတို့က တပည့်တော်ကို လက်နက်နှင့် ထိပါးမည် ဆိုလျှင်လည်း တပည့်တော်ကို လက်နက်နှင့် မသတ်သည့်အတွက် သုနာပရန္တ တိုင်းသားများသည် အလွန်တရာတော်သော ပုဂ္ဂိုလ်များဖြစ်ကြ၏ ဟုတပည့်တော် ထင်မှတ်ပါမည်"

"အကယ်၍ သူတို့ကသင့်ကို လက်နက်နှင့် သတ်မည်ဆိုလျှင်ကော"

"အကယ်၍ သုနာပရန္တတိုင်းသားများက တပည့်တော်အား လက်နက်နှင့် သတ်ကြမည်ဆိုလျှင်လည်း 'အချို့သောရဟန်းတော်များသည် မိမိတို့ဘဝကို ငြီးငွေ့ လာကြပြီးလျှင် အသက်သေစေလိုသည့်အတွက် လက်နက် ကိုရှာကြ၏။ အဆိပ် ကို ရှာကြ၏။ ကြိုးဆွဲချပြီး သေကြောင်းကြံ ကြ၏။ ယင်းအခြေအနေမျိုး၌ သုနာပရန္တတိုင်းသား များသည် တပည့်တော်၏ အနှစ်သာရမဲ့သော ဘဝကို အဆုံးသတ်သွားအောင် လုပ်သည့်အတွက် တပည့်တော် လက်နက်ရှာဖို့ မလိုသောကြောင့် သုနာပရန္တတိုင်းသားများသည် လူတော်သူကောင်းများဖြစ်ကြ၏' ဟု တပည့်တော် ထင်မှတ်ပါမည်"

"သာဓု သာဓု ပုဏ္ဏ၊ သင်သည် အလွန်တရာ ကြီးမားသော ခန္တီတရားနှင့် ပြည့်စုံသောကြောင့် သုနာပရန္တ တိုင်း၌ နေ၍ရသော ပုဂ္ဂိုလ် ဖြစ်ပေလိမ့်မည်။ သင်ဆန္ဒရှိသည့်အတိုင်း သွားနိုင်ပြီ"

ယင်းသို့မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ပုဏ္ဏအား သုနာပရန္တ

တိုင်းသို့ သွားခွင့်ပြုလိုက်သည်။

ဗုဒ္ဓကိုယ်တော်တိုင်နှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ဗုဒ္ဓသည် ဆွမ်းအလို့ငှာ ဗြာဟ္မဏ တစ်ဦး၏ တံခါးဝ၌ ရပ်တော်မူသည်။ ဗြာဟ္မဏသည် ဗုဒ္ဓအား ရေရွတ်တိုင်းထွာသည်။ မိမိအား ရေရွတ်တိုင်းထွာ သည်ကို ဗုဒ္ဓသည် ခပ်မဆိတ်နားထောင်နေတော်မူသည်။ ထို့နောက် ဗြာဟ္မဏ တိတ်သွားသောအခါ မိန့်တော်မူလိုက်သည်။ "အို... ဗြာဟ္မဏ သင်၏အိမ်သို့ဧည့်သည် တစ်ဦးဦးလာလျှင် သင်သည် ယင်းဧည့်သည်အား ပစ္စည်းတစ်ခုခု ပေးလှူသည့်အခါ ဧည့်သည်က ထိုပစ္စည်းဝတ္ထုကို မယူလျှင် ထိုပစ္စည်းဝတ္ထု မည်သည့်သူ့ထံ၌ ရှိမည်နည်း"

ဗြဟ္မဏကပြန်ပြောသည်။

"ကျွန်ုပ်ထံ၌ ရှိလိမ့်မည်"

ထိုအခါ ဗုဒ္ဓက မိန့်တော်မူပြန်သည်။ "ယင်းသို့ဖြစ်လျှင် ငါသည်လည်း သင်၏ ရေရွတ်တိုင်းထွာချက်များကို လက်ခံလိမ့်မည် မဟုတ်ပေ" (အင်္ဂုတ္တိုရ်ဘာရဒွါဇသုတ်သုတ္တနိပါတ်)

မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော်၌ ယင်းကဲ့သို့သော အဖြစ်အပျက်ပေါင်း များစွာ ဖြစ်ပျက်ခဲ့သည်။ ဗုဒ္ဓ၏ ခန္တီတရားတော်ကပင် အင်္ဂုလိမာလအား လမ်းမှန်ပေါ် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓသည် အမုန်ယစ်နေသော နာဠာဂီရိဆင်၏ ရှေ့သို့ခန္တီတရားကို လက်ကိုင်ထားပြီး ကြွသွားတော်မူသည်။ နာဠာဂီရိဆင်သည် ဗုဒ္ဓကို တွေ့သည်နှင့် တစ်ပြိုင်နက် ငြိမ်ကျသွားသည်။ ကိုယ်ဝန်အတုပြုလုပ်ပြီး လာသော စိဉ္စမာနအမည်ရှိ မိန်းမအား ဗုဒ္ဓသည် ငြိမ်းချမ်းရေးတရားတော်ကို ဟောလျက် လမ်းမှန်ရောက်စေခဲ့သည်။ တခြားပရိဗိုဇ်များက ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းတော်များအား ပရိဗိုဇ်မ မိန်းမပျိုတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်သည်ဟု စွပ်စွဲသောအခါ ဗုဒ္ဓသည် တပည့်ရဟန်းတော်အားလုံးအား စွပ်စွဲသော စွပ်စွဲချက်ဟူသမျှကို ခန္တီတရား လက်ကိုင်ထားပြီး သည်းခံကြရန် ဆုံးမတော်မူသည်။ ယင်းသို့အားဖြင့် ဘိက္ခု၊ ဘိက္ခုနီတို့၏အတ္ထုပ္ပတ္တိ အတော်များများသည် ယင်းတို့၏ ခန္တီတရားလက်ကိုင် ထားပုံကို ပြောပြနေကြသည်။ ဇာတ်တော် များတွင်လည်း ခန္တီတရားနှင့် ပတ်သက်သော ဇာတ်လမ်း အများအပြားရှိသည်။

သီရိလင်္ကာ၌ ပေါ်ထွန်းတော်မူသော ရဟန္တာတစ်ပါး၏ အတ္ထုပ္ပတ္တိ

သည်လည်း ခန္တီတရားနှင့် ထူးထူးခြားခြား ပတ်သက်နေသော အတ္တုပ္ပတ္တိ ဖြစ်သည်။ ထိုရဟန်းတော်သည် ကလျာဏီဘုရင်၏နန်းတော်သို့ နေ့စဉ်နေ့တိုင်း ဆွမ်းဘုန်းပေးရန် ကြွတော်မူသည်။ ဘုရင်၏ ညီတော်သည် မိဖုရားနှင့် တိတ်တဆိတ် မမှန်သော ဆက်သွယ်မှုမျိုးဖြင့် ဆက်သွယ်မှုရှိနေသည့်အတွက် ဘုရင်ကသူ၏ညီတော်ကို နှင်ထုတ်ပစ်လိုက်သည်။ ညီတော်သည် ရဟန်းတပါး၏ အကူအညီဖြင့် မိဖုရားထံ စာလွှာပါးလိုက်သည်။ ယင်းစာလွှာကို ဘုရင် တွေ့ရှိ သွားသည်ဖြစ်၍ ရဟန်းတော်အား သင်္ကာမကင်းဖြစ်ပြီးလျှင် ဘုရင်သည် ရဟန်းအား ဆီပူအိုးထဲ ထည့်လိုက်သည်။ ဆီပူအိုးထဲ ထိုင်နေသော ရဟန်းတော် မိန့်ကြားတော် မူသော ဂါထာများသည် 'တေလကဋ္ဌာဟ' ဂါထာဟူသော အမည်နာမဖြင့် ထင်ရှားကျော်ကြားနေသည်။ 'တေလကဋ္ဌာဟ' သည် သန္တရသ၊ ကရုဏာရသ အပြည့်ရှိနေသော ရှေးဟောင်းပါဠိကဗျာကျမ်း တစ်ကျမ်းဖြစ်သည်။

ခန္တီဝါဒ ဇာတ်တော်လည်း ခန္တီပါရမီ၌ အကျုံးဝင်သည်။ ရှေးသရော အခါ မဟာကရုဏာတော်ရှင် ဂေါတမမြတ်စွာဘုရား အလောင်းသည် ဗာရာဏသီ ပြည်ရှိ ဗြာဟ္မဏတစ်ဦး၏ အိမ်ထောင်မိသားစုတွင် ဖွားမြင်လာလေသည်။ မိဘနှစ်ပါး ကွယ်လွန်သွားသောအခါ အမွေအနှစ်အဖြစ် ထားပစ်ခဲ့သည့် ဥစ္စာပစ္စည်းအစုအပုံကို ကြည့်လျက် ဘုရားအလောင်းသည် 'ငါ၏ မိဘများသည် သူတို့ ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများကို ယူဆောင်သွားနိုင်ခြင်း မရှိဘဲ လူချည်း သက်သက် ဘဝတစ်ပါးသို့ ပြောင်းသွားကြရပါလား' ဟူ၍ သတိသံဝေဂစိတ် ဖြစ်ပေါ်လာလေသည်။

ယင်းသို့ သတိသံဝေဂစိတ် ဖြစ်ပေါ်လာသည်ဖြစ်၍ ဘုရားအလောင်းသည် သူပိုင်ပစ္စည်းများကို စွန့်ပြီးလျှင် ဟိမဝန္တာသို့ ထွက်ခွာသွားလျက် ဟိမဝန္တာ၌ ရသေ့သူတော်စင်ဘဝဖြင့် တရားဘာဝနာ ကျင့်ကြံအားထုတ်ကာ တစ်ကမ္ဘာလုံး အပေါ်တွင် မေတ္တာရောင်ခြည် ဖြန့်ကျက်နေတော်မူလေသည်။

နှစ်ပေါင်းများစွာ ကြာသွားသောအခါ ဘုရားအလောင်းသည် ဆေးဝါး ရှာဖွေရန်အလို့ငှာ ဗာရာဏသီသို့ ပြန်လာလေသည်။ ဗာရာဏသီမြို့ထဲတွင် လှည့်လည် ဆွမ်းခံနေသော ဘုရားအလောင်းကို တွေ့မြင်သည်ဖြစ်၍ စစ်သူကြီးသည် ဘုရားအလောင်းကို အိမ်သို့ ပင့်လာလေသည်။ အိမ်ရောက်သောအခါ စစ်သူကြီးသည် သူကိုယ်တိုင် ဆွမ်းချက်၍ ဘုရားအလောင်းအား ကပ်လှူ လေသည်။

ထို့နောက် ဘုရားအလောင်းပေါ်တွင် အထူးပင် ကြည်ညိုစိတ် ပွားများလာသည်ဖြစ်၍ စစ်သူကြီးသည် ဘုရားအလောင်းအား ဘုရင့် ဥယျာဉ်တွင်း၌ နေထိုင် သီတင်းသုံးရန် တောင်းပန် လျှောက်ထားလေသည်။

တစ်နေ့သ၌ ဗာရာဏသီပြည့်ရှင်ဘုရင်သည် သေရည်သေရက်သောက်စားမူးရစ်လျက် နန်းတွင်းသူ ကိုယ်လုပ်မောင်းမများ ခြံရံပြီးလျှင် ဥယျာဉ်တွင်းသို့ ဘုရင့်အဆောင်အယောင်ဖြင့် အပျော်အပါး ထွက်လာလေသည်။ ဥယျာဉ်တွင်း ရောက်လာသောအခါ ပန်းပင် တစ်ပင်အောက်၌ တင်ပျဉ်ခွေထိုင်လျက် တည်ငြိမ်ကျွေရစွာ ဘာဝနာ ပွားများနေသော ဘုရားအလောင်းကို ဘုရင်မင်းကြီး တွေ့မြင်သွား လေသည်။

ဘုရင်မင်းကြီးသည် ဘုရားအလောင်းအနီးသို့ ချဉ်းကပ် သွားပြီးလျှင် "အသင် ဘယ်တရားကို ဟောကြားသနည်း" ဟု မေးလိုက်သည်။

"ကျုပ် ခန္တီတရားကို ဟောကြားပါ၏ အရှင်မင်းကြီး"

ဘုရားအလောင်းက ပြန်လည်ဖြေကြားလိုက်လေသည်။

"ခန္တီတရားဆိုသည်မှာ မည်သည့်အရာကို ခေါ်သနည်း"

"သင်မင်းကြီးကို တစ်စုံတစ်ယောက်က ဆဲလျှင်သော် လည်းကောင်း၊ ရိုက်လျှင်သော်လည်းကောင်း ထိုသူ့အပေါ်တွင် အသင်မင်းကြီး အမျက်ဒေါသ မထားရပေ၊ မိမိအား ထိပါး လာသူ၏အပေါ်တွင် ကရုဏာတရား ၊မေတ္တာတရား ထားသူသည် ခန္တီတရားနှင့် ပြည့်စုံသူမည်ပေ၏"

ဘုရားအလောင်း၏ စကားသည် ယစ်ထုပ်ဘုရင်၏ နှလုံးသားကို ပျော့ပျောင်းနူးညံ့သွားအောင် မစွမ်းဆောင်နိုင်ပေ။

"ကောင်းပြီ၊ သင်၏ ခန္တီတရား မှန်မမှန် စမ်းသပ်ကြည့်မည်"

ဘုရင်မင်းကြီးသည် သူ၏ပါးကွက်အာဏာသားတစ်ယောက်ကို ဆင့်ခေါ် လိုက်လေသည်။ ပစ္စည်း ကိရိယာစုံလင်စွာဖြင့် ပါးကွက်အာဏာသား သည် အမျက်ဒေါသထွက်နေသော ဘုရင် မင်းကြီးရှေ့မှောက် ရောက်လာသည်။

"ဘယ်လိုကိစ္စမျိုးကို ပြုလုပ်ဆောင်ရွက်ရမည်ဆိုသည်ကို အမိန့် ချမှတ်တော်မူပါ အရှင်မင်းကြီး"

ဘုရင်မင်းကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် အမိန့်ပေးလိုက် လေသည်။

"ဒီရသေ့လိမ် ရသေ့ညာကို ဆွဲခေါ်သွားပြီး မြေကြီး ပေါ်တွန်းလှဲပစ်လိုက်၊

ပြီးတော့ သူ့ဝမ်းဗိုက်၊ သူ့ကျောကုန်း၊ သူ့ နံဘေးနှစ်ဖက်ကို အလျှိုး နှစ်ထောင် လောက် တင်သွားအောင် မင်း လက်ထဲက သံကြိုးနှင့် ရိုက်စမ်း .."

သို့ရာတွင် ဘုရားအလောင်းသည် ခန္တီတရားကို အမြဲမပြတ် လက်ကိုင် ထားပြီး ကရုဏာနှင့် မေတ္တာတရားကို ကျင့်သုံးဆောက်တည် နေသည်ဖြစ်၍ မည်သို့မျှ တုန်လှုပ်ချောက်ချား ခြင်းမရှိဘဲ ဘုရင်ဆိုးနှင့်သူ၏ ပါးကွက် အာဏာသားအပေါ်တွင် မေတ္တာလည်းမပျက်ပေ၊ ကရုဏာလည်း မကွက်ပေ။ သို့ရာတွင် မောင်းမမိသံများကမူ ဘုရားအလောင်း၏ ကံကြမ္မာ အတွက် ယူကျုံးမရ ဖြစ်သွားလေသည်။

ထိုအခိုက် ပါးကွက်အာဏာသားသည် အိုမင်းပြီး တုန်တုန် ချည့်ချည့် ဖြစ်နေသော ဘုရားအလောင်း ရသေ့ကို မြေကြီးပေါ်တွင် တွန်းလှဲပစ် လိုက် လေသည်။ ထို့နောက် သူ့လက်ထဲတွင် ရှိနေသော သံကြိုးနှင့် ဘုရင်မင်းကြီး အမိန့်ချမှတ်သည့်အတိုင်း အကြိမ်များစွာ ရိုက်နှက်လေသည်။ ဘုရားအလောင်း ရသေ့၏ အရေပြားသည် စုတ်ပြဲသွားပြီး သွေးများ ပန်းထွက်လာကြသည်။ သို့သော်လည်း သူ၏ငြိမ်သက် အေးချမ်းပြီး တည်ငြိမ်ဣန္ဒြေရသော အသွင်အပြင် သည် ပြောင်းမသွားဘဲ ယခင်ပုံမှန်အတိုင်းပင် ရှိနေသည်။

ဘုရင်မင်းကြီးက တစ်ဖန် မေးခွန်းထုတ်လိုက်ပြန်၏။

"သင် ဘယ်သို့သောတရားကို ဟောကြားသနည်း ..."

"ကျုပ် ခန္တီတရားကို ဟောကြားပါ၏ အရှင်မင်းကြီး"

ဘုရားအလောင်းက အဖြေ ပြန်ပေးလေ၏။

ထိုအခါ ဘုရင်မင်းကြီးက သူ၏ပါးကွက်အာဏာသားအား ဒုတိယ အကြိမ် အမိန့်ပေးလိုက် ပြန်လေသည်။

"ဒီရသေ့မိုက်၏ လက်နှစ်ဖက်ကို ဖြတ်ပစ်လိုက်"

ဘုရင်မင်းကြီးအမိန့်ပေးသည့်အတိုင်းပင် ပါးကွက်အာဏာ သားသည် ပုဆိန်ကို လှမ်းယူပြီးလျှင် အပြစ်မဲ့သူရှင်ရသေ့၏ လက်နှစ်ဘက်ကို ပုဆိန်ဖြင့် ခုတ်ဖြတ်ပစ်လိုက်လေသည်။ ထို့နောက်တစ်ဖန် ဘုရင်မင်းကြီးက ...

"ခြေနှစ်ဘက်ကိုလည်း ဖြတ်ပစ်လိုက်" ဟုအမိန့်ပေး ပြန်လေသည်။

ဘုရင်မင်းကြီး၏ အမိန့်အတိုင်း ပါးကွက်အာဏာသားသည် ဘုရား အလောင်း၏ ခြေနှစ်ဘက် ကိုလည်း ဖြတ်ပစ်လိုက်လေသည်။

ကရားထဲမှ ချိတ်ရည်များ သွန်ကျလာသကဲ့သို့ ဘုရားအလောင်း ၏ လက်ပြတ်နှစ်ဘက်မှ လည်းကောင်း၊ ခြေပြတ်နှစ်ဘက်မှ လည်းကောင်း သွေးများ တရဟောစီးကျလာသည်။ သို့သော်လည်း ဘုရားအလောင်းသည် ဒုက္ခလည်း မခံစားရပေ၊ ဒေါသလည်း မဖြစ်ပွားပေ။ သူ၏ စိတ်နှလုံးသည် ပြစ်မှု ကျူးလွန်သူများအတွက် အရည်ပျော် သွားလေသည်။

ဘုရင်မင်းကြီးက တတိယအကြိမ် မေးခွန်းထုတ်ပြန်လေသည်။

"အဘယ်ကဲ့သို့သောတရားကို သင်ဟောကြားသနည်း"

"ကျုပ်ခန္တီတရားကို ဟောကြားပါ၏ အရှင်မင်းကြီး"

ဘုရားအလောင်းက ပြန်လည်ဖြေကြားသည်။

ထိုအခါ ဘုရင်မင်းကြီးသည်

"ဒီရသေ့၏ နှာခေါင်းနှင့် နားနှစ်ဘက်ကိုလဲ ဖြတ်ပစ်လိုက်"

ဟုအမိန့်ပေးလိုက်ပြန်သည်။

ပါးကွက်အာဏာသားသည် ဘုရင်မင်းကြီး၏ အမိန့်အတိုင်း လိုက်နာ ဆောင်ရွက်လေသည်။ မဟာကရုဏာတော်ရှင်၏ တစ်ကိုယ်လုံးသည် သွေးချင်းချင်း နီသွားလေသည်။

ဘုရင်မင်းကြီးက တစ်ဖန်မေးလိုက်ပြန်သည်။

"အဘယ်ကဲ့သို့သောတရားကို သင်ဟောကြားသနည်း"

"အရှင်မင်းကြီး၊ ကျွန်ုပ်သည် ခန္တီတရားကိုပင် ဟောကြားပါ၏"

ထိုအခါဒေါသမီးတောက်နေသော ဘုရင်မင်းကြီးသည် ဘုရားအလောင်း ၏ နှလုံးသားပေါ်တွင် ခြေထောက်နှင့်တက်နင်းပြီး တရှူးရှူး တရှဲရှဲနှင့် ထွက်ခွာ သွားလေသည်။

သို့ရာတွင် စိတ်နှလုံးနူးညံ့ပျော့ပျောင်းသော ဘုရားအလောင်းကမူ သူခံစားရသော ဝေဒနာအတွက်မည်သို့မျှ မအောက်မေ့ပေ။ ဘုရင်မိုက် ဘုရင်ဆိုး အပေါ်တွင်ထားသော သူ၏မေတ္တာနှင့် ကရုဏာသည် ထိခိုက်ပွန်းပဲ့မသွားပေ။

ဘုရင်မင်းကြီး ထွက်ခွာသွားသောအခါ စစ်သူကြီးသည် ဘုရားအလောင်း ၏ ကိုယ်ပေါ်မှ သွေးများကို သုတ်ပေးပြီးလျှင် ဒဏ်ရာများကို ဆေးထည့်ပေးသည်။ ထို့နောက် ဘုရားအလောင်းရသေ့အား နေရာတစ်နေရာ၌ သက်သက်သာသာ နေစေပြီးလျှင် ရှိခိုးဦးတိုက် လျှောက်ထားလိုက်လေသည်။

"ဒေါသကို မချုပ်တည်းနိုင်သောကြောင့် ဘုရင်မိုက်သည် ရှင်ရသေ့၏ လက်၊ ခြေနှင့် နှာခေါင်းတို့ကို ရက်ရက်စက်စက် ဖြတ်သည့်အပြစ်ကို ကျူးလွန်ခဲ့ပါ၏၊ ရှင်ရသေ့၏ ကျိန်စာသည် အပြစ် ကျူးလွန်သူ ဘုရင်တစ်ဦးတည်း အပေါ်၌သာ ကျရောက်ပါစေ၊ ဘုရင်မိုက်၏ မိုက်ပြစ်ကြောင့် တိုင်းနိုင်ငံတစ်ခုလုံး ပျက်စီးသွားအောင် ပြုလုပ်တော်မမူပါနှင့်"

မဟာကရုဏာတော်ရှင် ဘုရားအလောင်းသည် စစ်သူကြီးအား နှစ်သိမ့်ပြီးလျှင် မိန့်တော်မူသည်။

ယော မေ ဟတ္ထေစ ပါဒေစ၊

ကဏ္ဏ နာသံစ ဆေဒယိ၊

စိရံ ဇီဝတု သော ရာဇာ၊

န ဟိ ကုဇ္ဈန္တိ မာဒိသာ။

(ငါ၏ လက်နှစ်ဘက်ကိုလည်းကောင်း၊ ခြေနှစ်ဘက်ကို လည်းကောင်း၊ နားနှစ်ဘက်နှင့် နှာခေါင်းကို လည်းကောင်း ဖြတ်ခဲ့သော ဘုရင်မင်းကြီးသည် အသက်ရာကျော်ရှည်ပါစေ၊ ယင်းကဲ့သို့သော အကြောင်းကြောင်းကြောင့် ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် အမျက်ဒေါသ မထွက်ကြကုန်။)

ယင်းသို့အားဖြင့် ဘုရားအလောင်းရှင်ရသေ့သည် ဘုရင်မင်းကြီးနှင့် ပြည်သူပြည်သား အပေါင်းတို့အား မေတ္တာပို့သပြီးလျှင် ငြိမ်သက်စွာ ဇီဝိန်ချုပ်သွားလေသည်။ နန်းတွင်းသူနှင့် မှူးမတ်များသည် လည်းကောင်း၊ ပြည်သူပြည်သားများသည် လည်းကောင်း၊ ပန်း၊ ဆီမွှေး၊ နံ့သာများကို ဆောင်ကြဉ်းလာပြီးလျှင် ဘုရားအလောင်း၏ ရုပ်အလောင်းကို ပူဇော်ကန်တော့ကြလေသည်။

# သစ္စာပါရမီ

ပါရမီများ၏အစီအစဉ်၌ သစ္စာပါရမီ၏ နေရာသည် သတ္တမနေရာ ဖြစ်သည်။ သစ္စာစကားကို လက်ခံနာယူ ပြီးကျင့်သုံး ဆောက်တည်ခြင်း သည်သာလျှင် သစ္စာပါရမီ၏ အလုပ်ဖြစ်သည်။ သမ္မာဒိဋ္ဌိရရှိသော ဘုရားအလောင်းသည် သစ္စာပါရမီကို ကျင့်သုံး ဆောက်တည်သည်။ သစ္စာတရားကို နာယူခြင်းနှင့် သစ္စာနှင့်ပတ်သက်သော ညွှန်ကြားချက်သည် လွယ်ကူမှုရှိသော်လည်း သစ္စာကားကို ဆိုခြင်းနှင့် သစ္စာတရားကို တကယ်လက်တွေ့ ကျင့်သုံး ဆောက်တည် ခြင်းကမူ မလွယ်ကူပေ။ အခက်အခဲရှိသည်။ ယင်းအမြင်ဖြင့် ကြည့်မည်ဆိုလျှင် သစ္စာပါရမီသည် အခြားပါရမီအားလုံး ထက်ခက်ခဲမှု ရှိကောင်းရှိပေလိမ့်မည်။ သို့ရာတွင် ပြည့်စုံမှု၏ အနီးသို့ရောက်ရှိသွားသည့် ဘုရားအလောင်းကဲ့သို့သော မဟာပုရိသယောကျ်ားအာဇာနည်အတွက် ကမ္ဘာလောက၌ မည်သည့်အလုပ်မျိုးမဆို ခက်ခဲသည်ဟူ၍လည်းမရှိပေ။ မဖြစ်နိုင်သည်ဟူ၍လည်းမရှိပေ။

သစ္စာတရားကို ကျင့်သုံးဆောက်တည်ခြင်းသည် ငါးပါးသီလ၌ စတုတ္ထသီလဖြစ်သည်။ သစ္စာတရားကို မစောင့်ထိန်းဘဲ သီလကို စောင့်ထိန်းဖို့ရန်မှာ မဖြစ်နိုင်ပေ။ ဘုရားအလောင်းသည် မိမိ၏ကတိအတိုင်း မကောင်းမှုအမျိုးမျိုး၏အခြေခံဖြစ်သော သို့မဟုတ် ခိုလှုံလဲလျောင်းရာဖြစ်သော အသစ္စာကို သို့မဟုတ် မုသားစကားဆိုခြင်းကို အခါခပ်သိမ်းစွန့်ပယ်ထားသည်။

ဘုရားအလောင်းသည် မည်သည့်အခါ၌မဆို သစ္စာအဓိဋ္ဌာန်နှင့် ပြည့်စုံသော မှန်ကန်မှုကို ရရှိရန်အတွက် အသက်ကိုပင်စွန့်လွှတ်သည်။ သစ္စာတရားကို စောင့်ထိန်းခြင်းအားဖြင့်သာလျှင် သစ္စာပါရမီကိုဖြည့်ဆည်းသည်။ ဇာတကအဋ္ဌကထာ၌ ဖော်ပြပါရှိသော ဝတ္ထုကြောင်းများ၏ အဆိုအရ ဘုရားအလောင်းသည် အလုပ်အမျိုးမျိုး ကိုပင်လုပ်ကိုင်ဆောင်ရွက်သော်လည်း မည်သည့်အခါမှ မည်သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ရရင်ဆိုင်ရ အသစ္စာစကားသို့မဟုတ် မမှန်သော စကားကို လည်းမပြော ကြားပေ။ မည်သည့်အခါမှ ဒေါသအမျက်ထွက်ခြင်းလည်း မရှိပေ။ အသက်အိုးအိမ်စည်းစိမ် မည်သည့်အရာကိုမဆို စွန့်လွှတ်လျက် ယင်းအကျင့်တရားနှစ်ပါးကို ထိန်းသိမ်း စောင့်ထိန်း

သည်။

ဘုရားအလောင်းသည် မိမိအကျိုးအတွက် ဖြစ်စေသို့မဟုတ် သူတစ်ပါး အကျိုးအတွက်ဖြစ်စေ၊ မည်သည့် အခါမှ မမှန်သော စကားကိုမပြောကြားပေ သစ္စာစကားကို အမြဲမပြတ် ထိန်းသိမ်း စောင့်ရှောက်သည်။ သစ္စာစကားကို မထိန်းသိမ်းမစောင့်ရှောက်ဘဲနှင့် သတ္တဝါများအတွက် နိဗ္ဗာန်ရရှိရေး မဖြစ်နိုင်ပေ ထို့ကြောင့် ဘုရားအလောင်းသည် သတ္တဝါများ၏ လောကုတ္တရာ အကျိုးကျေးဇူးကို ရရှိစေဖို့ဆန္ဒပြုရင်းနှင့် သတ္တဝါများ၏ အကျိုးစီးပွားကို ရည်သန်ရင်း နှင့်ပရမတ္ထသစ္စာတရား ရရှိရေးအတွက် အမြဲမပြတ် တွေးတော ကြံဆနေသည်။

သစ္စာစကားဆိုခြင်း၊ သို့မဟုတ်၊ သစ္စာစကားသစ္စာတရားအတိုင်း ကျင့်ခြင်းအားဖြင့် ကုသိုလ်ကောင်းမှုရရှိခြင်းအတွက် လမ်းဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်ဖက်အားဖြင့် အသစ္စာ သို့မဟုတ် မမှန်စကားသည် မကောင်းမှုကို ဖြစ်ပွား စေသော အကုသိုလ်၊ အဓမ္မ၊ အပါယ်လေးပါး၏ တံခါးပေါက်ဖြစ်သည်။ လိမ်ညာ ပြောသူ၊ မိမိလုပ်သည့် အလုပ်ကို မိမိမလုပ်ဟူ၍ ပြောသူသည် ငရဲသို့လားရသည်။ မမှန်စကားပြောသော အကျင့်ပျက်ပြား ဖောက်ပြန်သူ ပေါက်လွတ်ပဲစား နေသူသည် တိုင်းပြည်၏ထမင်းကို စားရခြင်းထက် မီးလျှံနှင့် တူသော လောလောပူသည့်သံခဲကို စားရခြင်းက မြတ်သည်ဟူ၍ ဆိုရသည့် အဆင့်အထိသို့ပင် ရောက်ရှိသွားသည်။

မဂ္ဂင်ရှစ်ပါး၌ သစ္စာသည် သမ္မာဝါစာ၏ အမည်နာမဖြင့် ပါဝင်နေသည်။ သမ္မာဝါစာ၌ လက္ခဏာလေးရပ် ရှိသည်။

(၁) မုသားစကားမပြောခြင်း။

(၂) ကုန်းချောစကားမပြောခြင်း။

(၃) ရန့်ရင်းကြမ်းတမ်းသော စကားကိုမပြောခြင်း။

(၄) အတင်းအဖျင်း အကျိုးမဲ့စကားကို မပြောခြင်း။

သစ္စာတရားကို ထိန်းသိမ်းစောင့်ရှောက်သော ဘုရားအလောင်းသည် မကောင်းမှုအကုသိုလ်အလုပ် အားလုံးကို ရှောင်ကြဉ်သည်။

သစ္စာ၏ ဆန့်ကျင်ဘက်မှာ အသစ္စာ သို့မဟုတ် မမှန်စကားဖြစ်သည်။ ယင်း၌အသွင်အမျိုးမျိုးရှိသည်။ မမြင်ရသည့်အရာဝတ္ထုကို မြင်ရသည်ဟု ပြောဆိုခြင်း၊ သို့မဟုတ် ဖောက်လွဲဖောက်ပြန် ပြောဆိုခြင်း၊ အရာဝတ္ထု၏ ပုံမှန်အနေအထားကို တမျိုးတမည်လုပ်လျက် သို့မဟုတ် ဖျက်ဆီးလျက်ပြောခြင်း၊

သို့မဟုတ် ပြခြင်း၊ အရာဝတ္ထု တစ်ခု၏ပုံမှန်အနေအထားကိုလျှော့၍လည်းကောင်း၊ ချဲ့ထွင်၍လည်းကောင်းပြောခြင်း၊ ယင်းအားလုံးသည် အသစ္စာသို့မဟုတ် မမှန်စကား၏ အသွင်အမျိုးမျိုးဖြစ်သည်။ ပါဠိပိဋကတ်ကျမ်းများ၌မမှန်စကားကို ပြောဆိုခြင်း၊ ရေးသားဖြန့်ဖြူးခြင်း၏ အကြောင်းအမျိုးမျိုးကို ဖွင့်ဆို ပြောပြထားသည်။ ယင်းတို့အထဲက အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) လာဘ်လာဘကိုလိုလားခြင်း၊
(၂) ထိတ်လန့်ကြောက်ရွံ့ခြင်း၊
(၃) ရန်ပြုလိုခြင်း၊
(၄) ကြွားဝါလိုခြင်း၊
(၅) နိုးဂုက်လိုခြင်း၊
(၆) လှည့်စားလိုခြင်း၊
(၇) အပြောင်အပျက်ပြောလိုခြင်း၊
(၈) သူတစ်ပါးကိုပျက်စီးအောင်လုပ်လိုခြင်း၊
(၉) အချီးမွမ်းခံလိုခြင်း၊
(၁၀) မိမိ၏ အကျိုးစီးပွားကို လိုလားခြင်း၊
(၁၁) စီးပွားဥစ္စာရရှိရန် မျှော်လင့်ခြင်း၊

စသော အကြောင်းပေါင်းများစွာကြောင့် မမှန်စကားကို ပြောကြသည်။ ဘုရားအလောင်းကမူ မမှန်မကန်ပြောဆိုခြင်း၊ ပြုမူခြင်း အလုပ်အားလုံး ရှောင်ကြဉ်လျက် သစ္စာပါရမီကို ဖြည့်ဆည်းသည်။

သစ္စာပါရမီကို ဖြည့်ကျင့်ရာ၌ဘုရားအလောင်းသည် သစ္စာပါရမီနှင့် ပတ်သက်ပြီး တုန်လှုပ်ယိမ်းယိုင်သွားခြင်း မရှိဘဲ ခိုင်မာစွာ ယုံကြည်မှုရှိသည်။ မည်သည့်အခါမှ မိတ်သင်္ဂဟအပေါ်တွင် သစ္စာမဖောက်ပေ။ ဗြဟ္မဝိဟာရ တရားလေးပါးကို ကျင့်သုံးပြီးလျှင် မိမိ၏ သိက္ခာတိုးတက်ပွားများလာအောင် ပြုလုပ်သည်။ သစ္စာတရား၏ အကူအညီ ဖြင့်မိမိ၏ယဉ်ကျေးမှုကို မြှင့်တင်သည်။ မှုကို ခိုင်မာအောင်ပြုလုပ်သည်။ နိဗ္ဗာန်၏ အနီးသို့ချဉ်းကပ်သွားသည်။

သစ္စာနှင့်ပတ်သက်ပြီး ခိုင်မာစွာယုံကြည်မှုရှိသောကြောင့် ဘုရားအလောင်းသည် အကြိမ်များစွာ သစ္စာဆိုသည်။ ယင်းသစ္စာစကားဖြင့် ဘုရားအလောင်းသည် မိမိ၏ အကျိုးအတွက်သော်လည်းကောင်း၊ သူတစ်ပါး၏

အကျိုးအတွက် သော်လည်းကောင်း ပြုလုပ်ဆောင်ရွက်သည်။ သစ္စာ၏ စွမ်းရည်တန်ခိုးကြောင့် ဘုရားအလောင်း၏ နှုတ်မှထွက်သော စကားအတိုင်းပင် အမှန်ဖြစ်ပေါ်လာသည်။ ယင်းသို့အားဖြင့် ဘုရားအလောင်း၏ နှုတ်ထွက် စကားသည် အကျိုးသက် ရောက်မှုဖြစ်ပေါ်စေခဲ့သည်။ "ငါ၏ဤသစ္စာစကား ကြောင့် ယင်းကဲ့သို့ဖြစ်ပါစေသား" ဟုသစ္စာကတိဆိုလျှင် ဆိုသည့် အတိုင်းပင် ဖြစ်ပေါ်လာစေသည်။ ယင်းသစ္စာစကား၏ စွမ်းရည်ကို ကြည့်လျက် ဘုရား အလောင်းသည် သူတစ်ပါးအတွက် အသက် ရှင်ခြင်း၊ အနာကင်းခြင်း၊ ချမ်းသာသုခဖြစ်ခြင်း၊ စည်းစိမ်ဥစ္စာရှိခြင်း၊ စသည်တို့ဖြစ်လာ စေရန် ဆန္ဒပြုသည်။ ရတနာ့သုတ်၊ မဟာဇယမင်္ဂလာဂါထာ၊ ဇယမင်္ဂလာဂါထာ စသည်တို့သည် ယင်းကဲ့သို့သော သစ္စာစကားဆိုခြင်း၏ သာဓကများ ဖြစ်ကြသည်။ မိမိ၏ မြင့်မြတ်စင်ကြယ်သောဘဝ၌ သစ္စကိရိယာခေါ် သစ္စာဆို ခြင်းသည် ဘုရားအလောင်း၏ စံပြကျင့်စဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဘုရားအလောင်းသည် 'ယထာဝါဒီ၊ တထာကာရီ' ဖြစ်သည်။ ပြောသည့်အတိုင်းလုပ်သည်။ မိမိပြောသော စကားကို မည်သည့်အခါမျှ ဖျက်ဆီးမပြစ်ပေ။ ပြင်မပြောပေ။ ဇာတကအဋ္ဌကထာ၌ ယင်းကဲ့သို့ကျင့်ကြံသော ဇာတ်တော်များ အများအပြားရှိပါသည်။ သာဓကအားဖြင့် ပြောရလျှင် 'လူသားစားတစ်ဦးနှင့် ဘုရားအလောင်း' အကြောင်းဇာတ်တော်ဖြစ်သည်။ လူသားစားက မိမိအားလည်း စားလိမ့်မည်ဟူ၍ သိရှိသော်လည်း ဘုရားအလောင်းသည် လူသားစားကိုပေးထားသော မိမိစကားအတိုင်း ပြုလုပ် ဆောင်ရွက်သည်။ နောက်ဆုံး၌ မိမိ၏ သစ္စာစကားကြောင့် ဘုရားအလောင်းသည် ယင်းလူသားစား၏ ဘေးရန်မှ လွတ်မြောက်သွားသည်။

မမှန်စကားပြောသူအတွက် ကမ္ဘာလောက၌မိမိလည်းအကျိုးမရှိ သူတစ်ပါးလည်း အကျိုးမရှိသော မည်သည့် မကောင်းမှုမျိုးကိုမဆို မပြုလုပ်သည်ဟူ၍ မရှိပေ။ အခြားတစ်စုံတစ်ယောက်တွင် ဖြစ်ပေါ်လာမည့် ဘေးရန် အန္တရာယ်ကို ကာကွယ်သော၊ မမှန်စကားနှင့် အခြားတစ်စုံတစ်ယောက်အား အကျိုးမဲ့ဖြစ်စေလိုသည့်စိတ်ဖြင့် ပြောသောမမှန်စကား၌ ပြတ်ပြတ်သားသားခြားနားမှု ပြုလုပ်ထားရမည်။

သစ္စာပါရမီကို ဖြည့်ဆည်းရာ၌ သစ္စာတရားကို ရှာမှီးရင်း ဘုရားအ

ပါရမီ
လောင်းသည် သစ္စာတရား၏ အထွတ်အထိပ်ရောက်ရှိသွားသည်။ ဘုရားအလောင်းသည် မည်သည့်အခါမှ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ကဲ့သို့သော မကောင်းမှု အကုသိုလ်ဝိတက်များကို ကြံဆခြင်း မပြုလုပ်ပေ။ သစ္စာဝိတက်ကိုသာကြံဆခြင်းပြုလုပ်သည်။[၃၃] ဘုရားအလောင်းအတွက် အရိယသစ္စာလေးပါးနှင့်ပတ်သက်ပြီး မှန်သော အသိဉာဏ်သိရှိခြင်းသည်လည်း သစ္စာဉာဏ်ကိုသိမြင်ခြင်းဟူ၍ပင် ခေါ်ဆိုရသည်။ ဗုဒ္ဓသည် သစ္စာတရားအဖြစ်ဖြင့် ပထမဦးစွာ ယင်းအရိယသစ္စာလေးပါး ညွှန်ပြခြင်းအားဖြင့် ဓမ္မစကြာတရားဟောကြားသည်။[၃၄] ဘုရားအလောင်းသည် အရိယသစ္စာတရားလေးပါးကို ပဋိစ္စသမုပ္ပါဒ်၌ပါဝင်ပတ်သက်စေပြီးလျှင် သစ္စာတရားကို သိရှိနားလည်အောင်လုပ်သည်။ ဇရာမရဏသည်ဒုက္ခသစ္စာဖြစ်၏။ ဇာတိသည် သမုဒယသစ္စာဖြစ်၏။ နိရောဓသစ္စာကို သိခြင်းသည် မဂ္ဂသစ္စာဖြစ်၏။[၃၅]

ဥပါဒါန်သည် ဒုက္ခသစ္စာဖြစ်၏။ တဏှာသည် သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်ပါးတို့၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းသစ္စာနှစ်ပါး ချုပ်ငြိမ်းခြင်းအသိသည် မဂ္ဂသစ္စာဖြစ်၏။ တဏှာသည် ဒုက္ခသစ္စာဖြစ်၏။ ဝေဒနာသည် သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်ပါးတို့၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းနှစ်ပါး၏ ချုပ်ငြိမ်းခြင်းအသိသည် မဂ္ဂသစ္စာဖြစ်၏။ ဝေဒနာသည် ဒုက္ခသစ္စာဖြစ်၏။ ဖဿသည်သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်ပါး၏ ချုပ်ငြိမ်းခြင်းအသိသည် မဂ္ဂသစ္စာဖြစ်၏။[၃၆] ဖဿသည်ဒုက္ခသစ္စာဖြစ်၏။ သဠာယတနသည် သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်ပါး၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းနှစ်ပါး၏ ချုပ်ငြိမ်းခြင်း အသိသည် မဂ္ဂသစ္စာဖြစ်၏။

သဠာယတနသည် ဒုက္ခသစ္စာဖြစ်၏။ နာမနှင့် ရူပသည် သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်မျိုး၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းနှစ်မျိုး၏ ချုပ်ငြိမ်းခြင်း အသိသည် မဂ္ဂသစ္စာဖြစ်၏။ နာမနှင့်ရူပသည် ဒုက္ခသစ္စာဖြစ်၏။ ဝိညာဏ်သည် သမုဒယသစ္စာဖြစ်၏။ ဝိညာဏ်သည်ဒုက္ခသစ္စာဖြစ်၏။ သင်္ခါရသည်သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်မျိုး၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းနှစ်မျိုး၏ ချုပ်ငြိမ်းခြင်းကို သိခြင်းသည် မဂ္ဂသစ္စာဖြစ်၏။ သင်္ခါရသည် ဒုက္ခသစ္စာဖြစ်၏။ အဝိဇ္ဇာသည် သမုဒယသစ္စာဖြစ်၏။ ယင်းနှစ်မျိုး၏ ကင်းကွာခြင်းသည် နိရောဓသစ္စာဖြစ်၏။ ယင်းနှစ်မျိုးလုံး၏ ချုပ်ငြိမ်းခြင်းကို သိ

ခြင်းသည် မင်္ဂလသစ္စာဖြစ်၏။ [၁၇]

ယင်းသို့အားဖြင့် ဘုရားအလောင်းသည် သစ္စာပါရမီဖြည့်ဆည်းရေး အတွက် သစ္စာတရားကို ရှုမြင်သုံးသပ်လျက် အတွေ့အကြုံရအောင် ပြုလုပ်သည်။ မဟတ္တိ ပဒေါမသုတ်၌ ဓမ္မသေနာပတိ ရှင်သာရိပုတြာသည် အရိယသစ္စာလေး ပါးကို ဆင်ခြေထောက်နှင့် ဥပမာပေးသည်။ အကြီးအသေး ပမာဏအားဖြင့် တခြားသတ္တဝါအားလုံး၏ ခြေထောက်ထက် ကြီးမားသည်။ သို့မဟုတ် ရှေ့သွား ဖြစ်သည်ဟူ၍ ထင်ရသောကြောင့် သတ္တဝါအားလုံး၏ ခြေထောက်သည် ဆင်ခြေ ထောက်၌ အကျုံးဝင်သည်။ ထိုနည်းအတိုင်းပင် ကုသလဓမ္မအားလုံးသည် အ ရိယသစ္စာ၌ အကျုံးဝင်သည်။ [၁၈]

စရိယာပိဋကတ်နှင့် ပရမတ္ထဒီပနီ၌ သစ္စာပါရမီ၏ စရိယာခြောက်ပါး ဖွင့်ပြထားသည်။ ဇာတက အဋ္ဌကထာ၌လည်း ယင်းစရိယာများနှင့် တူညီမှုရှိ သော ဝတ္ထုကြောင်းများ ရှိသည့်အပြင် အခြားအဋ္ဌကထာများ၌လည်း ဝတ္ထုကြောင်း များရှိသည်။ စရိယာပိဋကတ်၏ စရိယာများနှင့် ယင်းတို့၏ တူညီမှုရှိသော ဇာတက အဋ္ဌကထာများသည် အောက်ပါအတိုင်းဖြစ်သည်။

၁။ ကပိရာဇစရိယာ –ကုမ္ဘီလဇာတက(၂၀၆)

၂။သစ္စတာပသစရိယာ –သစ္စံကိရဇာတက(၇၃)

၃။ဝဋ္ဋပေါတကစရိယာ –ဝဋ္ဋဇာတက(၃၅)

၄။မစ္ဆရာဇစရိယာ –မစ္ဆဇာတက(၇၅)

၅။ကဏှာဒီပါယနစရိယာ –ကဏှာဒီပဇာတက(၄၄၄)

၆။သုတသောမစရိယာ –မဟာသုတသောမဇာတက(၅၃၇)

တခါတုံးက ဘုရားအလောင်းသည် မျောက်မျိုး၌မွေးဖွားသည်။ ဘုရား အလောင်းမျောက်သည် အလွန်အင်အားကြီးမားသည်။ ကြီးမားသောမျောက် အုပ်စုတစ်စု၏ ခေါင်းဆောင်လည်းဖြစ်သည်။ သို့သော်လည်း ဘုရားအလောင်း မျောက်သည် တစ်ဦးတည်း မြစ်တစ်စင်း၏ကမ်းပါး၌နေသည်။ မြစ်ထဲတွင် ကျွန်း တစ်ကျွန်းရှိသည်။ ယင်းကျွန်း၌သရက်ပင်စသော သီးပင်များရှိသည်။ မြစ်နှင့် ကျွန်း၏ အလယ်၌ ကျောက်ဆောင်ကြီးတစ်ခုရှိသည်။ ဘုရားအလောင်းမျောက် သည်မြစ်၏ ဤမှာဘက်ကမ်းမှ ခုန်လျက် ထိုကျောက်ဆောင်ကြီးပေါ် သွားပြီး ထိုကျောက်ဆောင်ပေါ်မှ ခုန်လျက် ထိုကျွန်းသို့သွားပြီးလျှင် သစ်သီးအမျိုးမျိုး ကို

စားပြီးနောက် ညနေချမ်းအခါ၌ ထိုနည်းအတိုင်းပင် ပြန်လာသည်။ ယင်းအလုပ်သည် ဘုရားအလောင်းမျောက်၏ နေ့စဉ်အလုပ်ဖြစ်သည်။ တနေ့သ၌ ထိုမြစ်၌နေသော မိကျောင်းတစ်ကောင်၏ မယားဖြစ်သူ မိကျောင်းမသည် ဘုရားအလောင်း မျောက်ကို တွေ့မြင်သောအခါ ဘုရားအလောင်းမျောက်၏ နှလုံးသားကို စားလိုသည့်ဆန္ဒအပြင်းအထန်ပေါ်လာသည်။ မိကျောင်းမက မိကျောင်းဖိုကို ပြောပြသည်။ မိကျောင်းဖိုက ညဏ်ဆင်လိုက်သည်။ ဘုရားအလောင်းမျောက် သစ်သီးစားပြီး ညနေချမ်းအချိန် သူ့နေရာပြန်လာသောအခါ ဘုရားအလောင်းမျောက်သည် ကျောက်ဆောင်နဂိုကထက် အတန်ငယ်ကြီးလာသည်ဟုထင်မှတ်သွားသည်။ ရေ၏အခြေအနေ စုံစမ်းကြည့်သော်လည်း ရေကျမသွားပေ၊ ကျောက်ဆောင်ပေါ်၌ မိကျောင်းရှိနေသည်ဟု သံသယဖြစ်သွားသည်။ မိမိ၏သံသယကို ဖယ်ရှားပစ်ဖို့အတွက် နည်းလမ်းတစ်လမ်း စဉ်းစားဆင်ခြင်မိသည်။ ဘုရားအလောင်းမျောက်က "အိုကျောက်ဆောင်" ဟုခေါ်လိုက်သည်။ ပြန်ထူးသည်ကို မကြားရသည်ဖြစ်၍ တဖန် "အိုကျောက်ဆောင် ... ကျောက်ဆောင်"ဟု ဆိုလျက် သုံးကြိမ်တိတိ ခေါ်လိုက်သည်။ သို့သော်လည်း ပြန်ထူးသံပေါ်မလာပေ။ ထိုအခါ ဘုရားအလောင်းမျောက်က "အိုကျောက်ဆောင် သင်ယနေ့ဘာ့ကြောင့်ပြန်မထူးတာလဲ"ဟု ပြောသောအခါ မိကျောင်းက "ကျောက်ဆောင်သည် နေ့စဉ်နေ့တိုင်း မျောက်ကို အဖြေပြန်ပေးနေကျ ဖြစ်လိမ့်မည်။ ယနေ့ ငါဒီမှာ ရှိတဲ့အတွက် အဖြေပြန်မပေးတာ ဖြစ်လိမ့်မည်။ ငါအဖြေပြန်ပေးမှဖြစ်လိမ့်မည်။"ဟု စဉ်းစားပြီး "မျောက်မင်း ဘယ်လိုအကြောင်းမျိုးရှိလို့လဲ"ဟု ပြန်ပြောသည်။ ဘုရားအလောင်းက "မင်းကဘယ်သူလဲ"ဟု မေးသည့်အတွက် မိကျောင်းက "ကျုပ်ကုမ္ဘီလမိကျောင်းပါ"ဟု ပြန်ပြောလိုက်သည်။ တဖန် "ဒီမှာဘာဖြစ်လို့ထိုင်နေတာလဲ"ဟု မေးသောအခါ "ကျုပ်မယား မိကျောင်းမက သင့်နှလုံးသားကို စားလိုတဲ့ချင်ခြင်း ဖြစ်နေတဲ့အတွက် လာစောင့်နေတာပါ"ဟု ပြန်ပြောသည်။

မိမိ၏ လွတ်မြောက်ရေးအတွက် နည်းလမ်းကြည့်မမြင် သောကြောင့် ဘုရားအလောင်းမျောက်သည် မိကျောင်းကို တစ်ပတ်ရိုက်ဖို့အတွက် ဆုံးဖြတ်လိုက်သည်။ "မိတ်ဆွေကုမ္ဘီလ ကျုပ်သင့်အပေါ် ခုန်ချလိုက်မယ်"ဟု ပြောသောအခါ ကုမ္ဘီလက "မျောက်မင်း အဲဒီလိုလုပ်ပါ ကျုပ်ဆီလာခဲ့ပါ"ဟု ပြောသည်။ "ကောင်းပြီ ကျုပ်လာခဲ့မယ်။ သင်ပါးစပ်ဟနေပါ ကျုပ်သင့်ဆီရောက်လာတဲ့အခါ

မှာ ကျုပ်ကိုဖမ်းထားလိုက်”ဟု ဘုရားအလောင်းမျောက်ကပြောလိုက်သည်။ မိကျောင်းတို့မည်သည် ပါးစပ်ဟလိုက်သည်နှင့် မျက်လုံးပိတ်သွားသည်။ ယင်းအချက်ကို မိကျောင်းသတိမပြုမိသည်ဖြစ်၍ ပါးစပ်လည်းဟ မျက်လုံးလည်းမှိတ်ပြီး ဘုရားအလောင်းမျောက်ကို စောင့်နေသည်။ ဘုရားအလောင်းမျောက်သည် သူဆင်သည့်အတိုင်း ဖြစ်လာ၍ မိကျောင်း၏ ဦးခေါင်းကိုနင်းလျက် လျှပ်စီးပြက်လိုက်သည်နှင့် အရှိန်ဖြင့် ကမ်းတစ်ဖက် ခုန်ကူးလိုက်သည်။ ယင်းအံ့ဩဖွယ်ကို တွေ့မြင်ရသည်ဖြစ်၍ မိကျောင်းကပြောလိုက်သည်။ “အိုမျောက်မင်း၊ ဤလောက၌ အချက်လေးချက်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မိမိရန်သူကို အနိုင်ရရှိတယ်၊ ယင်းဂုဏ်အရည်အချင်းအားလုံး သင်မျောက်မင်းမှာရှိတယ်” [၂၀] ကုမ္ဘီလမိချောင်းသည် ယင်းသို့ ဘုရားအလောင်း မျောက်မင်းကို ချီးကျူးစကားပြောကြားလျက် ထွက်ခွာသွားသည်။ ဘုရားအလောင်းမျောက်မင်းသည် နည်းပရိယာယ် ကျွမ်းကျင်စွာဖြင့် သစ္စာတရားကို ကာကွယ်စောင့်ရှောက်လျက် မိမိကိုယ်ကိုလည်း ကာကွယ်စောင့်ရှောက်လျက် မိမိကိုယ်ကိုလည်း ကာကွယ်စောင့်ရှောက်လိုက်သည်။ [၂၁] မိမိအသက်ကာကွယ်ရန်အတွက် ဘုရားအလောင်းသည် မမှန်သောစကား ကို မပြောပေ။ သို့သော်လည်း ယုတ္တိရှိရှိနှင့် အလုပ်လုပ်ပြီးလျှင် သစ္စာပါရမီကို ဖြည့်ဆည်းလိုက်သည်။ [၂၂]

ရှေးသရောအခါ ဘုရားအလောင်းသည် ကာသိတိုင်းရှိ အဆင့်မြင့်ဗြဟ္မဏမျိုးနွယ်၌ မွေးဖွားလာသည်။ အရွယ်ရောက်လာသောအခါ ရသေ့ရဟန်းပြုလျက် မြစ်ကွေ့၌ သစ်ခက်တဲကျောင်းဆောက်လုပ်နေထိုင်သည်။ တစ်နေ့ညချမ်းအချိန်၌ လမ်းလျှောက်ထွက်စဉ် ယောက်ျားတစ်ယောက် ငိုသံကြားရ၍ “ငါကဲ့သို့သောမေတ္တာကရုဏာရှိသည့် တပသီရှိနေပါလျက်နှင့် ဤယောက်ျားသေဆုံးသွားရလား”ဟု စဉ်းစားလျက် ထိုယောက်ျားအား အားပေးစကားပြောကြားပြီးလျှင် ရေထဲကူးသွားလျက် ထိုယောက်ျားကို သူဖောင်လုပ်ကူးသွားသောပျဉ်ပြားပေါ်တွင်တင်ပြီး မြစ်ကမ်းသို့ခေါ်လာခဲ့သည်။ ယင်းသစ်သားဖောင်တွင် မြွေတစ်ကောင်၊ ကြက်တူရွေးတစ်ကောင်၊ ကြွက်တစ်ကောင် ပါလာသည်။ ယင်းသုံးဦး၏ အားမဲ့ပုံကိုတွေ့ရ၍ ဘုရားအလောင်းသည် ပထမဦးစွာ မြွေကိုမီးဖိုအနီးတွင် နွေးသွားအောင် လုပ်ပေးသည်။ နောက်ဆုံးကျမှ ထိုယောက်ျားကို ကျန်းမာလာအောင်လုပ်ပေးသည်။

အမှန်က ထိုယောကျ်ားသည် ဗာရာဏသီဘုရင်၏ သားဆိုးသားမိုက် ဒုဋ္ဌကုမာရဖြစ်သည်။ သူ့အမည်နာမအတိုင်းပင် မိုက်မဲသူဖြစ်၍ အစေအပါးများက ရေချိုးချိန်၌ ဒုဋ္ဌကုမာရကို ရေထဲမြှုပ်နှစ်ပစ်လိုက်ကြခြင်းဖြစ်သည်။ သူ့အရင် တောတိရစ္ဆာန်များအား ပြုစုသည်ကို တွေ့မြင်ရသည်ဖြစ်၍ ဘုရင့်သားတော်သည် အကြီးအကျယ် စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပြီးလျှင် ဘုရားအလောင်းကို ရန်ငြိုးထားသည်။ မြစ်ရေလည်းကျ ကျန်းမာလည်းကျန်းမာလာ၍ မြွေကသူ့အမည်နာမကို ဒီဃဟုပြောလျက် သူမည်သည့်နေရာ၌နေသည်ဆိုသည်ကို ပြောပြီးထွက်ခွာသွားသည်။ ကြွက်က သူ့အမည် ဥန္ဒုရဟုပြော၍လည်းကောင်း၊ ကြက်တူရွေးက သူ့အမည် သုဝ‌ါဟုပြော၍လည်းကောင်း "အခက်အခဲတွေ့ပြီးအကူအညီလိုသည့်အခါပြောပါ"ဟု ပြောပြီးလျှင် သူတို့၏ နေရာအသီးသီးသို့ ထွက်ခွာသွားကြ သည်။ ယင်းစိတ်ထားယုတ်မာသော ဘုရင့်သားတော်သာကျန်ခဲ့ပြီး "ငါ့ဆီလာလျှင် သူ့ကိုအသတ်ခိုင်းရမည်"ဟု စဉ်းစားလျက်ပြောလိုက်သည်။ "အရှင်ဘုရား ကျွန်ုပ် ဘုရင်ဖြစ်တဲ့အခါ ကျွန်ုပ်ဆီကိုကြွလာခဲ့ပါ၊ ကျွန်ုပ်ပစ္စည်းလေးပါးဖြင့် [၂၃] အရှင်ဘုရားကိုပူဇော်ပါ့မည်"ဟုပြောပြီး ထွက်ခွာသွားသည်။

နောက်ပိုင်းတွင် ထိုမင်းသားဘုရင်ဖြစ်လာသည်။ သူအသက်ကယ် လိုက်သူအားလုံးကို စမ်းသပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားအလောင်း သည် ပထမဦးစွာ မြွေ၏ထံသို့သွားပြီး "ဒီဃ"ဟု ခေါ်လိုက်သည်။ မြွေသည် အပြင် ထွက်လာပြီး ဘုရားအလောင်းအား သူ၏ကုဋေလေးဆယ်တန်ဖိုးရှိသော ရွှေကိုယူသွားရန်ပန်ကြားသည်။ "အချိန်ကျတော့မှယူမယ်"ဟု ပြောလျက် ဘုရား အလောင်းထွက်သွားသည်။ ဥန္ဒုရ နှင့် သုဝ‌ါတို့ကလည်း ထိုနည်းအတိုင်းပင် ပြုမူကြသည်။ နောက်ဆုံး၌ ထိုသစ္စာဖောက် ဘုရင်ထံရောက်သွားသည်။ ထိုအချိန် ၌ဘုရင်သည် ကကြိုးတန်ဆာ ဒွာဒရာများဆင်ထားသော ဆင်ကိုစီးလျက် သူ၏ နောက်လိုက်နောက်ပါများနှင့်အတူ မြို့တွင်းလှည့်လည်နေသည်။ ဘုရား အလောင်းက သူပြုလိုက်သော ကျေးဇူးနှင့်ပတ်သက်ပြီး ထုတ်ဖော်မပြောပြခင် ဘုရင်ကသူ၏နောက်လိုက်နောက်ပါများအား "ဘုရားအလောင်းကိုဖမ်းပြီး လမ်း ဆုံလမ်းခွ၌ ရိုက်နှက်လျက် မြို့ထဲကထုတ်ယူသွားပြီး တံကျင်လျှိုသတ်ဖို့ခေါ် သွား"ဟု အမိန့်ပေးလိုက်သည်။ ဘုရားအလောင်းအား ယင်းကဲ့သို့ ရိုက်မောင်း ပုတ်မောင်းပြုသောအခါ ဘုရားအလောင်းသည် ထိတ်လန့်ကြောက်ရွံ့သွားခြင်း

မရှိဘဲ ပုံမှန်အနေအထားနှင့်ပင် "ယောက်ျားတစ်ယောက်ယောက်ကို ရေထဲကထုတ်ယူခြင်းထက် သစ်သားတစ်ချောင်းကိုထုတ်ယူခြင်းက ပိုမိုကောင်းမွန်၏ဟု ပညာရှင်များပြောသောစကားသည် အမှန်တရားဖြစ်၏" [၂၄] ဟု ပြောလိုက်သည်။ ယင်းပြောကြားချက်ကို ကြားရသောကြောင့် ပညာရှင်အချို့ကမေးမြန်းသည်ဖြစ်၍ ဘုရားအလောင်း၏ပြောပြချက်အရ ဘုရင်အပေါ်တွင် ပြုလုပ်ခဲ့သော ကျေးဇူး ဥပကာရအကြောင်း သိရှိသွားကြသည်ဖြစ်၍ ဘုရင်ကိုသတ်ပြီး ဘုရားအလောင်းကို မင်းမြှောက်ကြသည်။ ဘုရားအလောင်းသည် မြွေ၊ ကြွက်၊ ကြက်တူရွေးတို့ ထံမှ အပိုင်းအခြားမရှိသော ဥစ္စာစနကိုယူပြီးလျှင် ယင်းသုံးဦးတို့ကိုလည်း ဘုရင့်နန်းတော်၌ တလေးတစားထားသည်။ [၂၅] ယင်းသို့အားဖြင့် ဘုရားအလောင်းသည် သစ္စာတရားကိုမြဲမြဲဆုပ်ကိုင်ပြီးလျှင် သစ္စာပါရမီကို ဖြည့်ဆည်းတော်မူသည်။

စရိယာ ပိဋကတ်၌ ပါရှိသော သစ္စတာပသ စရိယာ၌ ဂါထာ [၂၆] တစ်ပုဒ်သာပါရှိသည်။ ပရမတ္ထဒီပနီ၌ ဒုဋ္ဌကုမ္မာရ အကြောင်းမပါရှိဘဲ တပသီအကြောင်းသာပါရှိသည်။ ဘာဝနာ ပွားများပြီးလျှင် တပသီသည် ဒုက္ခအမျိုးမျိုးခံလျက် လူပေါင်းများစွာတို့အား ဒုက္ခများမှ လွတ်မြောက်အောင်ပြုလုပ်သည်။ ယင်းဝတ္ထုကိုလည်း မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဒေဝဒတ္တကို အကြောင်းပြုလျက် ဟောတော်မူခြင်းဖြစ်သည်။

ရှေးရှေးတုန်းက မဂဓတိုင်းပြည်ရှိ တောအုပ်တစ်ခုထဲတွင် ဘုရားအလောင်းသည် ငုံးအဖြစ်မွေးဖွားလာသည်။ ယင်းတောအုပ်၌ နှစ်စဉ်နှစ်တိုင်း တောမီးလောင်သည်။ တောမီးလောင်သောအခါ ဘုရားအလောင်း ငုံးမင်းသည် ခြေထောက်နှင့် အတောင်ပံ၌ စွမ်းအားမရှိသောကြောင့် သူ့အသိုက်ထဲ၌ပင် အောင်နေရသည်။ ငှက်ပေါင်းများစွာတို့သည် သေဘေးကြောင့် အသိုက်များထဲက ထွက်ပြီးပျံပြေးကြသည်။ ဘုရားအလောင်း၏ မိခင်ဖခင်တို့သည်လည်း အသိုက်ကို စွန့်ပြီးထွက်ပြေးကြသည်။ ဘုရားအလောင်းသည် အသိုက်ထဲက လည်ပင်းဆန့်တန်းလျက် ပျံ့နှံ့သွားသော မီးကိုကြည့်ပြီး "ယခုအခါတွင် ငါ့အနေနှင့် ခိုလှုံစရာမရှိတော့ပြီဖြစ်၍ မည်သို့မည်ပုံ လုပ်ရတော့မည်နည်း"ဟု စဉ်းစားဆင်ခြင်ကြည့်သည်။ ဤလောက၌ သီလဂုဏ်နှင့်သစ္စာဂုဏ်ရှိသည်။ ရှေးအတိတ်ဘဝကလည်း ပါရမီများကို ဖြည့်ဆည်းလျက် ဗောဓိပင်၏အောက်၌ ဘုရားအဖြစ်ရောက်ပြီးလျှင် သီလ၊ သမာဓိ၊ ပညာအားဖြင့် ဝိမုတ္တိလွတ်မြောက်ငြိမ်းချမ်းမှု အကျိုးဖြစ်ထွန်းစေ

သော စင်ကြယ်မြင့်မြတ်သည့် အကျိုးရှိသည့် ကရုဏာနှင့် လည်းကောင်း၊ ခန္တီတရားနှင့်လည်းကောင်း ပေါင်းစပ်နေသော အားလုံးအပေါ်၌ ထားသည့်မေတ္တာဘာဝနာ ပွားများသည့် ဗုဒ္ဓဖြစ်ခဲ့သည်။ ဗုဒ္ဓညွှန်ကြားပြောပြသော ဓမ္မရှိသည်။ ယင်းအားလုံးကို သတိရပြီးလျှင် [၂၇] သစ္စာဆိုလျက်ပြောပြသည် "အတောင်ရှိသော်လည်း အတောင်နှင့်ပျံ၍မရပေ။ ခြေထောက်ရှိသော်လည်း ခြေထောက်နှင့်သွား၍မရပေ။ ငါ့မိခင်ဖခင်တို့သည်လည်း ငါ့ကိုစွန့်ခွာပြီးထွက်သွားကြပြီ အိုမီးနောက်ပြန်ဆုတ်လော့" [၂၈] ယင်းသို့ သစ္စာဆိုပြီးလျှင် ဘုရားအလောင်းသည် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်သည်။

တစ်ချိန်တုန်းက ဖြစ်ပျက်သည့် အဖြစ်အပျက်ဖြစ်သည်။ ကောသလတိုင်း၌ မိုးခေါင်ရေရှားဖြစ်နေ၍ ဆူဆူညံညံအသံကြားနေရသည်။ ဗုဒ္ဓသည် ရေသပ္ပါယ်တော်မူလို၍ ရေသနုပ်သင်္ကန်းကိုယူပြီး ဇေတဝန်ကျောင်းတော်ရှိ ရေကန်၏ပထမလှေကားထစ်သို့ကြွပြီး ရပ်နေတော်မူစဉ် မိုးရွာချသည်။ ရဟန်းသံဃာတော်များ၏ လျှောက်ထားတောင်းပန်ချက်အရ ဗုဒ္ဓကအတိတ်ကို ဆောင်တော်မူသည်။ "ရှေးအခါက ဤနေရာ၌ပင် ရေကန်တစ်ကန်ရှိသည်။ ယင်းရေကန်၌ ဘုရားအလောင်းသည် မစ္ဆရာဇာ ငါးဘုရင်အဖြစ်မွေးဖွားလာသည်။ မိုးခေါင်သောကြောင့် ကန်ရေခြောက်ခန်းသွားသည်။ ကျီးငှက်နှင့် စွန်ငှက် စသည်တို့သည် ငါးများကို လာစားကြသည်။ ထိုအချိန်၌ ဘုရားအလောင်းသည် သူ၏မျိုးနွယ်တူငါးများ၏ ကောင်းကျိုးအတွက် သစ္စာဆိုသည်။ "အိုမေဃ၊ ကျွန်ုပ်သည် မိမိ၏မျိုးနွယ်ငါးများကြောင့် စိတ်ဆင်းရဲခြင်း ဖြစ်နေရပါ၏။ သင်သည်ကျွန်ုပ်ကဲ့သို့သော စိတ်ကောင်းရှိသူများ၏ ဆင်းရဲဒုက္ခကို တွေ့မြင်သိရှိနေပါလျက် မိုးအဘယ်ကြောင့်ရွာမချသနည်း။ တစ်ကောင်က အခြားတစ်ကောင်ကို စားသောအမျိုးအနွယ်၌ မွေးဖွားလာခဲ့သော်လည်း ကျွန်ုပ်သည်တစ်ကြိမ်တစ်ခါမျှပင် မိမိ၏မျိုးနွယ်တူများကို မစားခဲ့ပေ။ သက်ရှိမည်သည့်သတ္တဝါကိုမှလည်း ညှင်းပန်းနှိပ်စက်ခြင်းမပြုပေ။ ကျွန်ုပ်၏ ယင်းသစ္စာစကားအင်အားကြောင့် မိုးရွာသွန်းပေးပါလော့" ဘုရားအလောင်းသည် အပြင်ဘက်ထွက်လျက် သူ၏နီမြန်းနေသော မျက်လုံးဖြင့် ကောင်းကင်ကို ကြည့်သောအခါ သူ၏သစ္စာစကား စွမ်းအားကြောင့် မိုးသည်းထန်စွာ ရွာသွန်းသည်။ ယင်းသို့အားဖြင့် ဘုရားအလောင်းသည် သစ္စာဆိုပြီးလျှင် သူ၏အမျိုးအနွယ်ငါးများကို ကာကွယ်စောင့်ရှောက်တော်မူသည်။ [၂၉]

နောက်ဝတ္ထုတစ်ပုဒ်မှာလည်း သစ္စာပေါ်၌ အခြေခံထားသော ဝတ္ထုဖြစ်သည်။ ဘုရားအလောင်း ဒွေပါယန နှင့်သူ၏မိတ်ဆွေ မဏ္ဍဗျသည် ရှိသမျှဥစ္စာဓနအားလုံးကို လှူဒါန်းပြီးလျှင် ဟိမဝန္တာ၌ ရသေ့ရဟန်းပြုလျက်နေထိုင်သည်။ နှစ်ပေါင်း ငါးဆယ်တိတိ ဟိမဝန္တာ၌နေပြီး ဗာရာဏသီသို့ ခရီးထွက်လာခဲ့သည်။ မဏ္ဍဗျအမည်ရှိ အိမ်ထောင်ရှင်သည် ဒွေပါယန၏ မိတ်ဆွေဖြစ်သည်။ နေ့ရက်အတန်ကြာမျှ မဏ္ဍဗျ၏ဧည့်ဝတ်ပြုမှုကို ခံပြီးလျှင် ဒွေပါယနသည် ခရီးထွက်လာခဲ့သည်။ မိတ်ဆွေတပသီ မဏ္ဍဗျကမူ ဗာရာဏသီရှိ သင်္ချိုင်းတစ်ခုတွင် သခ်ိမ်းကျောင်းတစ်ကျောင်း ဆောက်လုပ်လျက် တရားအကျင့် ကျင့်ကြံအားထုတ်နေသည်။ တစ်နေ့သောအခါ၌ မင်းချင်းယောက်ျားများ နောက်ကလိုက်လာသော သူခိုးတစ်ယောက်သည် ခိုးရာပါပစ္စည်းကို မဏ္ဍဗျ၏သခ်ိမ်းကျောင်းတံခါးဝ၌ ချထားပြီး ထွက်ပြေးသွားသည်။ မင်းချင်းယောက်ျားများသည် မဏ္ဍဗျတပသီကို သူခိုးထင်မှတ်ပြီး ဘုရင့်ထံခေါ်ဆောင်လာကြသည်။ ဘုရင်ကမဏ္ဍဗျအား ကားစင်တင်သတ်ဖို့ အမိန့်ချမှတ်လိုက်သည်။ မဏ္ဍဗျကို ကားစင်တင်လိုက်သည်။ သို့သော်လည်း မဏ္ဍဗျကို သတ်၍မသေပေ။

နေ့ရက်အတန်ကြာသောအခါ ခရီးလှည့်လည်လာသော ဒွေပါယန လည်း ထိုနေရာရောက်ရှိလာသည်။ ဒွေပါယနသည် တစ်ညလုံး ယင်းကားစင် ကိုမှီလျက်ထိုင်နေသည်။ မဏ္ဍဗျကိုယ်က စီးကျသော သွေးများဖြင့် ဒွေပါယန၏ ကိုယ်မည်းနက်သွားသည်။ ဘုရင်မင်းကြီးက အဖြစ်မှန်သိသွားသောအခါ မဏ္ဍဗျ အားသေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးလိုက်သည်။ မဏ္ဍဗျသည် ဘုရင့်ဥယျာဉ်၌နေ ပြီး ဒွေပါယနက သူ၏မိတ်ဆွေ မဏ္ဍဗျ၏အိမ်သို့သွားသည်။ မဏ္ဍဗျ၏ရှေ့ မှောက်၌ ကစားနေသော သားယညဒတသည် ရုတ်တရက်မြွေကိုက်ခံရသည်။ ယညဒတ၏ မိဘများက ယညဒတကို ဘုရားအလောင်းထံခေါ်သွားသည်။ ဘုရား အလောင်းက ဤသို့သစ္စာဆိုလိုက်သည်။ "ကျွန်ုပ်သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုသည့်အတွက် တစ်ပတ်ကြာမျှသာ စိတ်ပါလက်ပါ ဗြဟ္မစရိယအကျင့် ကျင့်သုံးဆောက်တည်ခဲ့သည်။ နှစ်ပေါင်း ငါးဆယ်မက စိတ်မပါဘဲ တရား အကျင့် ကျင့်သုံးခဲ့သည်။ ကျွန်ုပ်၏ ယင်းသစ္စာစကားစွမ်းအားကြောင့် မြွေအဆိပ် ပျောက်ကွယ်သွားပါစေသား။ ယညဒတ အသက်ရှင်ပါစေသား"ဟု သစ္စာဆိုလိုက်သည်။ သူငယ်ကထသည် [၁၀] သတိရပြီး 'အမေ' ဟုခေါ်လိုက်သည်။

ပါရမီ

ဒွေပါယန ကပြောသည် "ငါလည်းသစ္စာဆိုသည်။ သင်လည်းသစ္စာဆိုလော့" ထိုအချိန်၌ သူငယ်၏ဖခင်က သစ္စာဆိုသည်။ "ကျွန်ုပ်သည် ဧည့်သည်များအား ပေးလှူသောအလှူဒါနနှင့် ပတ်သက်ပြီး မည်သည့်အခါမှ ဝမ်းသာအားရမဖြစ်ပေ။ သို့သော်လည်း ထိုအကြောင်းကို မည်သူမှမသိပေ။ ကျွန်ုပ်သည် မလှူချင်ဘဲနှင့် လှူရခြင်းဖြစ်သည်။ ယင်းသစ္စာစကား၏ စွမ်းအားကြောင့် ယဇ္ဉဒတ အသက်မသေဘဲရှိနေပါစေ"ဟု ဆိုလိုက်သောအခါ သူငယ်ထပြီးထိုင်သည်။ [၃၀]သို့သော်လည်း မတ်တပ်မရပ်နိုင်ပေ။ ဘုရားအလောင်းက သူငယ်၏မိခင် အားသစ္စာဆိုရန် ပြောလိုက်သည်ဖြစ်၍ သူငယ်၏မိခင်က သစ္စာဆိုလိုက်သည်။ "ကျွန်မထံမှာ သစ္စာတရားတစ်ခုရှိနေပါတယ်၊ ဒါပေမယ့် အဲဒီသစ္စာကို ကလေးအဖေရှေ့မှောက်မှာ ပြောမပြနိုင်ပါဘူး။" ကလေးအဖေက တောင်းပန်သည် ဖြစ်၍ ကလေးအမေက ပြောလိုက်သည်။ "သားကို ကျောက်တုံးပေါ်က ဆင်းလာပြီး ကိုက်တဲ့မြွေနှင့် သားဖခင်မှာရှိတဲ့ မချစ်မနှစ်သက်စရာသည် [၃၁] ယနေ့အမေ့အတွက် တစုံတခု ခြားနားခြင်းမရှိပါဘူး။ ယင်းသစ္စာစကား၏ စွမ်းအားကြောင့် သင်သား ထရပ်ပါစေ။" သူငယ်ထရပ်သည်။ သို့သော်လည်း အပြည့်အဝ ကျန်းမာမှုရှိမလာပေ။ နောက်ဆုံး မိခင်ဖြစ်သူက သူ့ယောကျ်ားအား သူ့ကိုခွင့်လွှတ်ပါဟု တောင်းပန်လျက် မိခင်နှင့်ဖခင်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် သူ့အနေနှင့် လင်ယောကျ်ားဖြစ်သူအား ပစ်မသွားနိုင်သောကြောင့် အနာဂတ် ကာလ၌ ကြည်ကြည်ဖြူဖြူနှင့်ပင် နေပါတော့မည်ဟု ပြောလိုက်သည်။ ဖခင်ဖြစ်သူက "အမျိုးအစဉ်အလာဖြစ်တဲ့ မိဘဘိုးဘွားက ဆင်းသက်လာတဲ့ အလှူဒါန အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် အလှူဒါနပြုလို သည့်ဆန္ဒမရှိသော်လည်း သူ့အနေနှင့် အလှူဒါနပေးလှူခဲ့သည်။ သို့သော်လည်း အနာဂတ်ကာလမှာ စိတ်စေတနာ ကောင်းကောင်းထားပြီး အလှူဒါနပေးကမ်းလှူဒါန်းပါတော့မည်"ဟု ပြောပြသည်။ ဘုရားအလောင်းက "ကဲ့ရဲ့မှာစိုးသော ကြောင့် စိတ်မပါဘဲ ရသေ့ရဟန်းဝတ်ပြီး နေလာခဲ့တယ်၊ သို့သော်လည်း ယခု အချိန်ကစပြီး စေတနာအပြည့်နှင့် ရသေ့ရဟန်းဘဝနှင့် အရှိုးထုတ်ပါတော့မည်" ဟု ပြောလိုက်သည်။ ယင်းသို့အားဖြင့် ကိုယ်တိုင်သစ္စာစကား ပြောကြားပြီးလျှင် အခြားသူများအားလည်း သစ္စာစကားပြောကြားစေလျက် ဘုရားအလောင်းသည် သစ္စာပါရမီ ဖြည့်ဆည်း ကျင့်ကြံတော်မူခဲ့သည်။ [၃၂]ဗုဒ္ဓသည် ယင်းဝတ္ထုကို ထောင့်

မကျိုးသော ရဟန်းတစ်ပါးနှင့် ပတ်သက်၍ ဟောကြားခြင်းဖြစ်သည်။ [၂၂]

တချိန်က ဘုရားအလောင်း သုတသောမသည် ကုရုပတ္တပြည်ဘုရင် ကောရဗျ၏ သားဖြစ်သည်။ သုတတည်းဟူသော ဥစ္စာဓန ရှိသောကြောင့် သုတသောမဟု အမည်တွင်သည်။ သုတသောမသည် ပညာသင်ရန် တက္ကသီလာသို့ သွားသည်။ လမ်းခရီး၌ ဗာရာဏသီဘုရင် ဗြဟ္မဒတ္တ၏သားတော် ဗြဟ္မဒတ္တကုမာရနှင့်ဆုံသည်။ နောက်ပိုင်း၌ ဗြဟ္မဒတ္တကုမာရက ဘုရင်ဖြစ်လာပြီး လူသားစားသည့် အကျင့်ရှိသူဖြစ်လာသည်။ ဗြဟ္မဒတ္တကုမာရသည် ထီးနန်းကိုစွန့်ပြီး တောထဲသွားသော်လည်း လူသားစားသည့်အကျင့်ကို မဖျောက်ဖျက်နိုင်ပေ။ နောက်ဆုံး၌ ဘုရားအလောင်း သုတသောမက ဗြဟ္မဒတ္တကုမာရအား သစ္စာနှင့်ပတ်သက်၍ သိမြင်နားလည်အောင် လုပ်ပြီးလျှင် လူအပေါင်းတို့အား ယုံကြည်မှု ဖြစ်ပေါ်စေလျက် တဖန်ဗြဟ္မဒတ္တကုမာရကို သူ၏တိုင်းပြည်အပြန်ခိုင်းသည်။[၂၄] မြတ်စွာဘုရားသည် ယင်းဝတ္ထုကြောင်းကို အင်္ဂုလိမာလနှင့်ပတ်သက်ပြီး ဟောကြားတော်မူခြင်းဖြစ်သည်။ အင်္ဂုလိမာလသည် မြတ်စွာဘုရား၏ အမိန့်နှင့် ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်၏ လွတ်မြောက်ငြိမ်းချမ်းရေးအတွက် သာဝတ္ထိပြည်၌ သစ္စာတရားဟောကြားသည်။ ယင်းသစ္စာတရားမှာ ဤသို့ဖြစ်သည်။

အကယ်၍ငါသည် မွေးဖွားလာပြီးသည့်နောက်ပိုင်းမှစ၍ မည်သူ့ကိုမှ နှိပ်စက်ညှင်းပန်းသတ်ဖြတ်ခြင်း မပြုလုပ်ပေ။ ယင်းသစ္စာတရား၏ တန်ခိုးအာနိသင်ကြောင့် အမိဝမ်းတိုက်၌ရှိသောကလေး အပြင်အပရောက်လာပါစေဟူ၍ ဆိုသောသစ္စာတရားဖြစ်သည်။ ယင်းသစ္စာဆိုသည့်အတိုင်းဖြစ်လာသည်။ ထို့ကြောင့် အင်္ဂုလိမာလ၏ ဂုဏ်သိက္ခာ ထင်ရှားကျော်ဇောလာသည်။ [၂၅]ယင်းသို့အားဖြင့် ဘုရားအလောင်းသည် သစ္စာနှင့်ပတ်သက်သော အပြုအမူများကို ပြုလုပ်ခြင်းဖြင့် သစ္စာပါရမီဖြည့်ဆည်းတော်မူခဲ့သည်။

၁။မုသာဝါဒါ ဝေဒမဏီ သိက္ခာပဒံ သမာဒိယာမိ

၂။ပရမတ္ထဒီပနီ

၃။ပရမတ္ထဒီပနီ

၄။သေယျော အယောဂုလော ဗုတ္တော တတ္တော အဂ္ဂိသိခုပမော၊ ယံစေဘုဇေယျ ဒုဿီလော ရဋ္ဌပိဏ္ဍ မသညတော (ခုဒ္ဒကနိကာယ်)

၅။ဗောဓိသတ္တ အာဒဿနိယ

ပါရမီ
၆။သိဝိဇာတက
၇။ဇောတိသတ္တ အာဒဿနိယ
၈။ခုဒ္ဒက ပါဠိ
၉။မဟာကာရုဏိကော နာထော ဟိတာယ သဗ္ဗပါဏိနော
၁၀။မဟာသုတသောမ ဇာတက (၅၃၇)
၁၁။ကော် ဓမ္မအတီတဿ မုသာဝါဒိဿ ဇန္တုနော ဝိတိဏ္ဏ ပရလောကဿ နတ္ထိ ပါပံ အကာရိယ
(ဓမ္မပဒ၊ ခုဒ္ဒကနိကာယ်)
၁၂။ဇောဒိသတ္တ အာဒဿနိယ
၁၃။သစ္စသံယုတ်
၁၄။မဟာဝါ
၁၅။ပဋိသမ္ဘိဒါမဂ္ဂ
၁၆။ပဋိသမ္ဘိဒါမဂ္ဂ
၁၇။ပဋိသမ္ဘိဒါမဂ္ဂ
၁၉။ပရမတ္ထဒီပနီ
၂၀။ပရမတ္ထဒီပနီ
၂၁။စိဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ
၂၂။ဇာတက (၇၃)
၂၃။ဇာတက (၇၃)
၂၄။စရိယာ ပိဋက
၂၅။ပရမတ္ထဒီပနီ
၂၆။စရိယာ ပိဋက
၂၇။ပရမတ္ထ ဒီပနီ
၂၈။ပရမတ္ထ ဒီပနီ
၂၉။ပရမတ္ထ ဒီပနီ
၃၀။ပရမတ္ထ ဒီပနီ
၃၁။ကဏှဒီပါယန ဇာတက
၃၂။အင်္ဂုလိမာလသုတ်

# အဓိဋ္ဌာန်ပါရမီ

ပါရမီ ၁၀ပါးထဲက ရှစ်မြောက်ပါရမီ အဓိဋ္ဌာန(အဓိဋ္ဌာန်)ပါရမီ အကြောင်းကို တင်ပြလိုသည်။ အဓိဋ္ဌာန ဟူသော စကားလုံး၏ သာမန်အနက် အဓိပ္ပာယ်မှာ မြဲမြံခိုင်ခန့်သော ဆုံးဖြတ်ချက်ဖြစ်သည်။ ဘုရားအလောင်းသည် မြဲမြံခိုင်ခန့်သော အဓိဋ္ဌာန်ဖြင့် သစ္စာ ၄ ပါးတရားနှင့် ပါရမီ ၁၀ ပါးကို ဖြည့်ဆည်း တော်မူခြင်းဖြစ်သည်။[၁]

စရိယာ ပိဋကတ်အဋ္ဌကထာ၏ အဆိုအရ တုန်လှုပ် ယိမ်းယိုင်ခြင်း မရှိသော ဆုံးဖြတ်ခြင်းနှင့် ယင်းဆုံးဖြတ်ချက်နှင့်ကိုက်ညီသော အခြေအနေသည် အဓိဋ္ဌာန်ပါရမီ ဖြစ်သည်။

ဗောဓိသတ္တခေါ် ဘုရားအလောင်းသည် အားလုံးသော ပါရမီတရားများကို ဖြည့်ဆည်းကျင့်ကြံရာ၌ အဓိဋ္ဌာန်၏အကူအညီကိုယူရသည်။ ကုသိုလ်တရားအားလုံးကို ပွားများအားထုတ်ရာ၌ အဓိဋ္ဌာန်သည် မရှိမဖြစ်သော အရာဖြစ်သည်။ ပါရမီ တရားတစ်ပါးပါးကို ဖြည့်ဆည်းကျင့်ကြံရာ၌ ယင်းပါရမီကို ကျင့်ကြံအားထုတ်ရန်အတွက် စဉ်ဆက်မပြတ် မြဲမြံခိုင်ခံ့သော ဆုံးဖြတ်ချက် ပြုလုပ်သွားခြင်းသည်သာလျှင် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့် ခြင်းဖြစ်သည်။[၂]

ပထမဦးစွာ ဘုရားအလောင်းသည် ဒါနပါရမီ ဖြည့်ကျင့်ရန်အတွက် အဓိဋ္ဌာန်ပြုလုပ်ရသည်။[၃] ထို့ပြင် ဒုတိယပါရမီဖြစ်သော သီလပါရမီကို ဖြည့်ကျင့်ရာ၌လည်းကောင်း၊ တတိယပါရမီဖြစ်သော နိက္ခမပါရမီ ကျင့်ကြံအားထုတ်ရာ၌လည်းကောင်း မြဲမြံခိုင်ခံ့သော ဆုံးဖြတ်ချက်ကိုချရသည်။[၄] အဓိဋ္ဌာန် မပြုလုပ်ဘဲနှင့် သို့မဟုတ် မြဲမြံခိုင်ခံ့သောဆုံးဖြတ်ချက် မချဘဲနှင့် ဘုရားအလောင်းသည် မဟာဘိနိက္ခမဏ ပြုလုပ်တော် မမူနိုင်ပေ။ တောထွက် တော်မမူနိုင်ပေ။[၅] ယင်း အစီအစဉ်အရ ဘုရားအလောင်းသည် အဓိဋ္ဌာန်ဖြင့်သာ ပညာပါရမီကို ဖြည့်ဆည်းခြင်းကျင့်ကြံအားထုတ်ခြင်း ပြုလုပ်တော်မူခြင်း ဖြစ်သည်။[၆] ပဉ္စမပါရမီဖြစ်သော ဝီရိယပါရမီကို ဖြည့်ဆည်းကျင့်ကြံရာ၌လည်း ခိုင်မာသော ဆုံးဖြတ်ချက်မရှိဘဲနှင့် ပြည့်ဝအောင်မြင်မှု မဖြစ်နိုင်ပေ။[၇]

ခန္တီအမည်ရှိသော ဆဋ္ဌမပါရမီ ပြည့်ဝအောင်မြင်ရန်အတွက် ဖြည့်ဆည်း

ကျင့်ကြံရာ၌လည်း ဘုရားအလောင်းသည် မပျက်မကွက် အဓိဋ္ဌာန်၏ အကူအညီကို ယူရသည်။[၈] သတ္တမပါရမီဖြစ်သော သစ္စာပါရမီ ပြည့်ဝအောင်မြင်အောင် ကြိုးပမ်းအားထုတ်ရာ၌လည်း ဘုရားအလောင်းသည် အဓိဋ္ဌာန်ပြုလုပ်ရသည်သာ ဖြစ်သည်။ အဓိဋ္ဌာန်မပါဘဲနှင့် သစ္စာပါရမီကို ကာကွယ်စောင့်ရှောက်ခြင်း မဖြစ်နိုင်ပေ။ အဓိဋ္ဌာန်၏ အကူအညီဖြင့်သာ ဘုရားအလောင်းသည် သစ္စာပါရမီကို ဖြည့်ကျင့်လျက် ပရမတ္ထသစ္စာကို ရရှိတော်မူခြင်းဖြစ်သည်။[၉]

အဓိဋ္ဌာန်ပါရမီ၏ နဂိုမူရင်းအနက် အဓိပ္ပာယ်ကပင် မြဲမြံ ခိုင်ခန့်သော ဆုံးဖြတ်ချက်သို့မဟုတ် အဓိဋ္ဌာန်ဖြစ်သည်။ ထို့ကြောင့် အဓိဋ္ဌာန် ပါရမီကို ဖြည့်ကျင့်ရာ၌ ဘုရား အလောင်း၏ဆုံးဖြတ်ချက် သို့မဟုတ် အဓိဋ္ဌာန်သည် ယိမ်းယိုင် လှုပ်ရှားခြင်း မရှိသော တည်တံ့ခိုင်မြဲသော ဆုံးဖြတ်ချက် ဖြစ်သည်။ သို့မဟုတ် အဓိဋ္ဌာန်ဖြစ်သည်။ တောင်သည် အရပ်မျက်နှာ အားလုံးမှ လေပြင်းမုန်တိုင်း တိုက်ခတ်စေကာမူ ယိမ်းယိုင်လှုပ်ရှားခြင်း မရှိပေ။မိမိ၏ တည်မြဲရှိမြဲနေရာ၌သာ မတုန်မလှုပ် မရွေ့မလျားရပ်တည်နေသည်။ ထိုနည်း အတိုင်းပင် ဘုရား အလောင်းသည်လည်း ရွေ့လျားယိမ်းယိုင်ခြင်းမရှိသော အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓအဖြစ် ရောက်ရှိတော်မူခြင်းဖြစ်သည်။[၁၀]

ရေသည် သူတော်ကောင်းအတွက် ဖြစ်စေ၊ သူယုတ်မာအတွက်ဖြစ်စေ နှစ်ဦးစလုံးအတွက် တူညီမျှတစွာ တစ်ပုံတစ်စံတည်း အအေးဓာတ် ရှိနေသည်။ ထိုနည်းအတိုင်းပင် ဗောဓိသတ္တခေါ် ဘုရားအလောင်းသည်လည်း ဝေနေယျသတ္တဝါ အားလုံးအတွက် တူညီမျှတစွာ တစ်ပုံစံတည်းဖြစ်သော မေတ္တာတရားကို ထားတော်မူသည်။ အဓိဋ္ဌာန်စွမ်းအားဖြင့်သာ မေတ္တာပါရမီကို ဖြည့်ကျင့်တော်မူခြင်း ဖြစ်သည်။[၁၁]

ဥပေက္ခာ အမည်ရှိသော ဒသမ သို့မဟုတ် နောက်ဆုံးပါရမီကို ဖြည့်ကျင့်ရာ၌လည်း ဘုရားအလောင်းသည် မြဲမြံခိုင်ခန့်သော ဆုံးဖြတ်ချက် သို့မဟုတ် အဓိဋ္ဌာန်၏ အကူအညီမယူဘဲ မနေပေ။ သုခနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုက္ခနှင့်ပတ်သက်၍လည်းကောင်း ဘုရားအလောင်းသည် အဓိဋ္ဌာန်ရှေးရှုသော ဥပေက္ခာတရားကိုသာ ထားတော်မူသည်။ သုခနှင့်ဒုက္ခ နှစ်မျိုးလုံးအပေါ်၌ ချိန်ခွင်သျှာ တစ်ဖက်စောင်းနင်း မဖြစ်စေဘဲ တပြေးတညီတည်း ထားတော်မူသည်။

မဟာပထဝီမြေကြီးသည် စင်ကြယ်သော၊ မစင်ကြယ်သော အရာဝတ္ထုများ

ကိုလည်းကောင်း၊ လူများကိုလည်းကောင်း၊ ချိန်ခွင်သျှာ ဖောက်ထိုးမဖြစ်စေဘဲ ကြားနေအဖြစ်ဖြင့် တပြေးတညီတည်း လက်ခံသည်။ ထိုနည်းတူစွာ ဘုရားအလောင်းသည် ဥပေက္ခာပါရမီ ဖြည့်ကျင့်ရာ၌လည်း အဓိဋ္ဌာန်ကို စွဲကိုင်ထားသည်။ [12]ထို့ကြောင့် အဓိဋ္ဌာန်ပါရမီသည် ပါရမီအားလုံးကို ဖြည့်ဆည်းကျင့်ကြံရာ၌ အခြေခံအုတ်မြစ် ဖြစ်နေသည်။ ယင်းအမြင်ဖြင့် ကြည့်လျှင် အဓိဋ္ဌာန်ပါရမီ၏ နေရာသည် အဋ္ဌမ အဆင့်တွင် ရှိမနေဘဲ ပထမအဆင့်တွင် ရောက်နေသင့်သည်ဟု ပြောဆိုရပေလိမ့်မည်။

ဒီဃနိကာယ်၌ အဓိဋ္ဌာန် ၄ မျိုး ပြောပြထားသည်။ ပညာအဓိဋ္ဌာန်၊ သစ္စာအဓိဋ္ဌာန်၊ စာဂအဓိဋ္ဌာန်၊ ဥပသမအဓိဋ္ဌာန်တို့ ဖြစ်ကြသည်။[13] အဓိဋ္ဌာန်သည် ပါရမီအားလုံး၏ အခြေခံအုတ်မြစ်မျှသာမက ကုသိုလ်ကောင်းမှု မှန်သမျှ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ မဇ္ဈိမနိကာယ်[14] ၌ ညွှန်ပြထားသော အခြေခံအုတ်မြစ် ၄ မျိုးရှိသည်။

၁။ ပညာနှင့်ပတ်သက်၍ အပမာဒဖြစ်ခြင်း၊

၂။ သစ္စာတရားကို ကာကွယ်စောင့်ရှောက်ခြင်း၊

၃။ စာဂတရားကို တိုးပွားအောင်လုပ်ခြင်း၊

၄။ မိမိကိုယ်ကို ငြိမ်းချမ်းမှု ရရှိနေအောင် အလေ့ကျင့်ပြုခြင်း။

သံဂီတိသုတ်၌ ညွှန်ပြထားသော ပညာ၊ သစ္စာ၊ စာဂ၊ ဥပသမတို့သည်လည်း အဓိဋ္ဌာန်နှင့် တစ်သဘောတည်း ဖြစ်သော တရားများသာ ဖြစ်သည်။ မဇ္ဈိမနိကာယ် အဋ္ဌကထာ[15] ၌ ပညာအဓိဋ္ဌာန်ကို သမထ(သမာဓိ) အဖြစ်လည်းကောင်း၊ ဝိပဿနာကို ပညာအဖြစ်လည်းကောင်း၊ ပြောပြထားသည်။ ယင်း၏ အကူအညီဖြင့် စိတ်ပြုပြင်ပြောင်းလဲသွားအောင် ပြုလုပ်ပြီးလျှင် အရဟတ္တဖိုလ် ရရှိအောင် ပြုလုပ်နိုင်သည်။

သစ္စာအဓိဋ္ဌာန်သည် ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန်ကို ရရှိရာ ရရှိကြောင်း အဓိဋ္ဌာန်ဖြစ်သည်။ စာဂအဓိဋ္ဌာန်သည် နိက္ခမပါရမီကို ဖြည့်ကျင့်ရာ၌ သို့မဟုတ် တောထွက်ရာ၌ အားလုံးကို လွတ်လွတ်ကျွတ်ကျွတ် စွန့်ပစ်ထားခဲ့ခြင်းဖြစ်သည်။ [16] ဥပသမ အဓိဋ္ဌာန်ကမူ ရာဂ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းသွားခြင်းဖြစ်သည်။[17] ယင်းအဓိဋ္ဌာန် ၄ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား သန္တမုနိဟု ခေါ်သည်။ ဗောဓိသတ္တခေါ် ဘုရားအလောင်း၌ ယင်းအဓိဋ္ဌာန် ၄မျိုး မပျက်မကွက် ထင်ရှား

ရှိနေသည်။

ဝိသုဒ္ဓိမဂ်၌ အဓိဋ္ဌာန ကထာ္ဒိအကြောင်းကိုလည်း ရေးသားဖော်ပြ ထားသည်။ အဓိဋ္ဌာန်ဖြင့် ရရှိသော စွမ်းအား အပြည့်အဝ တည်ဆောက်ခြင်းဟူ၍ အနက် အဓိပ္ပာယ်ရသည်။ ယင်းကထာ္ဒိသည် ကထာ္ဒိ ၁၀ ပါးထဲက ပထမကထာ္ဒိဖြစ်သည်။ ကထာ္ဒိဝိဥာဏ်စသော အဘိညာဉ် ၆ ပါးထဲက တစ်ပါးလည်းဖြစ်သည်။

အဓိဋ္ဌာနခေါ် အဓိဋ္ဌာန်နှင့် သစ္စာကြိယာခေါ် သစ္စာဆိုခြင်းသည် တစ်ခုနှင့် တစ်ခု နီးကပ်သော ဆက်စပ်မှု ရှိသည်။ သစ္စာအဓိဋ္ဌာန်ပြုခြင်းအားဖြင့် မိမိနှင့် သူတစ်ပါးအား အကျိုးပြုနိုင်သော စွမ်းရည်သတ္တိမျိုးရရှိနိုင်သည်။ ဝိဘင်း၏ အဆို အရ အဓိဋ္ဌာန်ပြုရာ၌ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့်ပတ်သက်သော အဓိဋ္ဌာန် (ပုဂ္ဂလာဓိဋ္ဌာန) သည် ဈာနနယ်ပယ်၌ ပုဂ္ဂလိက တိုးတက်ရာ တိုးတက်ကြောင်း ဖြစ်လာနိုင်သည်။

ယင်းသို့အားဖြင့် ဗောဓိသတ္တခေါ် ဘုရားအလောင်းသည် ဗုဒ္ဓအဖြစ် ရောက်ရှိရေးအတွက် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိသော အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူသည်။ အဓိဋ္ဌာန်ပါရမီ၏ အကူအညီဖြင့် ကျန်ပါရမီအားလုံး ကို လည်း ဖြည့်ကျင့်တော်မူသည်။

စရိယာ ပိဋကတ်၌ အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်ပြီး 'စရိယာ' တစ်ခုသာ ပါရှိသည်။ ယင်း 'စရိယာ'မှာ 'တေမိယစရိယာ' ဖြစ်သည်။ 'တေမိယစရိယာ' ဇာတ်လမ်းသည် ဇာတက အဋ္ဌကထာ၌ 'တေမိယဇာတက' အဖြစ်ဖြင့် လည်းကောင်း၊ 'မူဂပက္ခဇာတက' အဖြစ်ဖြင့်လည်းကောင်း တွေ့မြင်သိရှိရသည်။ 'သရဘင်္ဂဇာတက' နှင့် 'နိမိဇာတက' တို့လည်း အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်သော ဇာတ်လမ်းများ ဖြစ်ကြသည်။

'တေမိယ စရိယာ'၊ 'မူဂပက္ခ' သို့မဟုတ် 'တေမိယဇာတက' (၅၃၈)၊ 'သမ်ပါလဇာတက' တို့လည်း အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်သော ဇာတ်လမ်းများ ဖြစ်ကြသည်။ တေမိမင်းသားဇာတ်လမ်းမှာ အောက်ပါ အတိုင်းဖြစ်သည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ကာသိဘုရင် စိုးမိုးအုပ်ချုပ်မင်းလုပ်နေသည်။ ကာသိဘုရင်တွင် မိဖုရား ၁၆–ပါးရှိသည်။ ယင်းမိဖုရားများထဲက တစ်ပါးမျှ သားသမီးမထွန်းကားပေ။ မင်းမျိုးမင်းဆက် ဆက်ခံမည့် သားတော်မွေးဖွားလာသည်ကို မတွေ့ရသောအခါ တိုင်းသူ ပြည်သားများသည် စုဝေးကြပြီးလျှင် ဘုရင်မင်းကြီးအား ထီးနန်းအရိုက်အရာ

ဆက်ခံမည့် သားတော်တစ်ပါး မွေးဖွားပေးရန် တိုက်တွန်းတောင်းပန်ကြသည်။

ဘုရင်မင်းကြီးသည် မိဖုရားများအား သားယောကျ်ားမွေးဖွားလာရန် အတွက် နတ်ဒေဝတာများကို ပူဇော်ပသရန် အမိန့်ပေးသည်။ မိဖုရားများသည် ဘုရင်မင်းကြီး အမိန့်ပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ကြသည်။ သို့သော် လည်း မိဖုရားတစ်ပါးမျှ သားယောကျ်ားမွေးဖွားမလာပေ။

ဘုရင်မင်းကြီး၏ အဂ္ဂမဟေသီ တောင်ညာစံ စန္ဒာဒေဝီသည် သီလနှင့် ပြည့်စုံသော မိဖုရားဖြစ်သည်။ ဘုရင်မင်းကြီးသည် စန္ဒာဒေဝီအားလည်း သားတော်တစ်ပါး မွေးဖွားလာဖို့အတွက် ဆုတောင်းရန် ပြောကြားသည်။ မိဖုရားကြီးသည် ဆုတောင်းမည့်နေ့၌ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီးလျှင် "အကယ်၍ ငါ၏သီလသည် ကျိုးပျက်မသွားလျှင် ယင်းသီလ၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ငါ့တွင် သားယောကျ်ားတစ်ယောက် ထွန်းကား လာပါစေသား" ဟူ၍ သစ္စာဆိုလိုက်သည်။

သစ္စာအဓိဋ္ဌာန် ပြုပြီးသောအခါ မိဖုရားကြီးသည် ကိုယ်ဝန်ဆောင်ရသူ ဖြစ်သွားသည်။ နေ့စေ့လစေ့ ရှိလာ သောအခါ မိဖုရားကြီးတွင် သားတော်တစ်ပါး မွေးဖွားလာသည်။ တစ်တိုင်းတစ်ပြည်လုံးတွင်လည်း မိုးဖြိုင်ဖြိုင် ရွာသွန်းသည်။ သားတော်ကလေး မွေးဖွားလာသောကြောင့် ဘုရင်မင်းကြီးနှင့် မှူးမတ်များသည် ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်သွားကြသည်။ ထို့ကြောင့် သူငယ်၏ အမည်ကို 'တေမိယကုမာရ' ဟု မှည့်ခေါ်လိုက်လေသည်။

တစ်လကြာသောအခါ ဘုရားအလောင်း တေမိယသားတော်ကို ဘုရင် မင်းကြီးထံ ခေါ်သွားသည်။ ဘုရင်မင်းကြီးသည် ကြီးမားသော မိဘ မေတ္တာဖြင့် သားတော်ကလေးကို ချီယူလိုက်သည်။ ထိုအချိန်၌ ဘုရင်မင်းကြီး၏ သလွန်အနီးသို့ သူခိုး ၄ ယောက် ဖမ်းဆီးခေါ်လာသည်။ ဘုရင်မင်းကြီးသည် သူခိုး ၄ ယောက်ထဲက တစ်ယောက်သော သူခိုးအား ဆူးတပ်ထားသော ကြိမ်လုံးဖြင့် အကြိမ် ၁၀၀ ရိုက်နှက်ရန် အပြစ်ဒဏ် ချမှတ်လိုက်သည်။ ဒုတိယသူခိုးအား ထိပ်တုံးခတ်ပြီး အကျဉ်းချရန် အမိန့်ပေးလိုက်သည်။ တတိယသူခိုးအား ကြိမ်ဒဏ်ပေးလိုက်သည်။ သို့သော်လည်း ခပ်ဖော့ဖော့ ရိုက်ရမည်ဟု အမိန့် ပေးသည်။ စတုတ္ထသူခိုးကိုမူ ကြိုးစင်တင်ပြီး သတ်စေဟု အမိန့်ပေးလိုက်သည်။ ယင်းအချင်းအရာများကို တွေ့မြင်ရသောအခါ ဘုရားအလောင်းသည် ထိတ်လန့် တုန်လှုပ်သွားပြီး "အလို

ငါ၏ခမည်းတော်သည် ထီးနန်းအတွက် ထိတ်လန့် ကြောက်ရွံ့ဖွယ် ရေလားမည့်အလုပ်များကို လုပ်နေပါကလား" ဟု စဉ်းစားမိသည်။

ထိုနေ့တွင် ကနက္ကဒဏ် ထီးဖြူအောက်၌ အိပ်ပျော်သွားပြီး အိပ်ရာမှ ထလာသောအခါ သားတော်ကလေးသည် မင်းစည်းစိမ်ကို တွေ့မြင်ရသောကြောင့် ထိတ်လန့်တုန်လှုပ်သွားခြင်းသည် ပထမဦးဆုံး ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်သောကြောင့် သားတော်လေးသည် အတိတ်ဘဝက အကြောင်းအရာ အားလုံးကို သတိရလာသည်။ အတိတ်ဘဝက သားတော်၏ ဇနီးမယားဖြစ်ခဲ့သူသည် ထိုအချိန်၌ ထီးချက်စောင့်နတ်သမီး ဖြစ်နေသည်။ ထီးချက်စောင့် နတ်သမီးက သားတော်အား "သားတော်၊ ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်ပါနှင့်။ အကယ်၍ ယခုအနှောင်အဖွဲ့မှ လွတ်မြောက် လိုလျှင် အအ၊ အဆွံ့၊ အပင်းလို နေရမည်။ မိမိ၏ ပညာ ဉာဏ်စွမ်းကို ထုတ် ဖော်မပြပါနှင့်။ အားလုံးအတွက် အအလိုနေပါ" ဟု အကြံဉာဏ်ပေးသည်။ ဘုရားအလောင်းသည်မိမိ၏ အဓိဋ္ဌာန်အားအစွမ်းဖြင့် ထီးချက်စောင့်နတ်သမီး အကြံပေးသည့်အတိုင်း နေထိုင်လာခဲ့သည်။ ဘုရင်မင်းကြီးသည် နည်းမျိုးစုံဖြင့် သားတော်၏အဓိဋ္ဌာန် ပျက်သွားအောင် ကြိုးစားအားထုတ်သည်။ သို့ရာတွင် ဘုရား အလောင်းသည် တစ်ချက်မျှလည်းမငိုပေ။ တစ်ခွန်းမျှလည်း စကားမပြောပေ။ အသေကောင်ကဲ့သို့သာ လျောင်းစက်နေသည်။ သားတော်အပင်း၊ အအ၊ အဆွံ့မဟုတ်ကြောင်းကို ခမည်းတော်နှင့် မယ်တော် နှစ်ဦးစလုံးက သိကြသည်ဖြစ်၍ သားတော်ကို အမျိုးမျိုး အဖုံဖုံ တောင်းပန်ခယကြသည်။ သို့ရာတွင် ဘုရားအလောင်းသည် မိမိ၏အဓိဋ္ဌာန်မှ တစ်ရွေးသားမျှပင် ရွေ့လျားမသွားပေ။

၁၆ နှစ်အရွယ် ရောက်လာသောအခါ သားတော်ကို နည်းမျိုးစုံသုံး၍ နှာချကြသည်။ သို့ရာတွင် မည်သို့ပင်ကြိုးစားကြိုးစား၊ ကြိုးစားချက်မှန်သမျှ အားလုံး အချည်းအနှီးအလဟဿဖြစ်သွားသည်။ ဘုရင်မင်းကြီးသည် အကြီးအကျယ် ပူပန်သောကရောက်သွားသည်ဖြစ်၍ လက္ခဏာဖတ်များကို မေးမြန်းစုံစမ်းကြည့်သောအခါ လက္ခဏာဖတ်များက "သားတော်ကို နန်းတော်တွင်ထားလျှင် အန္တရာယ် ၃ မျိုးရင်ဆိုင်ရဖို့ကိန်း ရှိသည်။ ပထမအန္တရာယ်မှာ သားတော်ကိုယ်တိုင်၏ အသက်အန္တရာယ်ဖြစ်သည်။ ဒုတိယအန္တရာယ်မှာ တိုင်းပြည်အတွက် ဖြစ်ပြီး တတိယအန္တရာယ်မှာ မိဖုရားကြီးအတွက် ဖြစ်သည်။

ထို့ကြောင့် သားတော်ကို အမင်္ဂလာယာဉ်ရထားပေါ်မှာ တင်လျက် သုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ပစ်ရမည်"ဟု လျှောက်ထားကြသည်။

လက္ခဏာဖတ်များ၏ စကားကို ကြားရသောအခါ မိဖုရားကြီးသည် ဘုရင်မင်းကြီးထံ သွားလျက် တစ်ချိန်က သူ့ကို ပေးထားခဲ့ဘူးသော ဆုကို ပြန်လည် သတိရစေပြီးလျှင် သားတော်အား ရက်သတ္တပတ် အုပ်ချုပ်မင်းလုပ်ခွင့် ပေးပါဟု တောင်းပန်သည်။

သားတော်ကို ရာဇဘိသိက် သွန်းလောင်းလျက် မင်းမြှောက် လိုက်သောအခါ မိဖုရားကြီးက "သားတော်တေမိယ သင်သားတော်အတွက် ၁၆-နှစ် တိတိ မအိပ်ဘဲ နေလာခဲ့သောကြောင့် မယ်တော်၏ မျက်လုံး ပျက်လုနီးပါး ရှိသွားပြီ။ ပူပန်သောကရောက်လွန်းမက ရောက်လာခဲ့ရသည်ဖြစ်၍ မယ်တော်၏ နှလုံးသား ကွဲအက်နေပြီ။ သားတော် အ အ၊ အဆွံ့မဟုတ်ဘူးဆိုတာ မယ်တော် သိသည်။ မယ်တော့်ကို အားကိုးရာမဲ့ ဖြစ်အောင် မပြုလုပ်ချင်ပါနှင့်"ဟု ပြောသည်။ ထိုနည်းအတိုင်း မိဖုရားကြီးသည် ရက်သတ္တတစ်ပတ်ကြာသည်အထိ ရက်ဆက်တောင်းပန်နေသည်။ ရက်သတ္တတစ်ပတ်ပြည့်သော နောက်ဆုံးနေ့ည၌ မိဖုရားကြီးသည် တေမိယ သားတော်အား "သားတော် ယမန်နေ့က ကာသိ ဘုရင်မင်းကြီးက သားတော်ကို သုသာန်သင်္ချိုင်းမှာ မြေမြှုပ်ပစ်ဖို့ အမိန့် ချမှတ်သည်" ဟု အကြောင်းကြားသည်။ ဘုရားအလောင်းသည် သူ့ မယ်တော်၏ နှလုံးသား ကွဲအက်ကြေမွ သွားတော့မည်ကို သိရှိနားလည်သည်။ သို့ရာတွင် မိမိ၏ ၁၆ နှစ်ကြာမျှ ကျင့်သုံး ဆောက်တည်လာခဲ့သော အဓိဋ္ဌာန် ပါရမီ၏ အကျိုးထူးတရားကို သိရှိရသောကြောင့် ပီတိဖြစ်သွားသည်။

တေမိယဘုရားအလောင်းကို တင်ပြီး သုသာန်သင်္ချိုင်းသို့ ခေါ်ဆောင် သွားသော ယာဉ်ရထားသည် လမ်းမှားပြီး သုသာန်သင်္ချိုင်း မရောက်ဘဲ တောထဲ ရောက်သွားသည်။ ၃ ယူဇနာ အဝေး ရောက်သွားသောအခါ ယာဉ်မောင်း သမားသည် ယာဉ်ရထားကို ရပ်လျက် သားတော်ကို မြေမြှုပ်သင်္ဂြိုဟ်ရန် ကျင်းတူးသည်။ ထိုအခိုက် ဘုရားအလောင်းသည် မိမိကိုယ်ကို အဆင်တန်ဆာ ဆင်ပြီးလျှင် မိမိ၏ အနေအထားမှန်ကို သိအောင် ပြလိုက်သည်။ ယာဉ် မောင်းသမားအား တရားအဆုံးအမကိုလည်း ညွှန်ကြား ပြောပြလိုက်သည်။ တေမိယကုမာရသည် ယာဉ်မောင်းသမား ရထားထိန်းက အကြိမ်ကြိမ် ဝန်ချ

တောင်းပန်သော်လည်း ရထားထိန်းနှင့်အတူ ပြန်မလိုက်တော့ဘဲ ထို နေရာ၌ပင် ရသေ့ရဟန်း ပြုလိုက်သည်။

အကျိုးအကြောင်း သိသွားသောအခါ ဘုရင်မင်းကြီးသည် အုပ်ဖွဲ့ပြီးလျှင် သားတော်ဘုရားအလောင်းထံ လိုက်သွားသည်။ သို့ရာတွင် ဘုရားအလောင်းအား သူ၏အဓိဋ္ဌာန်မှ သွေဖီစေပြီးလျှင် မြို့တော်သို့ ပြန်လိုက်ဖို့ရန် မည်သည့်နည်းနှင့်မျှ တောင်းပန်၍ မရတော့ပေ။ နောက်ဆုံး၌ ဘုရင်မင်းကြီးနှင့်အတူတကွ အခြား လူပေါင်းများစွာ တို့လည်း သားတော်ဘုရားအလောင်းနှင့်အတူတကွ ရသေ့ ရဟန်းပြုလိုက်ကြသည်။ ယင်းသို့အားဖြင့် ဘုရားအလောင်းသည် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူခဲ့သည်။

မြတ်စွာဘုရားသည် ယင်းတေမိယဇာတ်တော်ကို မိမိ၏ အဘိနိက္ခမဏ တောထွက်ခဲ့ပုံနှင့် စပ်လျဉ်း၍ ရဟန်းသံဃာတော်များအား ဟောကြားရင်း "ငါဘုရား သည် ဤဘဝ၌သာမကဘဲ ရှေးဘဝကလည်း ယခုကဲ့သို့ပင် အဘိနိက္ခမဏ လုပ်ခဲ့ဖူး၏" ဟူ၍ မိန့်တော်မူခဲ့သည်။

၁။ ပရမတ္ထ ဒီပနီ
၂။ ပရမတ္ထ ဒီပနီ
၃။ဇာတကနိဒါနကထာ
၄။ဇတကနိဒါနကထာ
၅။ဇာတကနိဒါနကထာ
၆။ဇာတကနိဒါနကထာ
၇။ဇတကိနိဒါနကထာ
၈။ဇာတကနိဒါနကထာ
၉။ဇာတကနိဒါနကထာ
၁၀။ဇာတကနိဒါနကထာ
၁၁။ဇာတကနိဒါနကထာ
၁၂။ဇာတကနိဒါနကထာ
၁၃။စတ္တာရိ အဓိဋ္ဌာနံ ပညာဓိဋ္ဌာနံ သစ္စာဓိဋ္ဌာနံ စာဂါဓိဋ္ဌာနံ ဥပသမာဓိဋ္ဌာနံ – သင်္ဂီတိသုတ္တ၊ ဒီဃနိကာယ်
၁၄။ဓာတုဝိဘင်း
၁၅။မဇ္ဈိမနိကာယ် အဋ္ဌကထာ
၁၆။ဓာတုဝိဘင်း
၁၇။ဓာတုဝိဘင်း

# မေတ္တာပါရမီ

ဘုရားအလောင်းသည် အဓိဋ္ဌာန်ပါရမီကို ကျင့်သုံးဆောက်တည် ပြီးနောက် မေတ္တာပါရမီကို ကျင့်သုံးဆောက်တည်သည်။ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ရန်အတွက် ပါရမီတရားများသည် ဤမျှသာမကပေ။ အခြား ပါရမီများလည်း ရှိသေးသည်ဟူ၍ တွေးတောကြံဆသော ဘုရားအလောင်းသည် နဝမမြောက် မေတ္တာပါရမီကို တွေ့မြင်သိရှိ သွားသည်။[၁]

မေတ္တာ၏ အနက်အဓိပ္ပါယ်မှာ ကိုယ်ချင်းစာနာငဲ့ညှာမှု ထားခြင်း ဖြစ်သည်။ မေတ္တာသည် ဗြဟ္မစိုရ်ဟု ခေါ်ကြသော ဗြဟ္မဝိဟာရ တရားလေးပါး ထဲတွင် ပထမအဆင့် ဖြစ်သည်။ ကရုဏာနှင့် မုဒိတာတို့သည်ကား မေတ္တာ၏ အင်္ဂါအစိတ်အပိုင်းသဖွယ် ဖြစ်ကြသည်။ အကြောင်းမူကား မေတ္တာမရှိဘဲနှင့် ကရုဏာနှင့်မုဒိတာ ဖြစ်လာနိုင်ဖို့ မလွယ်ကူသည့်အတွက်ကြောင့် ဖြစ်သည်။ ထိုနည်းအတိုင်းပင် မေတ္တာမရှိသည့်နေရာ၌ ဥပေက္ခာ ရှိဖို့လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် မေတ္တာသည် ပထမနေရာ အမြင့်ဆုံးနေရာ ရှိနေခြင်း ဖြစ်သည်။

မေတ္တာ၏ သာမန်အနက်အဓိပ္ပါယ်သည် စိတ်စေတနာဖြူစင်ခြင်း သို့မဟုတ် ကိုယ်ချင်းစာနာ ငဲ့ညှာထောက် ထားခြင်း ဖြစ်သည်။ သို့ရာတွင် ဘုရားအလောင်း၏ မေတ္တာမှာမူ ယင်းအနက်အဓိပ္ပါယ်ထက် ပိုမိုလွန်ကဲသော အနက်အဓိပ္ပါယ်ဖြစ်သည်။ ဘုရားအလောင်း၏ စိတ်နှလုံးတွင် ပရဟိတ၊ ယခုဘဝနှင့် နောင်ဘဝအတွက် ပြည့်စုံမှု သတ္တဝါအားလုံး၏ လောကုတ္တရာ ဆိုင်ရာ ပြည့်စုံမှု နိဗ္ဗာန်သို့ ရောက်ရှိရန်အတွက် ကရုဏာနှင့် အပိုင်းအခြားမရှိသော မေတ္တာတရား ကိန်းအောင်းနေသည်။ ဘုရားအလောင်း၏ နှလုံးသားထဲက ကမ္ဘာလောကရှိ သက်ရှိသတ္တဝါများ အတွက် မေတ္တာမိုး ရွာသွန်းနေသည်။ ကရုဏာအပြည့်ရှိသော မေတ္တာသည် သမ္မာသမ္ဗုဒ္ဓ ဖြစ်စေကြောင်း ကျင့်စဉ် များထဲတွင် အခြေခံအုတ်မြစ် ဖြစ်သည်။ ယင်းသို့အားဖြင့် ဘုရားအလောင်းသည် မေတ္တာ၏ ဂုဏ်များကို ဆင်ခြင်သုံးသပ်သည်။ မေတ္တာပါရမီကို ခိုင်မြဲစွာ ကျင့်သုံးဆောက်တည်သည်။ ရေ သို့မဟုတ် နေ အတွက် အားလုံး ညီတူညာတူ

ဖြစ်သည်။ထိုနည်းအတိုင်းပင် ဘုရားအလောင်းသည် မိမိအတွက် အကျိုး လိုလားသူ ဖြစ်စေ အကျိုးမလိုလားသူ ဖြစ်စေ နှစ်ဦးလုံးနှင့် ပတ်သက်ပြီး ညီတူညီမျှပင် မေတ္တာတရား ထားတော်မူသည်။ဘုရားအလောင်းအတွက် ရန်သူဟု သတ်မှတ်ရသူ တစ်စုံတစ်ယောက်မျှ မရှိပေ။ ဘုရားအလောင်းသည် မေတ္တာဘာဝနာ၏ အဆုံး အပိုင်း အခြားမရှိသော နေရာသို့ ရောက်အောင် သွားပြီးလျှင် ဗုဒ္ဓအဆင့် ရရှိ တော်မူခြင်း ဖြစ်သည်။[၂]

ဘုရားအလောင်း၏ စိတ်နှလုံးထဲတွင် သတ္တဝါအားလုံးနှင့် ပတ်သက်ပြီး အဆုံးအပိုင်းအခြား မရှိသော ကရုဏာနှင့်မေတ္တာ ရှိသည်။ ဘုရားအလောင်း၏ စိတ်နှလုံးထဲတွင် သတ္တဝါ အားလုံးနှင့်ပတ်သက်၍ မည်သည့်အခါမှ ဒေါသလည်း မရှိပေ။ အာဃာတလည်း မရှိပေ။ ရန်ငြိုးကင်းသော မေတ္တာစိတ်ထား တော်မူသည်။[၃] ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် ဒေါသကြောင့် ဒုက္ခခံစားရသည်။ ထိုသူကို တစ်နေ့လုံး တစ်ညလုံး ဒေါသမီးလောင်မြိုက်နေသည်။ သို့ရာတွင် မေတ္တာ ဘာဝနာ ဖြင့် ဒေါသအားလုံးကို ကင်းငြိမ်းသွားအောင် ပြုလိုက်လျှင် မဖြစ်ဘူးမြဲ ထူးကဲသော နှစ်သိမ့်ရောင့်ရဲမှုကို ရရှိသည်။[၄]

ဝိသုဒ္ဓိမဂ်၏ အဆိုအရ ပထမဦးစွာ မိမိကိုယ်နှင့်ပတ်သက်ပြီး မေတ္တာ ဘာဝနာ ပွားများသင့်သည်။ ကျွန်ုပ် သည် သုခနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရပါလို၏။ ဒုက္ခကင်းသောပုဂ္ဂိုလ် ဖြစ်ရပါလို၏။ ရန်ကင်းသောပုဂ္ဂိုလ် ဖြစ်ရပါလို၏။ ရန်ငြိုး ကင်းသောသူ ဖြစ်ရပါလို၏။ လုံခြုံမှုရှိသောသူ ဖြစ်ရ ပါလို၏။ ယင်းသို့အားဖြင့် ထပ်ခါ ထပ်ခါ မေတ္တာနှင့် ယှဉ်သော စိတ် သဘောထား ရှိသူဖြစ်အောင် လုပ်ပြီးလျှင် အရပ်မျက်နှာတစ်ခု၌ မေတ္တာတရား ပြန့်ပွားအောင် ပြုလုပ်လျက် ဆင်ခြင်သုံးသပ် နေရသည်။[၅] ချစ်ခင်နှစ်သက်သူ တစ်ဦးဦးကို တွေ့ရလျှင် မေတ္တာစိတ် ပေါ်ပေါက်လာ သကဲ့သို့ သတ္တဝါအားလုံး၏ အပေါ်တွင် မေတ္တာတရား ပြန့်နှံ့အောင် လုပ်နေ ရသည်။[၆] လေးမျိုး လေးပါး ပြားသော ယင်းမေတ္တာစိတ် ပေါ်လာအောင် လုပ်ပြီးလျှင် စေတောဝိမုတ္တိသို့ ရောက်သွားအောင် လုပ်လျက် အပိုင်းအခြားမရှိသော ပြန့်နှံ့မှုနှင့်အတူ ရှိနေ ရသည်။[၇]

သတ္တဝါအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ပါစေ။ သက်ရှိသတ္တဝါအားလုံး ပုဂ္ဂိုလ် အားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ပါစေ။ ရွှင်လန်းချမ်းမြေ့ပါစေ။ မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို လုံခြုံမှုရှိအောင်

ပြုလုပ်နိုင်ကြပါစေ။ မေတ္တာနှင့်ယှဉ်သော ယင်းစိတ်သည် ၇–မျိုး ၇–ပါးသော လွတ်မြောက်မှုဖြင့် အပိုင်းအခြားမရှိ ပြန့်နှံ့သွားပြီး အရပ် ၁၀–မျက်နှာ၌ မေတ္တာစိတ် ပြန့်နှံ့သွားသည်။

ပဋိသမ္ဘိဒါမဂ္ဂ၌ မေတ္တာစေတောဝိမုတ္တိကို ဤသို့ ပြောဆိုညွှန်ပြထားသည်။ "သတ္တဝါအားလုံး ဒုက္ခခပ်သိမ်း ကင်းငြိမ်းပါစေ။ ဒုက္ခဖိစီး နှိပ်စက်ခံရခြင်း မရှိပါစေနှင့်။ အထိပါးခံရမှု ကင်းငြိမ်းပါစေ။ အကြမ်းဖက်မှုခံရခြင်း ကင်းငြိမ်းပါစေ။ ပူလောင်မှုခံရခြင်း ကင်းငြိမ်းပါစေ။ သတ္တဝါအားလုံး အချင်းချင်း ရန်ငြိုးထားခြင်းမရှိဘဲ နေနိုင်ကြပါစေ။ ရန်သူကင်းရှင်းသူ ဖြစ်ကြပါစေ။ သုခနှင့်ပြည့်စုံပြီး ဒုက္ခခံစားရသူ မဖြစ်ပါစေနှင့်။ စိတ်နှလုံးချမ်းမြေ့သူ ဖြစ်ရပါစေ။ စိတ်နှလုံးမချမ်းမြေ့သူ မဖြစ်ရပါစေနှင့်။" ယင်းသို့ အမျိုးအစား ရှစ်ပါးဖြင့် သတ္တဝါအားလုံး၏အပေါ်တွင် မေတ္တာဘာဝနာ ပွားများ အားထုတ် သည်။ ယင်း သည် ဗောဓိသတ္တဘုရားအလောင်း၏ မေတ္တာစေတောဝိမုတ္တိ ဖြစ်သည်။ စိတ်၏ အနှောင့်အယှက်များ ဆင်းရဲခြင်းများမှ လွတ်ငြိမ်းချင်သည့် စေတော ဝိမုတ္တိဖြစ်သည်။ ယင်းသို့အားဖြင့် ဘုရားအလောင်းဗောဓိသတ္တသည် မေတ္တာ ဝိမုတ္တိနှင့် စေတော ဝိမုတ္တိကို ရအောင်ပြုလုပ်သည်။[၈]

ဘုရားအလောင်း ဗောဓိသတ္တသည် သဒ္ဓါစသော ဣန္ဒြေငါးပါးနှင့် ပြည့်စုံသည်ဖြစ်၍ မေတ္တာစေတောဝိမုတ္တိကို ရအောင်ပြုလုပ်သည်။ ယင်းသို့အားဖြင့် သဒ္ဓါစသော ဗလ(ဗိုလ်)များဖြင့် ပြည့်စုံအောင် ပြုလုပ်ပြီးလျှင် မေတ္တာစေတောဝိမုတ္တိကို ရအောင်ပြုလုပ်သည်။ ယင်းအစီအစဉ်အားဖြင့် ဘုရားအလောင်း ဗောဓိသတ္တသည် သတ္တဝါအားလုံး၏ အပေါ်တွင်[၉] မေတ္တာစိတ်ထားတော်မူသည်။ ကမ္ဘာလောကရှိမည်သည့်အရာဝတ္ထုမှ ဘုရားအလောင်း၏ မေတ္တာဘာဝနာ စည်းဝိုင်း၏ အပြင်ဘက် ရောက်မနေပေ။[၁၀] ယင်းသို့အားဖြင့် ဘုရားအလောင်း ဗောဓိသတ္တသည် မေတ္တာနှင့် အတူတကွဖြစ်သော စိတ်ဖြင့် နေရသည်။

ပဋိသမ္ဘိဒါမဂ္ဂ၌ မေတ္တာစေတောဝိမုတ္တိ၏အကျိုး ဆယ့်တစ်မျိုးကို ညွှန်ကြားပြောပြထားသည်။

(၁) စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် အိပ်ရသည်။ (သုခံ သုပတိ)
(၂) ရွှင်လန်းချမ်းမြေ့စွာနိုးရသည်။ (သုခံ ပဋိဗုဇ္ဈတိ)
(၃) အိပ်မက်ဆိုးမမက်ရပေ။ (နပါပကံ သုပိနံ ပဿတိ)

(၄) လူတို့၏ ချစ်ခင်ခြင်းခံရသည်။ (မနုဿာနံ ပိယောဟောတိ)

(၅) လူမဟုတ်သူများ၏ ချစ်ခင်ခြင်း ခံရသည်။ (အမနုဿာနံ ပိယောဟောတိ)

(၆) နတ်ဒေဝတာ၏ စောင့်ရှောက်ခြင်း ခံရသည်။ (ဒေဝတာတံရက္ခတိ)

(၇) မီး၊ အဆိပ် လက်နက်တို့၏ အန္တရာယ်ပြုခြင်း မခံရပေ။ (နာဿ အဂ္ဂိဝါ၊ ဝိသံဝါ သတ္ထံဝါ၊ သမာယတိ)

(၈) စိတ်နှလုံး လျှင်မြန်စွာ တည်ငြိမ်မှု ရရှိသွား၏။ (တုဝဋံ စိတ္တံ သမာဓိယတိ)

(၉) မျက်နှာ၏ အရောင် ကြည်လင်နေ၏။ (မုခဝဏ္ဏော ဝိပ္ပသီယတိ)

(၁၀) စိတ်တွေဝေပြီးမသေရပေ။ (အသမ္မူဠော ကာလံ ကရောတိ)

(၁၁) ရဟန္တာမဖြစ်နိုင်စေကာမူ ဗြဟ္မာဘုံ၌ မွေးဖွားရ၏။ (ဥတ္တရိ အပ္ပဟိ ဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ)[၁၁]

မေတ္တာသဟဂတသုတ်၏ အဆိုအရ မေတ္တာနှင့် အတူတကွဖြစ်သော စိတ်ဖြင့် ဗောဇ္ဈင်ခုနစ်ပါးကိုပွားများလျှင် ပညာဉာဏ်၏ အခြေခံဖြစ်သော ရာဂ ကင်းငြိမ်းခြင်း၏ အခြေခံဖြစ်သော ကရုဏာတရား၏ အခြေခံဖြစ်သော အကျိုးထူး တရားကို ရရှိနိုင်သည်။ ဆန္ဒရှိခဲ့သော် ဆန့်ကျင်ဖက် အခြေအနေ၌ မဆန့်ကျင် အောင်လုပ်ပြီး ဆင်ခြင် စဉ်းစားနိုင်သည်။ ဆန့်ကျင်ဖက် မဟုတ်သော အခြေ အနေ၌လည်း ဆန့်ကျင်ဖက်ပြုလျက် ဆင်ခြင်စဉ်းစားနိုင်သည်။ အခြေအနေ နှစ်ရပ် လုံးနှင့်ပတ်သက်ပြီး ဥပေက္ခာထားပြီးလျှင် ဆင်ခြင်စဉ်းစားနိုင်သည်။ ဥပေက္ခာ နှင့်လည်းကောင်း သတိသမ္ပဇဉ်နှင့်လည်းကောင်း ယှဉ်လျက် လွတ်မြောက်မှုထဲ ဝင်ပြီးလျှင် ဆင်ခြင်စဉ်းစားနိုင်သည်။ ယင်းအခြေအနေကို မေတ္တာစေတောဝိမုတ္တိ ဟူ၍လည်းကောင်း၊ ဥတ္တရဝိမုတ္တိ ဟူ၍လည်းကောင်း ခေါ်ဆိုသည်။[၁၂] အင်္ဂုတ္တရ နိကာယ်၌ ခုနစ်နှစ်တိတိ မေတ္တာဘာဝနာ စီးဖြန်းအားထုတ်ခြင်းကြောင့် ရရှိသော ကြီးကျယ်မြင့်မြတ်သည့် အကျိုးကို ဖွင့်ဆို ထားသည်။[၁၃] ယင်းသို့အားဖြင့် မေတ္တာ ဘာဝနာသို့မဟုတ်မေတ္တာပါရမီသည် နိဗ္ဗာန်ရရှိခြင်း၏အကြောင်း ဖြစ်သည်။[၁၄]

ဗုဒ္ဓဘာသာ အစဉ်အလာအရ မေတ္တေယျအမည်ရှိသော အနာဂတ် ဘုရားအလောင်း အယူအဆရှိသည်။ အနာဂတ်ဘုရားအလောင်း၏ အမည်နာမကို ကြည့်ခြင်းအားဖြင့် မေတ္တာတရား၏ အစုအပုံဖြစ်လိမ့်မည်ဆိုသည်မှာ သိသာ

ထင်ရှားသည်။ မေတ္တေယျဘုရားအလောင်း၏ ထူးခြားချက်များနှင့် ပတ်သက်သော အကြောင်းအရာများ ရှိသည်။ မေတ္တေယျဘုရားအလောင်းသည် ကမ္ဘာ့မေတ္တာ တရား၏ အမှတ်လက္ခဏာဖြစ်သည်ဟု ပြောဆိုနိုင်သည်။

လူမှုရေးစနစ် ဖန်တီးရန်အတွက်လည်း မေတ္တာတရားသည် ထူးထူး ခြားခြား အရေးပါ အရာရောက်သည်။ အချင်းချင်း ဆက်ဆံရေးကို ထိန်းသိမ်း ထားရန်အတွက်နှင့် အကျင့်ပျက်ခြင်းဟူသမျှကို ရှောင်ရှားရန်အတွက် မေတ္တာ တရားသည် ခိုင်မာအားကောင်းသော အကြောင်းတရားတစ်ခုဖြစ်သည်။ မေတ္တာစိတ်ရှိသော ပုဂ္ဂိုလ်သည် မကောင်းမှု အကုသိုလ်တရားတို့ကို ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုများဖြင့် မိမိပတ်ဝန်းကျင်ကို စည်ပင်ဝပြောအောင် ပြုလုပ် နိုင်သည်။ ထိုပုဂ္ဂိုလ်၏ အတွင်းသန္တာန်၌ မည်သည့်အခါမှ မကောင်းသော စိတ်ထား ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။

စရိယာပိဋကတ်နှင့် ပရမတ္ထဒီပနီ၌ မေတ္တာပါရမီနှင့် ပတ်သက်သော စရိယာ သို့မဟုတ် ဇာတ်လမ်းနှစ်ခု ဖော်ပြထားသည်။ ဇာတကအဋ္ဌကထာ၌လည်း အလားတူ ဇာတ်တော်များပါရှိသည်။ မဟာသီလ ဇာတ်တော်သည် မေတ္တာဘာဝနာနှင့် ပတ်သက်သော ဇာတ်တော်ဖြစ်သည်။ ယင်းဇာတ်တော်သည် စစ်ဆန့်ကျင်ထားသော ဇာတ်တော်ဖြစ်သည်။ ဇာတ်လမ်းကားဤသို့...

ဘုရားအလောင်းမဟာသီလ[၁၅] သည် ဗာရာဏသီပြည်၌ စိုးမိုး အုပ်ချုပ်သော စိတ်ကောင်းစေတနာကောင်းရှိသည့် ဘုရင်ဖြစ်သည်။ သူ၏ အမတ် တစ်ယောက်က သူ၏နန်းတွင်းကို ဂုဏ်သိက္ခာကျဆင်းသွားအောင် ပြုလုပ်သည်။ ဘုရင်သည် ထိုအမတ်အား သေဒဏ်မပေးဘဲ သူ၏မိသားစုနှင့် အတူတကွ တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ ထိုအမတ်သည် ကောသလ္လဘုရင်ထံ ရောက် သွားပြီးလျှင် ကောသလ္လဘုရင်အား ဗာရာဏသီပြည်ကို ဝင်ရောက်တိုက် ခိုက်ရန် လှုံ့ဆော်သည်။ မင်းချင်းယောက်ျားများက ဘုရင်မဟာသီလအား ဗာရာဏသီ ပြည်ကို ဝင်ရောက် တိုက်ခိုက်မည့် အစီအစဉ်အကြောင်း သတင်း ပေးကြသည်။ သို့ရာတွင် ဘုရင်မဟာသီလသည် ကောသလ္လ ဘုရင်မင်းကြီး၏ စစ်တပ်ကို ခုခံ တိုက်ခိုက်ရန် အမိန့်မပေးပေ။ "ငါ့ကြောင့် ပြည်သူပြည်သားများ ထိခိုက်နစ်နာသွား မည်ကို ငါမလိုလား" ဟုပြောသည်။ ကောသလ္လဘုရင်သည် စစ်တပ်နှင့်အတူတကွ ဖွင့်ထားသောတံခါးမှ ခုခံတိုက်ခိုက်သူမရှိဘဲ အလွယ်တကူ ဝင်ရောက်သွားသည်။

ဘုရင်မဟာသီလက မြို့တံခါးအားလုံးကို ဖွင့်ထားရန် အမိန့်ပေးထားသည့်အတွက် ဖြစ်သည်။ တိုင်းပြည်ကို ပေးမလား စစ်တိုက်မလား ဟူသည့်ကောသလ္လဘုရင်၏ အကြောင်းကြားချက်ကို သိရသောကြောင့် ဘုရားအလောင်း မဟာသီလက "စစ်မတိုက်ပါဘူး။ တိုင်းပြည်ကို ယူချင်သပဆိုလျှင် ယူစေ"ဟု ပြန်လည် အကြောင်းကြားလိုက်သည်။ ကောသလ္လ ဘုရင်သည် ဗာရာဏသီတိုင်းပြည်ကို သိမ်းပိုက်ပြီးလျှင် ဘုရင်မဟာသီလကို သူ၏အမတ်များ နှင့်အတူ သုသာန်၌ ညဥ့်အချိန်တောခွေးများလာပြီး သူတို့၏အသားကို စားစေရန် မြေကြီးထဲ ခန္ဓာကိုယ်တစ်ဝက်မြှုပ်ထားလိုက်သည်။ ထိုအချိန်၌ပင် ဘုရားအလောင်းက သူ၏အမတ်များကို "အချင်းတို့ ခိုးသားဓားပြနှင့် ပတ်သက်ပြီး အမျက် ဒေါသမထားရဘဲ မေတ္တာဘာဝနာကိုသာ ပွားများကြပါ" ဟုပြောကြားသည်။ နောက်ဆုံး၌ မေတ္တာ၏ အစွမ်းကြောင့် အားလုံး သေကံမရောက် အသက် မပျောက်ကြပေ။ သူခိုးဓားပြဘုရင်သည် မိမိ၏အမှားကို ဝန်ခံပြီးလျှင် ဗာရာဏသီ ပြည်ကို မဟာသီလဘုရင်အား ပြန်ပေးလိုက်သည်။[၁၆] ယင်းသို့အားဖြင့် ဘုရားအလောင်းမဟာသီလသည် မေတ္တာတရားကို ရှေ့ထားလျက် စစ်ကို ဆန့်ကျင်ပြီးလျှင် နောက်ဆုံး၌ အောင်ပွဲ ရရှိသွားသည်။

ခန္တီဝါဒီဇာတက[၁၇] သည်လည်း မဟာသီလဇာတ်တော်နှင့် သဘော အတူတူပင် ဖြစ်သည်။ ဘုရင်က ဘုရားအလောင်း၏ လက်၊ ခြေ၊ နှာခေါင်း၊ နားတို့ကို ဖြတ်ပစ်လိုက်သော်လည်း ဘုရားအလောင်းသည် ထိုဘုရင်နှင့် ပတ်သက်ပြီး မေတ္တာမပျက်ဘဲ ဆုမွန်ပေးလိုက်သည်။

စူဠဓမ္မပါလ[၁၈] ဇာတ်တော်၌လည်း အသက်ခုနစ်လသားအရွယ် ဘုရားအလောင်းသည် သူ့ဖခင်က လက်ခြေ ဦးခေါင်းတို့ကို ဖြတ်ပစ်သော်လည်း သားငယ်ဖြစ်သူ ဘုရားအလောင်း၏ စိတ်နှလုံးထဲတွင် ရက်စက်ကြမ်းကြုတ်သော ဖခင်နှင့်ပတ်သက်၍လည်းကောင်း၊ ငိုကြွေးမြည်တမ်းနေသော မိခင်နှင့် ပတ်သက်၍လည်းကောင်း နှစ်ဦးလုံး၏ အပေါ်တွင် တူညီမျှတစွာ မေတ္တာတရား ထားတော်မူသည်။[၁၉] ယင်းကဲ့သို့သော ဇာတ်တော်ပေါင်းများစွာ ဇာတက အဋ္ဌကထာ၌ ပါရှိသည်။

စရိယာပိဋကတ်နှင့် ပရမတ္ထဒီပနီ၌လည်း မေတ္တာပါရမီနှင့် ပတ်သက် သော စရိယာများသည်လည်းကောင်း၊ အလားတူဇာတ်တော်များသည်

လည်းကောင်း ပါရှိသည်။

(၁) သုဝဏ္ဏသာမစရိယာ – သုဝဏ္ဏသာမဇာတက။

(၂) ဧကရာဇစရိယာ – ဧကရာဇ ဇာတက။[၂၀]

ဘုရားအလောင်း သုဝဏ္ဏသာမဇာတ်တော်သည် ရာမယဏာ၌ ဖော်ပြပါရှိသော သဝဏ ကုမာရ ဇာတ်လမ်း နှင့်အတူတူပင်ဖြစ်သည်။ ဘုရားအလောင်းသည် တောအတွင်း၌ မျက်စေ့နှစ်ဖက် အလင်းမရသော မိဘနှစ်ပါးကို လုပ်ကျွေးပြုစုနေသည်။ တစ်နေ့သ၌ ရေခပ်သွားသောအခါ သုဝဏ္ဏသာမသည် ဗာရာဏသီဘုရင်၏ မြားမှန်ပြီး ဒဏ်ရာရရှိသွားသည်။ ယင်းအခြေအနေ၌ပင် သုဝဏ္ဏသာမသည် ဗာရာဏသီဘုရင်နှင့် ပတ်သက်ပြီး မေတ္တာမပျက်ဘဲရှိနေသည်။ တောအတွင်း၌ နေသော်လည်း သူ၏မေတ္တာဘာဝနာ ကြောင့် ခြင်္သေ့၊ ကျားစသော အသားစားတိရစ္ဆာန်များသည်ပင် သူ၏အဆွေခင်ပွန်းဖြစ်နေကြသည်။ မေတ္တာဘာဝနာဖြင့် အဆွေခင်ပွန်းပြုလုပ်၍ မရနိုင်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ကမ္ဘာလောက၌မရှိပေ။ နောက်ဆုံး၌ မိမိ၏မိဘနှစ်ပါးအတွက် သစ္စာဆိုသော ကြောင့် သစ္စာ၏စွမ်းအားဖြင့် ဘုရားအလောင်းသည် တဖန်နဂိုပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။

မဟာသီလဇာတ်လမ်းသည် မဟာသီလဝဇာတ်တော်နှင့် အတူတူပင်ဖြစ်သည်။ နောက်ဆုံး၌ ဘုရားအလောင်း မဟာသီလကို ရန်သူဘုရင်က ခြေထောက်ကို အပေါ်ထောင် ဦးခေါင်းကို အောက်မှာစိုက်ပြီး ကင်းမြီးကောက် ထောင်ဆွဲထားသည်။ ဘုရားအလောင်းသည် ရန်သူဘုရင်ဒဗ္ဗသေနနှင့် ပတ်သက်ပြီး မေတ္တာဘာဝနာ ပွားများ အားထုတ်လျက် သမာဓိအဆင့်သို့ ရောက်ရှိသွားသည်။ နောက်ဆုံး၌ ရန်သူဘုရင်သည် ဘုရားအလောင်းအား ခွင့်လွှတ်ရန်တောင်းပန်ပြီးလျှင် ရှိခိုးဦးခိုက်လိုက်သည်။[၂၂] ယင်းသို့အားဖြင့် ဘုရားအလောင်းသည် ဘဝပေါင်းများစွာ၌ မေတ္တာပါရမီကို ဖြည့်ဆည်းပြီးလျှင် မိမိရန်သူများကို အဆွေခင်ပွန်းဖြစ်အောင်ပြုလုပ်လျက် သဗ္ဗညုတဉာဏ်အလင်း အတွက် မေတ္တာပါရမီ ဖြည့်ကျင့်တော်မူခဲ့သည်။ ဘုရားအလောင်းသည် ဘေးရန်ဒုက္ခ အကြီးအကျယ် ဆိုက်ရောက် လာစေကာမူ မိမိ၏စိတ်နှလုံးဝယ် မိမိနှင့်ပတ်သက်ပြီး အပြစ်ကျူးလွန်သူအပေါ်၌ နမ်းတစ်စေ့မျှပင် ရန်ငြိုးထားခြင်း မရှိခဲ့ပေ။ အဆွေခင်ပွန်းစိတ်မျိုး ပေါ်လာသည်မှတပါး တခြားမည်သည့် ရန်ငြိုးထားလိုသည့်စိတ်

ပါရမီ
မျိုးမှ ဖြစ်ပေါ်မလာပေ။ အကျိုးလိုလားသူဖြစ်စေ၊ အကျိုး မလိုလားသူဖြစ်စေ၊ မည်သူမျှ ဘုရားအလောင်း၏ မေတ္တာအပြင်ဘက်ရောက်နေ သည်ဟူ၍ မရှိပေ။ ယင်းသို့အားဖြင့် ဘုရားအလောင်းသည် ကမ္ဘာတခွင်လုံး၌ သူ၏မေတ္တာကွန်ရက်ကို ဖြန့်ကျက်တော်မူသည်။[၂၃]

၁။ဇာတက နိဒါန ကထာ
၂။ပရမတ္ထ ဒီပနီ
၃။ဓမ္မပဒ
၄။ဝိသုဒ္ဓိမဂ်
၅။ဝိဘင်း
၆။ပဋိသမ္ဘိဒါမဂ္ဂ
၇။ပဋိသမ္ဘိဒါမဂ္ဂ
၈။ပဋိသမ္ဘိဒါမဂ္ဂ
၉။မေတ္တာသုတ်
၁၀။ပဋိသမ္ဘိဒါ မဂ္ဂ(မေတ္တာကထာ)
၁၁။ ။
၁၂။သံယုတ္တ နိကာယ်
၁၃။အင်္ဂုတ္တရ နိကာယ်
၁၄။သံယုတ္တနိကာယ်
၁၅။မဟာသီလ ဇာတက(၁၅)
၁၆။မဟာသီလဝ ဇာတက(၁၅)၊ ဝိသုဒ္ဓိမဂ်
၁၇။ဒန္တိဝါဒီ ဇာတက(၃၁၃)၊ ဝိသုဒ္ဓိမဂ်
၁၈။ဇာတက (၃၅၈)
၁၉။ဝိသုဒ္ဓိမဂ်
၂၀။ပရနတ္ထဒီပနီ
၂၁။ဇာတက(၅၄၀)၊သာမပဏ္ဍိတစရိယာ၊သုတ္တနိပါတ်၊ပရမတ္ထဒီပနီ
၂၂။ဇာတက(၃၀၃)၊ကေရာဇစရိယာ ၊ပရမတ္ထဒီပနီ
၂၃။ပဋိသမ္ဘိဒါမဂ်

# ဥပေက္ခာ ပါရမီ

ဥပေက္ခာပါရမီသည် ပါရမီ ၁၀ ပါးထဲတွင် ၁၀ ခုမြောက် သို့မဟုတ် နောက်ဆုံးပါရမီဖြစ်သည်။ ဘုရား အလောင်းသည် မေတ္တာပါရမီကို ဖြည့်ဆည်းပြီးသည့်နောက်၌ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ကြောင်း အကျင့်တရား များသည် ဤရွေ့ ဤမျှသာ မကသေးဘဲ အခြားတရားများလည်း ရှိလိမ့်ဦးမည်ဟူ၍ ဆင်ခြင်စဉ်းစားကြည့်သောအခါ ပါရမီ ၁၀ ပါးထဲက ၁၀ ခုမြောက် သို့မဟုတ် နောက်ဆုံးပါရမီဖြစ်သောဥပေက္ခာပါရမီကို တွေ့မြင်သိရှိသွားသည်။[၁]

ဥပေက္ခာပါရမီကို ကျင့်သုံးဆောက်တည်ရာ၌ ဘုရားအလောင်းသည် သုခနှင့်ဒုက္ခအကြားတွင် ရပ်တည်နေသည်။ မဟာပထဝီမြေကြီးသည် ကောင်းသောအရာဝတ္ထုဖြစ်စေ၊ မကောင်းသောအရာဝတ္ထုဖြစ်စေ၊ မည်သည့် အရာဝတ္ထုမျိုးကိုမဆို မိမိအပေါ် ပစ်ချသောအခါ သာသည်နာသည်ဟု သဘော မထားဘဲ ကြားနေရာ၌သာ နေသကဲ့သို့ ဘုရားအလောင်းသည်လည်း သုခနှင့် ပတ်သက်လာလျှင်လည်းကောင်း ဒုက္ခနှင့်ပတ်သက်လာလျှင် လည်းကောင်း အခါခပ်သိမ်းကြားနေအဖြစ်ဖြင့်သာနေသည်။ ဥပေက္ခာပါရမီကို ကျင့်သုံးလျက် ဥပေက္ခာ၏ အထွတ်အထိပ်အဆင့် ရောက်အောင်သွားပြီးလျှင် သမ္မာသမ္ဗုဒ္ဓအဆင့် ရောက်ရှိသွားခြင်းဖြစ်သည်။[၂]

ဥပေက္ခာ၏ အနက်အဓိပ္ပာယ်မှာ ကြားနေရာ၌ နေခြင်းဖြစ်သည်။[၃] ဇာတကနိဒါနကထာနှင့် ဝိသုဒ္ဓိမဂ်တို့၌လည်း ဥပေက္ခာ၏လက္ခဏာကို ကြားနေအဖြစ် ဖော်ပြထားကြသည်။ ဘုရားအလောင်းသည် ပူဇော်ဂုဏ်ပြုခြင်း၊ မထီလေးစားပြုခြင်းစသော လောကဓံတရားများ၏ အလယ်ဗဟို၌ မယိမ်းယိုင်ကျောက်စာတိုင်ကဲ့သို့ ရပ်တည်ပြီးလျှင်သမ္ဗောဓိဉာဏ် ရရှိရေးအတွက် ဥပေက္ခာပါရမီကို ကျင့်သုံးဆောက်တည်သည်။[၄]

ဥပေက္ခာပါရမီသည် ဗောဇ္ဈင် ၇–ပါးထဲတွင် ၇–ခုမြောက် သို့မဟုတ် နောက်ဆုံးဗောဇ္ဈင်အဖြစ်ဖြင့်လည်းကောင်း၊ ဗြဟ္မဝိဟာရတရားတွင် စတုတ္ထအဆင့်အဖြစ်ဖြင့်လည်းကောင်း ပါဝင်နေသည်။ ဥပေက္ခာတရားသည် မေတ္တာတရားကို တဖက် စောင်းနင်းဖြစ်မသွားအောင် ထိန်းပေးသော တရားဖြစ်သည်။

မေတ္တာတရားကို ဘောင်အပြင်ဘက် ရောက်ရှိသွားပြီး တပ်မက်စွဲလန်းမှု ရာဂဖြစ်မလာအောင် ဥပေက္ခာတရားက တားမြစ် ပိတ်ပင်ထားသည်။ ကမ္ဘာလောက၌ ရှိရှိသမျှသော သတ္တဝါ အားလုံးအပေါ်တွင် တူညီမျှတစွာ ချစ်ခင်ကြင်နာမှုဖြစ်ပေါ်လာခြင်းကို မေတ္တာတရားဟု ခေါ်ဆိုကြသည်။ သို့ရာတွင် ချစ်ခင်ကြင်နာမှုသည် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ပေါ်၌သာ စုပုံနေမည်ဆိုလျှင်ကား ချစ်ခင်ကြင်နာမှု သို့မဟုတ် မေတ္တာတရား၌ ရာဂ၊ ဒေါသ၊ မောဟများ ပါဝင်ပတ်သက်နေလိမ့်မည်။ ယင်းအခြေအနေ၌ မေတ္တာစစ်၊ မေတ္တာမှန် မဟုတ်တော့ဘဲ ရာဂ သို့မဟုတ် တပ်မက် စွဲလန်းမှု ရောစွက်နေသည့် ချစ်ခင်ကြင်နာမှုမျိုး ဖြစ်သွားပေလိမ့်မည်။

မေတ္တာနှင့်ယှဉ်သော စိတ်၌ အကယ်၍ ဥပေက္ခာတရား မရှိလျှင် အလှူဒါနစသော ကုသိုလ်ကောင်းမှု ပြုရာ၌လည်း စင်ကြယ်မှု ရှိလာ နိုင်လိမ့်မည် မဟုတ်။[၅] ဥပေက္ခာတရားဆိတ်သုဉ်းသော အလှူဒါနစသည့် ကုသိုလ်ကောင်းမှုများသည် သတ္တဝါများ၏ အကျိုးအတွက် ဖြစ်လာနိုင်ဖို့ မလွယ်ကူပေ။ လှူဖွယ်ဝတ္ထုများနှင့် ပတ်သက်ပြီး အလှူခံ ပုဂ္ဂိုလ်၏ အစိတ်အပိုင်းကို ထည့်တွက်ခြင်းမရှိသော အလှူဒါနမျိုးလည်း ဖြစ်လာဖို့ မလွယ်ကူပေ။ ဥပေက္ခာတရားကြောင့်သာလျှင် ဘုရားအလောင်း၏ သံယောဇဉ်ရှိမရှိဟူသော အသွင်သည် ရှင်းလင်း ပြတ်သားသွားပြီးလျှင် နိက္ခမ အဆင့်ရောက်ရှိသွားပြီး သမ္မာသမ္ဗုဒ္ဓအဖြစ် ရောက်ရှိရေးအတွက် ကျင့်စဉ်များကို ကျင့်သုံးလာနိုင်ခဲ့ခြင်း ဖြစ်သည်။[၆]

ဘုရားအလောင်းသည် နည်းမျိုးစုံဖြင့် ဥပေက္ခာပါရမီကို ကျင့်သုံးဆောက်တည်သည်။ ဥပေက္ခာပါရမီကို ကျင့်သုံးဆောက်တည်ရာ၌ ဘုရားအလောင်း၏ စိတ်နှလုံးသည် ကျောက်စာတိုင်ကဲ့သို့ ယိမ်းယိုင်ခြင်းမရှိပေ။ မေတ္တာဘာဝနာကဲ့သို့ပင် ဥပေက္ခာဘာဝနာ၌လည်း ချစ်သူမုန်းသူဟူသည် မည်သို့သော ခြားနားခြင်းမျိုးမှ မရှိပေ။ ယင်းသဘောတရားကို ဝိဘင်း၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်၌လည်းကောင်း ဖော်ပြထားသည်။ သံယုတ္တနိကာယ်၌လည်း "ဥပေက္ခာဘာဝနာ အစဉ်တစိုက် ပွားများအားထုတ်လျှင် စိတ်နှလုံးချမ်းမြေ့ရွှင်လန်းစွာ နေရ၏။ ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ဘာဝနာပွားများလျှင် ကျိုးကြောင်းဆင်ခြင်စဉ်းစားနိုင်သော ရာဂကင်းကွာ ချုပ်ငြိမ်း သော

အကျိုးထူးတရားများကို ရရှိနိုင်၏”ဟု မိန့်ဆိုထားသည်။ ယင်းသို့အားဖြင့် ဘုရားအလောင်းသည် ဥပေက္ခာပါရမီကို ကျင့်သုံး ဆောက်တည်လျက် မည်သူ့ကိုမျှ ချစ်ခင်ခြင်း၊ ရန်ပြုခြင်း၊ သံယောဇဉ်ရှိခြင်း၊ မုန်းတီးခြင်းများကို မပြုလုပ်ဘဲ ကမ္ဘာလောကရှိ သတ္တဝါအားလုံးအပေါ်တွင် ကြားကျကျ စိတ်မျိုးထားပြီးလျှင် ဥပေက္ခာပါရမီကို ဖြည့်ဆည်းသည်။

ပါရမီ ၁၀-ပါးကို ဖြည့်ဆည်းပြီးသည့်နောက် ဘုရားအလောင်းသည် ဤသို့ ဆင်ခြင်စဉ်းစားသည်။ ဤလောက၌ ဗောဓိသတ္တဘုရားအလောင်းများ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ် ရောက်ရေးအတွက် ကျင့်ကြံအားထုတ်သော တရားအကျင့်များသည် ဤမျှသာ ဖြစ်၏။ ပါရမီ ၁၀-ပါးသည် အခြားနေရာ၌မရှိဘဲ မိမိ၏စိတ်နှလုံးအတွင်း၌သာ ရှိသည်။ ယင်းသို့ ခိုင်မြဲစွာ သတ်မှတ်ဆုံးဖြတ်ပြီးလျှင် အကြိမ်ကြိမ် အဖန်ဖန် အနုလောမနည်းအားဖြင့် လည်းကောင်း၊ ပဋိလောမနည်းအားဖြင့်လည်းကောင်း ဆင်ခြင်စဉ်းစားသည်။ အစမှအဆုံးထိ လည်းကောင်း၊ အဆုံးမှအစထိ လည်းကောင်း သုံးသပ်သည်။[7] မိမိကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပေးလှူခြင်းသည် ဒသပါရမီ ပါရမီ ၁၀ ပါးဖြစ်သည်။ အပြင်အပ ဗဟိဒ္ဓအရာဝတ္ထုများကို ပေးကမ်းစွန့်ကြဲခြင်းသည် ဒသဉပပါရမီ၊ ပါရမီ ၁၀ ပါးဖြစ်သည်။ အသက်ကို စွန့်လွှတ်ခြင်းသည် ဒသပရမတ္ထပါရမီ ပါရမီ ၁၀ ပါးဖြစ်သည်။ ဘုရားအလောင်းအတွက် လောက၌ သမ္ဗောဓိဉာဏ် ရရှိရေးတွင် အကူအညီ အထောက်အပံ့ဖြစ်သော တရားများသည် ဤမျှသာဖြစ်သည်။ ယင်းထက်ပိုပြီး မရှိတော့ပေ။”

စရိယာပိဋကတ်နှင့် ပရမတ္ထဒီပနီ၌ ဥပေက္ခာပါရမီနှင့် ပတ်သက်ပြီး ‘စရိယာ’ တစ်ခုတည်းကို ဖွင့်ပြ ထားသည်။ ထိုနည်းအတိုင်းပင် ဇာတက၌လည်း ဥပေက္ခာပါရမီနှင့် ပတ်သက်၍ ဇာတ်လမ်းတစ်ခုကိုသာ ပြောပြထားသည်။ ယင်းဇာတ်လမ်းမှာ လောမဟံသဇာတ်[8]ဖြစ်သည်။ ‘လောမဟံသဇာတက’ နှင့် ‘မဟာလောမဟံသစရိယာ’ ၌ ခြားနားမှု မရှိလှသော်လည်း ဇာတ်လမ်း နှစ်မျိုးလုံးမှာ ဥပေက္ခာပါရမီ၌ အကျုံးဝင်သော ဇာတ်လမ်းများ ဖြစ်သည်။ ယင်းဇာတ်တော်များ၏ ခေါင်းစဉ်အမည်မှတပါး မည်သည့်နေရာ၌မှ ဘုရားအလောင်း၏အမည် ‘လောမဟံသ’ ကို မတွေ့ရပေ။ ဇာတက၌ ဘုရားအလောင်းသည် အဝတ်မပါသော ပရိဗိုဇ်အဖြစ်ဖြင့် ဂီရိကန္ဒရာတောနှင့် တောင်များ၌ လှည့်လည်သွားလာနေသည်။

လူကိုတွေ့လျှင်လည်း ထွက်ပြေးသွား သည်။ နွားချေးခြောက်သာ အစာအာဟာရဖြစ်နေသည်။ ယင်းသို့အားဖြင့် ဒုက္ကရစရိယာအကျင့်ကိုကျင့်ပြီး လှည့်လည်သွားလာနေသည်။

'မဟာလောမဟံသ စရိယာ'၌ ဘုရားအလောင်းသည် စည်းစိမ်ဥစ္စာဟူသမျှကို စွန့်ပစ်ပြီးလျှင် လူ့ဘောင်က ခွာရှောင်လျက် လာဘ်သပ္ပကာဟူသမျှကို တွယ်တာတပ်မက်ခြင်း အလျဉ်းမရှိဘဲ ဥပေက္ခာပါရမီကို ကျင့်သုံးမည် ဟူသော အဓိဋ္ဌာန်ဖြင့် အဝတ်မပါ ဗလာကိုယ်တည်း အိမ်ကထွက်သွားပြီးနောက် ရွာပေါင်းများစွာ၊ မြို့ပေါင်းများစွာတို့၌ တစ်ညဥ့်သာနေပြီး လှည့်လည်သွားလာ နေ သည်။ တစ်ကြိမ်၌ ရွာတစ်ရွာသို့ သွားပြီးလျှင် သင်္ချိုင်း၌ လူရိုးများကို ခေါင်းအုံးလုပ်ပြီး အိပ်သည်။ ထိုရွာက ဆိုးသွမ်းကလေးသူငယ်တစ်ယောက်က ဘုရားအလောင်းကို နည်းမျိုးစုံဖြင့် ဒုက္ခပေးသည်။ ဘုရားအလောင်းသည် ဥပေက္ခာဘာဝနာဖြင့် သည်းခံနေသည်။ ထိုရွာ၌ရှိသော သိတတ်သူများက ဘုရားအလောင်းကို သူတော်စင်တစ်ပါးအဖြစ် အောက်မေ့လျက် နည်းမျိုးစုံဖြင့် ဂုဏ်ပြုကြသည်။ ဘုရားအလောင်း သည် ယင်းတို့၏ အပေါ်၌ ဥပေက္ခာသဘောထားဖြင့်သာ ဆက်ဆံသည်။ ယင်းသို့အားဖြင့် သတ္တဝါအားလုံးနှင့် ပတ်သက်ပြီး ကြားနေအဖြစ် နေလျက် ဘုရားအလောင်းသည် ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူသည်။[၁၀]

ဇာတ်တော်ပေါင်းများစွာထဲတွင် စူဠဗောဓိဇာတ်တော်လည်း ဥပေက္ခာပါရမီ၌ အကျုံးဝင်သော ဇာတ်တော် ဖြစ်သည်။ ဘုရားအလောင်း၏ ဇနီးမယားကို ဘုရင်က သိမ်းပိုက်ယူငင်သွားသည်။ သို့သော်လည်း ဘုရားအလောင်း သည် ဘုရင်အပေါ်တွင် ဥပေက္ခာသဘောကိုသာထားသည်။ ဘုရင်က နည်းမျိုးစုံနှင့် သွေးဆောင်ဖျားယောင်း သော်လည်း ဘုရားအလောင်း၏ဇနီးကို သူ့အလိုသို့ပါအောင် မပြုလုပ်နိုင်ပေ။ နောက်ဆုံး၌ ဘုရားအလောင်း၏ဇနီးကို ဘုရားအလောင်းထံ ပြန်ပို့ပြီးလျှင် သူ့ကို ခွင့်လွှတ်ရန်တောင်းပန်သည်။ ယင်းဇာတ်တော်အကြောင်း ခန္တီပါရမီ နှင့်ပတ်သက်၍လည်း ဆိုခဲ့ပြီးပြီ။

၁။ နိဒါနကထာဇာတက
၂။ နိဒါနကထာဇာတက
၃။ ပါဠိ ဟိန္ဒီ အဘိဓာန်
၄။ ပရမတ္ထဒီပနီ
၅။ ပရမတ္ထဒီပနီ
၆။ပရမတ္ထဒီပနီ
၇။ဇာတက နိဒါနကထာ
၈။ဇာတက နိဒါနကထာ
၉။ ဇာတက(၉၄)
၁၀။ ပရမတ္ထဒီပနီ

ပါရမီဆယ်ပါးကို ဖြည့်ဆည်းပြီးသည့်နောက် ဘုရားအလောင်းသည်
ဤသို့ ဆင်ခြင်စဉ်းစားသည်။ ဤလောက၌ ဗောဓိသတ္တဘုရားအလောင်းများ
သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်ရေးအတွက် ကျင့်ကြံအားထုတ်သော
တရားအကျင့်များသည် ဤမျှသာဖြစ်၏။ ပါရမီဆယ်ပါးသည် အခြားနေရာ၌
မရှိဘဲ၊ မိမိ၏စိတ်နှလုံးအတွင်း၌သာရှိသည်။

